The Mirror Daily

Established in 1957

၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်၊ စနေနေ့။ Saturday, 6 January 2018 ၉၁၆၁


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# နိုင်ငံရဲ့ အနာဂတ်အတွက် လူငယ်များဟာ ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်မယ်လို့ မျှော်လင့်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနား တက်ရောက်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၅

**အနာဂတ်တွင် တိုင်းပြည်၏ အခန်းကဏ္ဍအားလုံး၌ လူငယ်များ၏ ဦးဆောင်မှုစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော အရည်အသွေးပြည့်မီသည့် ပညာသင်ယူရေးအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဒီနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို နှုတ်ခွန်းဆက်ပါတယ်၊ အထူးသဖြင့် ဒီအခမ်းအနားနဲ့ သက်ဆိုင်တဲ့ လူငယ်တွေကိုလည်း နှုတ်ခွန်းဆက်ပါတယ်၊ ကျွန်မတို့ဟာ လူငယ်တွေရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးအလေးထားပြီး လုပ်ရတယ်ဆိုတာဟာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်တည်ဆောက်ခြင်းပဲ ဖြစ်ပါတယ်၊ လူငယ်တွေဆိုတာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ပါ၊ ဒါပေမယ့် ကျွန်မ လူငယ်တွေကို အမြဲတမ်းသတိပေးရတယ်၊ လူငယ်တွေဆိုတာ ထာဝရ ငယ်နေတာမဟုတ်ဘူး၊ တစ်ချိန်တစ်ခါမှာ ကြီးသွားမှာပဲ၊ တစ်နည်းအားဖြင့် ပြောရရင် ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်၊ ဒါဟာ Process တစ်ခုပါ။

လူငယ်တွေက လူငယ်ဖြစ်တဲ့အချိန်မှာ လူငယ်တွေရဲ့ တာဝန်တွေကို ထမ်းဆောင်သွားပြီး နောက်ပိုင်းကျရင် လူကြီးတွေရဲ့ တာဝန်တွေကို ဆက်ပြီး ထမ်းဆောင်သွားရမှာဖြစ်ပါတယ်၊ လူကြီး၊ လူငယ်ဆိုတာဟာ ရိုးရိုးရှင်းရှင်းနဲ့ သတ်မှတ်လိုက်ရင်တော့ အသက်ကိုကြည့်ပြီးတော့ သတ်မှတ်ပါတယ်၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်၏ အထူးရန်ပုံငွေ လွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး**

စာမျက်နှာ - ၃

**လူငယ်မျိုးဆက်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာမူဝါဒ ပြဋ္ဌာန်းနိုင်ခဲ့**

စာမျက်နှာ - ၄

**၂၀၁၇ ခုနှစ်အတွင်း မောင်တောမြို့နယ်တွင် စိတ်ကြွဆေးပြား ၁၁၁ သိန်းကျော် သိမ်းဆည်းနိုင်ခဲ့**

စာမျက်နှာ - ၁၁

**တောင်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးရန် မြောက်ကိုရီးယား သဘောတူညီ**

စာမျက်နှာ - ၁၃




ကြေးမုံ

# သင်္ဂဟတရားချီးမြှောက်ခြင်းအား လှိုက်လှဲကြိုဆို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် သမိုင်းဝင်ပြီး မမေ့အပ်သည့် နေ့ထူးနေ့မြတ်တစ်နေ့မှာ လွတ်လပ်ရေးနေ့ဖြစ်သည်။ ထိုနေ့တွင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသူများ၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍမှ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ မိမိအကျိုးကို မငဲ့ကွက်ဘဲ နိုင်ငံတော်အကျိုးအတွက် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်းသည် ထူးခြားလေးနက်သည့် အသွင်ဆောင်ပါသည်။

ထိုသို့ချီးမြှောက်ခြင်းသည် သင်္ဂဟတရားနှင့် ညီပါပေသည်။ သူတစ်ပါးအား ချီးမြှောက်ခြင်းအား သင်္ဂဟဟုခေါ်ဆိုပြီး ဤသင်္ဂဟတရားထွန်းကားမှသာ ဤလောကကြီးလည်း ငြိမ်းချမ်းသာယာပါသည်။ အခြေအနေအားလျော်စွာ သင်္ဂဟတရားတို့ကို ကျင့်သုံးသော အကြင်ပုဂ္ဂိုလ်တို့သည် ကြီးပွားချမ်းသာကြသည်။ တစ်ဦးအပေါ်တစ်ဦး ဆက်ဆံကြရာတွင် ဤသင်္ဂဟတရားများသည် အလွန်အရေးကြီးသော ကောင်းမြတ်သည့် တရားများဖြစ်ပါသည်။

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ချီးမြှင့်ထောက်ပံ့ခြင်းများအား ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ပေးအပ်ချီးမြှင့်လေ့ရှိသည့် အစဉ်အလာရှိသည်။ ပြည်ထောင်စုသားအားလုံးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အတွက် ကိုယ်ကျိုးမဖက် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသော၊ စွန့်လွှတ်အနစ်နာခံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုပေးအပ်ချီးမြှင့်ခြင်းသည် ကောင်းမြတ်သော ထောက်ပံ့မှုဖြစ်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ခြင်းများအား ဤကဲ့သို့သော လွတ်လပ်ရေးနေ့သို့ရောက်တိုင်း နိုင်ငံတော်က ချီးမြှင့်လေ့ရှိသည်။ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်အပေါင်းအား နိုင်ငံတော်အကျိုးအတွက် ဖြတ်သန်းခဲ့ကြသော၊ ခက်ခဲကြမ်းတမ်းသည့် ဘဝများကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့သော ၎င်းတို့၏ စွမ်းဆောင်ရည်များကို ဂုဏ်ယူဖွယ်မှတ်ကျောက်တင် အသိအမှတ်ပြုခြင်းဖြစ်သည်။ ယခုနှစ်တွင် ဂုဏ်ပြုထိုက်သူများအား ချီးမြှင့်ခြင်းနှင့်အတူ နိုင်ငံ့လွတ်လပ်ရေးအတွက် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသူများအား အရပ်သားအစိုးရက ပထမဆုံးအကြိမ်အဖြစ် ချီးမြှင့်ပေးခဲ့သည်ကို ထူးခြားစွာတွေ့မြင်ရသည်။

အရပ်သားအစိုးရအနေဖြင့် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုချီးမြှင့်ရာ၌ မကျန်ရှိအပ်သောပုဂ္ဂိုလ်များ မကျန်ရှိစေလိုသော သဘောဖြင့်လည်းကောင်း၊ နိုင်ငံ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များအား ချီးမြှင့်ပေးလိုသော သဘောဖြင့်လည်းကောင်း ဤလွတ်လပ်ရေးနေ့တွင် မော်ကွန်းဝင်ပုဂ္ဂိုလ်များအား ချီးမြှင့်ဂုဏ်ပြုခြင်းအား ဝမ်းမြောက်ဝမ်းသာကြိုဆိုပါသည်။

မြန်မာနိုင်ငံတွင် မြန်မာ့လွတ်လပ်ရေးအတွက် ခေတ်အလိုက် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ၁၉၈၀ ပြည့်လွန်ကာလများကတည်းက နှစ်စဉ် လွတ်လပ်ရေးနေ့သို့ရောက်တိုင်း ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ခဲ့ကြပါသည်။ ယင်းသည် ကောင်းသောအစဉ်အလာဖြစ်သော်လည်း ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလများတွင် တိမ်မြုပ်သွားခဲ့ပါသည်။ ယခုဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ အရပ်သားအစိုးရလက်ထက်တွင် အဆိုပါ ချီးမြှင့်ထိုက်သော ပုဂ္ဂိုလ်များအား ပြန်လည်ချီးမြှင့်ပေးခြင်းသည် လွတ်လပ်ရေးအတွက် ပေးအပ်ထောက်ပံ့မှုများဖြစ်၍ သာဓုခေါ်ဆိုထိုက်ပါသည်။

လက်ရှိတွင် အသက် ၉၀ ကျော်အရွယ်ရှိနေပြီဖြစ်သော သက်ရှိထင်ရှား လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်ကြီးများမှာ မြန်မာတစ်နိုင်ငံလုံးတွင် စုစုပေါင်း ၃၀ ဦးသာ ရှိပါတော့သည်။ မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် အသက်ကိုပဓာနမထားဘဲ ကျရာကဏ္ဍမှ သက်စွန့်ဆံဖျား တိုက်ပွဲဝင်ခဲ့ကြသည့် အဆိုပါပုဂ္ဂိုလ် အနည်းငယ်မှာ ဂုဏ်ပြုချီးမြှင့်ထိုက်သော ပုဂ္ဂိုလ်များဖြစ်ပေသည်။

သို့ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျန်ရှိနေသေးသော လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ခေတ်အလိုက်ချီးမြှင့်ငွေတို့နှင့် ယာဉ်၊ ဆေးရုံ၊ ရေ၊ မီး အခမဲ့အသုံးပြုခွင့်တို့ကို သင်္ဂဟတရားနှင့်အညီ ပေးအပ်ချီးမြှင့်ခဲ့ခြင်းအား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ကြိုဆိုပါကြောင်း။ ။

မြို့ကြီးပြနယ်ဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ည အပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

# မန္တလေးမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ဗုဒ္ဓဘာသာဆိုင်ရာ ဘွဲ့များ ပေးအပ်နိုင်ရန် ဘွဲ့နှင်းသဘင်ကျောင်းဆောင် ဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ဗုဒ္ဓဘာသာဆိုင်ရာ ဘွဲ့များပေးအပ်နိုင်ရန် ရန်ကုန်မြို့ တော်ဝင်မိသားစုကုမ္ပဏီမှ သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာ သန္တိမဟာ အမည်ရှိ ဘွဲ့နှင်းသဘင်ကျောင်းဆောင်တော်ကြီးကို ဆောက်လုပ်ခဲ့ပြီး ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မန္တလေးတောင်ခြေ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ကျောင်းတော်ဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

သီတဂူ ဆရာတော်ကြီးသည် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် လေးခုကို စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်နှင့် တောင်ငူတို့တွင် ထူထောင်ခဲ့သည်။ အဆိုပါတက္ကသိုလ်များတွင် ဗုဒ္ဓဘာသာဆိုင်ရာ B.A၊ M.A၊ Ph.D ဘွဲ့များအပြင် ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး အောင်မြင်ပြီး သံဃာတော်များကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဘွဲ့များ အသီးသီးပေးအပ်ချီးမြှင့်လျက်ရှိသည်။

"အရင်တုန်းကတော့ ဦးဇင်းတို့တွေ ဆရာတော်ကြီး စတည်ထောင်ခဲ့တဲ့ စစ်ကိုင်းတက္ကသိုလ်မှာပဲ ဘွဲ့တွေ ပေးလေ့ပေးထရှိတယ်၊ အခု ဒါတွေလုပ်ရခြင်း ရည်ရွယ်ချက်ကလည်း ကိုယ့်တက္ကသိုလ်နဲ့ကိုယ် နောက်နောင်မှာ ဘွဲ့တွေပေးအပ်နိုင်ဖို့ ရည်ရွယ်တာဖြစ်တယ်၊ ရည်ရွယ်ချက်ရှိသော်လည်းပဲ ဆရာတော်ကြီး ထူထောင်ထားတဲ့ ကျောင်းက အခု လောလောဆယ်မှာ လေးကျောင်းရှိပြီဆိုတော့ ကျောင်းတွေမှာလည်း ညီညွတ်မှုရှိအောင် ဦးဇင်းတို့အတန်းကြီးတွေကို M.A လို Ph.D လို ဘွဲ့တွေပေးနိုင်တဲ့အခါကျရင် ကျောင်းလေးကျောင်းမှာ တစ်နှစ်စီ တစ်နှစ်စီလှည့်ပြီး ပေးနိုင်အောင်လို့ ဖြစ်တယ်"ဟု ဦးဝေဠုရိယညာဏ (ကျောင်းအုပ်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)က မိန့်တော်မူသည်။

ဘွဲ့နှင်းသဘင် ကျောင်းဆောင်ကြီးသည် မြေကွက်အကျယ် ၁ ဧကတွင် အဆောက်အအုံ ပတ်လည် ပေ ၁၀၀ ကျော် ကျယ်ဝန်းသည့် နှစ်ထပ် RC အဆောက်အအုံဖြစ်သည်။ အဆောက်အအုံ အတွင်း မြေညီထပ်တွင် ဦးရေ ၂၄၀ ဆံ့ ဘွဲ့နှင်းသဘင်ဆောင်တစ်ဆောင်၊ ဦးရေ ၅၆ ဦးဆံ့ စာသင်ခန်း လေးခန်း၊ ရုံးခန်း လေးခန်းနှင့် အဆောက်အအုံ ပထမထပ်တွင် ဓမ္မသဘင်ခန်းမတစ်ဆောင်နှင့် ရုံးခန်းလေးခန်းတို့ ပါဝင်သည်။ အဆိုပါ ဘွဲ့နှင်းသဘင်ကျောင်းဆောင်ကြီးကို ကျောင်းသုံးပရိဘောဂများ အပါအဝင် သိန်းပေါင်းတစ်သောင်းကျော် အကုန်အကျခံကာ တည်ဆောက်ထားခြင်းလည်းဖြစ်သည်။

"ဒီကျောင်းတော်ကြီး ပြီးမြောက်သွားတဲ့အခါမှာ ဆရာတော်ကြီးရဲ့ ကမ္ဘာအနှံ့၊ နိုင်ငံအနှံ့ သာသနာတော် ထွန်းကားပြန့်ပွားဖို့နဲ့ သာသနာတော် ရေရှည်တည်တံ့ ခိုင်မြဲဖို့အတွက် ကြိုးစားဆောင်ရွက်မှုရဲ့ အထောက်အပံ့ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်" ဟု ကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းသူ ဦးကိုကိုထွေး(လူမှုထူးချွန်ပထမဆင့်)ဥက္ကဋ္ဌ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်က ပြောသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် လေးခုတွင် တက္ကသိုလ်တစ်ခုလျှင် ဝင်ခွင့်ဖြေဆိုပြီး စာသင်ကြားခွင့်ရသူ သံဃာတော်အပါး ၂၅၀ ကျော်ရှိပြီး နှစ်စဉ် စာသင်သားသံဃာတော် တစ်ထောင်ကျော်ကို မွေးထုတ်ပေးလျက်ရှိသည်။ သံဃာတော်များသည် စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးပါက သက်ဆိုင်ရာ တက္ကသိုလ်များတွင် ဘွဲ့များ ရယူနိုင်တော့မည်ဖြစ်သည်။

**သတင်း ခင်ဇာလီ၊ ဓာတ်ပုံ မီချိုကိုဟန်**



သီတဂူဆရာတော်ကြီးမှ ဘွဲ့နှင်းသဘင်ကျောင်းဆောင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်(ရွှေဈေး) ၉၃၆၅၀၀ - ၉၃၆၅၀၀ မန္တလေး(ရွှေဈေး) ၉၃၆၅၀၀ - ၉၃၆၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၀၀ ကျပ်၊ | ၈၄၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၄၅ ကျပ်၊ | ၉၂၀/၉၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၇၀/၈၇၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၅/၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၈၅/၈၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၉. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၉. ၁၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၁၇၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၈. ၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၄၂၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၄. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၇၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၇. ၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၂. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn၊ ကနေဒါနိုင်ငံ တိုရွန်တိုမြို့ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Bryon Wilfert၊ တူရကီ သမ္မတနိုင်ငံ အင်ကာရာမြို့ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Ercan Aygun၊ ဘရာဇီး ပြည်ထောင်စုသမ္မတနိုင်ငံ ဆော်ပိုလိုမြို့ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Ricardo Cateb Cury၊ အီတလီသမ္မတနိုင်ငံ ဖလောရင့်မြို့ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Filippo Bertani နှင့် ဂျပန်နိုင်ငံ နာဂိုယာမြို့ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr.Toshio Nishimura တို့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ဥပဒေရေးရာကိစ္စရပ်များ၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး H.E. Mr. Andrew Patrick **(အပေါ်ပုံ)** နှင့် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Jong Ho Bom တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) နှင့် (I-11) တို့၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အမေရိကန်သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပညာပေးခြင်း ကာကွယ်တားဆီးခြင်းကို ကိုယ်ကျင့်သိက္ခာ မြှင့်တင်ခြင်းဆိုင်ရာများ နည်းပညာအကူအညီများ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၁၈ ခုနှစ် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်၏ အထူးရန်ပုံငွေ လွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်၏ အထူးရန်ပုံငွေဖြင့် မြန်မာနိုင်ငံမှ အကောင်အထည်ဖော်မည့် စီမံကိန်း ၁၀ ခုအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာကို စီမံကိန်းအဆိုပြုသည့် ဝန်ကြီးဌာနများကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang တို့က လက်မှတ်ရေးထိုးကြပြီး အခမ်းအနားသို့ စီမံကိန်း အကောင်အထည်ဖော်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။



၂၀၁၆ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တရုတ်နိုင်ငံက မဲခေါင်-လန်ချန်း အထူးရန်ပုံငွေအဖြစ် ဒေါ်လာသန်း ၃၀၀ မတည်ခဲ့ခြင်းဖြစ်သည်။ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုတွင် မြန်မာနိုင်ငံမှ စီမံကိန်း ၁၀ ခု၊ တရုတ်နိုင်ငံမှ ၈၃ ခု၊ ကမ္ဘောဒီးယားနိုင်ငံမှ ၁၆ ခု၊ လာအိုနိုင်ငံမှ ၁၃ ခု၊ ထိုင်းနိုင်ငံမှ ၄ခုနှင့် ဗီယက်နမ်နိုင်ငံမှ ၄ခုတို့ ပါဝင်သည်။ မြန်မာနိုင်ငံမှ စီမံကိန်းများတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တစ်ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၄ခု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ခုနှင့် ပညာရေးဝန်ကြီးဌာနမှ တစ်ခုတို့ ပါဝင်ပြီး စီမံကိန်း ၁၀ ခု အကောင်အထည်ဖော်ရန်အတွက် စုစုပေါင်း လက်ခံရရှိမည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းခန့်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်သည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ တရုတ်ဝန်ကြီးချုပ် မစ္စတာ လီခချန်းက ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ စသည့် မဲခေါင် ခြောက်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ယန္တရားသစ်တစ်ရပ်ကို စတင်ထူထောင်ရန် အဆိုပြုချက်အရ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်မျိုးဆက်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာမူဝါဒ ပြဋ္ဌာန်းနိုင်ခဲ့

**မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒမိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။ လူငယ်ရေးရာမူဝါဒရေးဆွဲ ပြဋ္ဌာန်းနိုင်ခြင်းသည် လူငယ်မျိုးဆက်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုချမှတ်နိုင်ခဲ့ခြင်းဖြစ်ပြီး မူဝါဒရေးဆွဲရာတွင် လူငယ်များကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ မိတ်ဆက်ဖြန့်ချိသည့် လူငယ်ရေးရာမူဝါဒနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လူငယ်များ၏ စကားသံများကို ဖော်ပြအပ်ပါသည်။**



ဒေါက်တာစန်းစန်းအေး



ဦးအောင်ကျော်မိုး



နန်းထက်ထက်လင်းစိုး



ဒေါက်တာနေဝင်း

**ဒေါက်တာစန်းစန်းအေး**
**ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန**

လူငယ်မူဝါဒနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူငယ်မူဝါဒတွေ ရေးဆွဲထားတာရှိပါတယ်။ အဲဒီအထဲမှာ နိုင်ငံပေါင်း ၈၀ လောက်ပဲ မရေးဆွဲရသေးတာဖြစ်ပါတယ်။ အဲဒီ ၈၀ ထဲမှာ ကျွန်မတို့ မြန်မာနိုင်ငံကလည်း တစ်နိုင်ငံ အပါအဝင်ဖြစ်ပါတယ်။ လူငယ်မူဝါဒဆိုတာ နိုင်ငံရဲ့အနာဂတ်မျိုးဆက်သစ်တွေကို စနစ်တကျနဲ့မွေးထုတ်ဖို့ လူငယ်မူဝါဒရှိဖို့ လိုအပ်ပါတယ်။ အဲဒီအတွက်က ကျွန်မတို့တွေ လူငယ်မူဝါဒကို ရေးဆွဲကြတာ ဖြစ်ပါတယ်။ ဒီလိုရေးဆွဲတဲ့အခါမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက Focal လုပ်ပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရော၊ ပညာရေးဝန်ကြီးဌာနရော အပါအဝင် ကျန်တဲ့ဝန်ကြီးဌာနပေါင်းစုံက ပညာရှင်တွေ စုပေါင်းပြီးရေးဆွဲပါတယ်။

အရေးအကြီးဆုံး ရေးဆွဲတဲ့ပုဂ္ဂိုလ်တွေကတော့ လူငယ်တွေပါပဲ။ လူငယ်တွေဆိုတာ လက်လှမ်းမီတဲ့ လူငယ်တွေတင်မကပါဘူး။ ပြည်နယ်နဲ့တိုင်းဒေသကြီးက လူငယ်ကိုယ်စားလှယ်တွေ အကုန်ပါပြီးတော့ ဒီနေ့ပွဲမှာလည်း တက်ရောက်ပါတယ်။ ဒီလိုမျိုးလူငယ်မူဝါဒ နိုင်ငံအတွက် ပေါ်ထွန်းလာတဲ့အတွက် ကျွန်မတို့ ဝန်ကြီးဌာနရော ပူးပေါင်းဆောင်ရွက်တဲ့ ဝန်ကြီးဌာနတွေအတွက်ရော အင်မတန်ကို ပီတိဖြစ်ရပါတယ်။ ဒါဟာ အနာဂတ်မျိုးဆက်သစ်တွေအတွက် စနစ်တကျနဲ့ လေ့ကျင့်ပေးမယ့် အစီအစဉ်လည်း ဖြစ်ပါတယ်။

အစိုးရသစ်စတက်တက်ချင်း ရက် ၁၀၀ စီမံချက်ထဲမှာကို လူငယ်မူဝါဒ ပါပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းကစပြီး ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ရေးဆွဲတဲ့အခါမှာလည်း အားလုံးပါဝင်နိုင်ရေးကို ဦးစားပေးတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူငယ်တွေပါဝင်ရေးအထိ ကျွန်မတို့ စောင့်တယ်။ စောင့်တဲ့အတွက်ကြောင့် ၂၀၁၆ ခုနှစ်ကစပြီး အစည်းအဝေးပေါင်း မြောက်မြားစွာနဲ့ ကျွန်မတို့ ရေးဆွဲကြတယ်။ ဒီလိုရေးဆွဲတဲ့အတွက်ကြောင့် အားလုံးရဲ့ပါဝင်မှုအားနဲ့ ကောင်းသွားတယ်။ ၂၀၁၆ ခုနှစ်ကနေစပြီး ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကနေ အတည်ပြုပေးလိုက်ပါတယ်။

လူငယ်မူဝါဒ Guiding Principle တစ်ခုရလာပြီ။ ရလာပြီဆိုရင် ဒီအပေါ်မှာ မူတည်ပြီး ဘာတွေဆက်လုပ်ကြမလဲဆိုတာကို လူငယ်ရေးရာကော်မတီတွေ၊ ဗဟိုအဆင့်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေ ဖွဲ့စည်းမယ်။ ဖွဲ့စည်းပြီးတော့ လူငယ်ရေးရာကော်မတီထဲကနေ ဦးဆောင်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ လူငယ်တွေရဲ့ စကားသံတွေကို ထင်ဟပ်ပြီးတော့ လူငယ်နဲ့ပတ်သက်တဲ့ ရှေ့လုပ်ငန်းစဉ်တွေကို မဟာဗျူဟာစီမံချက်လုပ်ငန်းစဉ်တွေအနေနဲ့ ချမှတ်ရမှာဖြစ်ပါတယ်။ လုပ်ငန်းစီမံချက်တွေကို ဗဟိုမှာစုစည်းပြီးရင် အားလုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဆောင်ရွက်မယ့် အစီအစဉ်တွေ ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒါက တကယ့်ကို လူငယ်ဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့ ကဏ္ဍအနေနဲ့ရှိနေမှာဖြစ်ပါတယ်။ လူငယ်မူဝါဒက နိုင်ငံတိုင်း နိုင်ငံတိုင်းအတွက် မရှိမဖြစ် မူဝါဒတစ်ခုဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ပေးတဲ့ မူဝါဒဖြစ်တဲ့အတွက်ကြောင့် ရှိသင့်တဲ့ မူဝါဒဖြစ်ပါတယ်။

**ဦးအောင်ကျော်မိုး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန**

ကျွန်တော်တို့ ဒီနေ့ဆိုရင် လူငယ်ရေးရာမူဝါဒမိတ်ဆက်ဖြန့်ချိတဲ့ အခမ်းအနားပြီးဆုံးသွားပြီဖြစ်ပါတယ်။ ပြီးဆုံးပြီးတော့ ကော်မတီ သုံးရပ်မှာ ပါဝင်တဲ့ လူငယ်တွေနဲ့ ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ၊ အထူးသဖြင့် လူငယ်ရေးရာနဲ့ဆိုင်တဲ့ မဟာဗျူဟာစီမံချက်တွေကို ရေးဆွဲနိုင်ဖို့ ညှိနှိုင်းအစည်းအဝေးတွေ ကျွန်တော်တို့ ဆက်လက်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ လူငယ်ရေးရာမူဝါဒထဲမှာလည်းပါပြီးဖြစ်တဲ့ ၆ လ အတွင်းမှာ လူငယ်ရေးရာမူဝါဒနဲ့ သက်ဆိုင်တဲ့ မဟာဗျူဟာစီမံချက်ကို အပြီးရေးဆွဲဖို့ မူဝါဒထဲမှာ ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် လူငယ်ရေးရာမူဝါဒတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မိတ်ဆက်ဖြန့်ချိတဲ့အခမ်းအနားတွေ ကျင်းပမယ်။ ပြီးရင် မဟာဗျူဟာထဲမှာ ထည့်သွင်းမယ့်အချက်တွေကို အစည်းအဝေးတွေကျင်းပပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လက်ရှိမှာလည်း လူငယ်တွေနဲ့ ပတ်သက်တဲ့လုပ်ငန်းစဉ်တွေကို ကိုယ့်ဝန်ကြီးဌာနအလိုက် လုပ်နေတာတွေရှိပါတယ်။ ကျွန်တော်တို့ရဲ့ လူငယ်မူဝါဒထဲမှာပဲ တချို့လုပ်ငန်းစဉ်တွေက လက်ရှိလုပ်ဆောင်နေဆဲတွေ ရှိပါတယ်။ ဒါပေမယ့် တချို့လုပ်ငန်းစဉ်တွေကျတော့ ထပ်ပြီးတော့ ဖြည့်စွက်ဖို့ကျန်တဲ့ လုပ်ငန်းစဉ်လေးတွေရှိပါတယ်။ ဒါမျိုးကျတော့ ဆက်စပ်တဲ့ အခုလိုဝန်ကြီးဌာန တွေနဲ့ မဟာဗျူဟာရေးဆွဲရင် အစိုးရဌာနတွေလည်း ပါဦးမှာဖြစ်ပါတယ်။ ပါပြီးမှ လူငယ်တွေဖြစ်ချင်တဲ့ မူဝါဒလည်းပါတဲ့ လုပ်ငန်းစဉ်တွေရယ်၊ ဝန်ကြီးဌာနတွေရယ် ပြန်ပြီးညှိနှိုင်းပြီးတော့မှ စီမံကိန်းတွေ၊ စီမံချက်တွေချပြီးတော့ ရေတို၊ ရေရှည် ဆောင်ရွက်သွားဖို့ရှိပါတယ်။

**နန်းထက်ထက်လင်းစိုး**
**ဗဟိုကော်မတီဝင်**

လူငယ်မူဝါဒကို စပြီးအခြေတည်ပြီးရေးဆွဲဖို့ ပထမဦးဆုံးစဉ်းစားခဲ့တာက လူငယ်တွေရဲ့ အသံတွေကိုပါဝင်ဖို့ အဓိကစဉ်းစားတဲ့အရာတစ်ခုဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူငယ်တွေရဲ့ အသံတွေကို ကောက်ယူခဲ့ကြတယ်။ တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်ဆိုရင် သုတေသနအဆင့်တွေတောင်လုပ်ပြီး ကောက်ယူခဲ့ကြတယ်။ တချို့ကျတော့ စစ်တမ်းမေးခွန်းတွေကောက်ယူတယ်။ တချို့ကျတော့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ တွေ့ဆုံပွဲတွေကနေတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခဲ့တယ်။ လူငယ်ထုကြီးကလည်း ကြီးမားတဲ့အင်အားဖြစ်တယ်ဆိုတော့ ကျွန်မတို့ လုပ်ဆောင်နိုင်ခဲ့တဲ့ အတိုင်းအတာနဲ့ လူငယ်တွေအားလုံးပါဝင်မယ့် သူတို့ရဲ့ အသံတွေကို အဓိကအခြေပြုရေးဆွဲခဲ့တာဖြစ်ပါတယ်။

ကျွန်မတို့ လူငယ်မူဝါဒကိုကြည့်မယ်ဆိုရင် လူငယ်တွေရဲ့ သက်ဆိုင်တဲ့ကဏ္ဍတွေမှာ ကဏ္ဍတော်တော်များများက အလုံးစုံခြုံငုံပြီး ပါဝင်နေတာလည်း တွေ့ရပါတယ်။ ဒါကလည်း လူငယ်ရေးရာမူဝါဒရဲ့ အားသာချက်ဖြစ်ပါတယ်။ လက်ရှိကတော့ လူငယ်မူဝါဒက ဒီကနေ့ဆိုရင် မိတ်ဆက်ဖြန့်ချိတဲ့ အခမ်းအနားတစ်ခုဖြစ်ပါတယ်။ ဒီကနေ အကောင်အထည်ဖော်နိုင်ဖို့အတွက် မဟာဗျူဟာရေးဆွဲရေး စီမံကိန်းတွေကို ပြန်ပြီးတော့ ရေးဆွဲဖို့ရှိပါတယ်။ လူငယ်ရေးရာမူဝါဒဆိုတာက လူငယ်တွေအတွက် ဦးတည်ပြီး ရေးဆွဲထားတဲ့မူဝါဒဖြစ်ပါတယ်။ လူငယ်တွေကလည်း ဒီမူဝါဒကို အခြေပြုပြီးတော့ ဒီမူဝါဒထဲမှာပါတဲ့ အခွင့်အရေးတွေ၊ ရယူနိုင်မယ့် ဝန်ဆောင်မှုတွေကိုလည်း လူငယ်မူဝါဒကို အသုံးပြုပြီး လက်လှမ်းမီအရယူနိုင်ဖို့ ပြောချင်ပါတယ်။

ကျွန်မတို့က လူငယ်တွေဖြစ်တယ်ဆိုတော့ တချို့အစိတ်အပိုင်းတွေမှာ ဝန်ဆောင်မှုတွေကို ရယူရမယ့် အနေအထားတွေရှိသလို တချို့အစိတ်အပိုင်းတွေမှာက ကိုယ့်ကိုယ်ကိုယ်ကြိုးစားရမယ့် အနေအထားတွေရှိတယ်ဆိုတာ နားလည်ထားပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ဒီနေ့ဆိုရင် လူငယ်ရေးရာမူဝါဒ ထွက်လာပြီ။ အဲဒီ လူငယ်မူဝါဒကို အသုံးပြုကြပါ။ လက်တွေ့ဘဝမှာ အကောင်အထည်ဖော်ကြပါ။ ဝန်ကြီးဌာနတွေအနေနဲ့လည်း လူငယ်တွေကို တကယ်ပြုစုပျိုးထောင်နိုင်တဲ့ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါလို့ လူငယ်တွေအားလုံးရဲ့ကိုယ်စား ပြောချင်ပါတယ်။ ဒီလူငယ်ရေးရာမူဝါဒက လူငယ်တွေအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမယ့် အရာတွေကို ပိုပြီးတော့ လုပ်ဆောင်နိုင်ဖို့အတွက် လူငယ်တွေကလည်း အရယူကြပါ။ အသုံးပြုကြပါလို့ ပြောချင်ပါတယ်။

**ဒေါက်တာနေဝင်း**
**လူငယ်ရေးရာမူဝါဒရေးဆွဲရေးဆိုင်ရာ ပြည်တွင်းအကြံပေး**

လူငယ်မူဝါဒရေးဆွဲရေးမှာ အကြံပေးအနေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တကယ်တမ်းစတာဆိုရင် ၂၀၁၆ ခုနှစ်မှာ ပြင်ဆင်မှုတွေစခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ နိုင်ငံတော်ကနေ ဒါလုပ်ဖို့အတွက် တိုက်တွန်းအားပေးခဲ့တယ်။ ပြီးမှပဲ ဝန်ကြီးဌာန သုံးခုကနေ အဓိကဦးဆောင်ပြီး UN အဖွဲ့အစည်းရယ်၊ လူငယ်ကိုယ်စားလှယ်တွေရယ် စပြီးပြင်ဆင်ခဲ့ပါတယ်။ အဲဒီ Process မှာပဲ ပထမဦးဆုံး ညှိနှိုင်းရေးအစည်းအဝေးတွေ လုပ်ပါတယ်။ နောက်ဆုံး ကော်မတီ သုံးရပ်ဖွဲ့စည်းဖြစ်တယ်။ ကော်မတီ သုံးရပ်ကနေ အဆင့်ဆင့်ရေးဆွဲခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် တစ်နှစ်လုံးကတော့ အစည်းအဝေးပေါင်း မြောက်မြားစွာကို ဖြတ်သန်းရပါတယ်။ ပထမတစ်ဆင့်အနေနဲ့ကတော့ မူကြမ်းရေးဆွဲရေးကော်မတီက အဖွဲ့ဝင်တွေ သုံးကြိမ်အစည်းအဝေးထိုင်ဖြစ်ပါတယ်။ မူကြမ်းကနေ လုပ်ငန်းကော်မတီအဆင့်ဆင့်မှာ နှစ်ကြိမ် အစည်းအဝေးထိုင်ဖြစ်ပါတယ်။ နောက်ဆုံး ဗဟိုကော်မတီထိုင်ပါတယ်။ နောက်ပြီး ပြီးမြောက်လုနီးပါးဖြစ်တဲ့မူကြမ်းကို အဆင့်ဆင့်သော ကော်မတီသုံးရပ်ကနေ အစည်းအဝေးနှစ်ရပ်ထိုင်ဖြစ်ပါတယ်။ နောက်ဆုံး တင်လိုက်တယ်ဆိုတော့ ကျွန်တော်တို့အတွက် ပင်ပန်းရကျိုးနပ်တဲ့ အခြေအနေကိုရောက်ပြီလို့ ပြောရမှာဖြစ်ပါတယ်။

စပြီးမရေးဆွဲခင်ကတည်းက တခြားနိုင်ငံတွေမှာ လုပ်နေတဲ့ မူဝါဒရေးရာ ဘယ်လိုလုပ်သလဲဆိုတာ လေ့လာပါတယ်။ ရှိပြီးသား မူဝါဒကိုလည်း သုံးသပ်ကြပြီး ပြင်ဆင်မှုအတိုင်းအတာလေးတွေမှာ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ ကိုက်ညီဖို့အတွက် ကျွန်တော်တို့ စဉ်းစားတယ်။ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကိုက်ညီဖို့ စဉ်းစားတယ်ဆိုတော့လည်း မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားကို ဘောင်ကျော်လို့မရတဲ့အတွက်ကြောင့် ဒီအခြေအနေတွေကတော့ လူငယ်တွေကိုယ်တိုင်ကလည်း ပြည်နယ်နဲ့ တိုင်းဒေသကြီး ကိုယ်စားလှယ်တွေကနေ အခြေအနေအရပ်ရပ်တွေကို တင်ပြကြတဲ့အခါမှာ အားလုံးနဲ့ အံဝင်ခွင်ကျဖြစ်အောင်လို့ ကျွန်တော်တို့ ကြိုးစားထားပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် မူဝါဒဆိုတဲ့ သဘောတရားမှာတော့ ပြင်ဆင်ဆောင်ရွက်စရာတွေ ရှိလာနိုင်ပါတယ်။ တစ်ခြားနိုင်ငံတွေမှာလည်း ဒီလိုပဲလုပ်ကြရပါတယ်။ အခုစတင်ဆောင်ရွက်တဲ့ အချိန်မှာ ကျွန်တော်တို့ လိုအပ်ချက်တွေရှိရင်တော့ နောင်အချိန်တွေမှာ ပြန်ပြီးတော့ ပြင်ဆင်သွားဖို့လိုမယ်လို့ မျှော်လင့်ပါတယ်။

မူဝါဒဆိုတဲ့သဘောက အသေးစိတ်လုပ်ငန်းစဉ်တွေ မပါနိုင်ပါဘူး။ အသေးစိတ် လုပ်ငန်းစဉ်တွေကို ဖြံ့ဖြိုးမိမယ့် မူဝါဒဆိုင်ရာ ဆက်ကြောင်းတွေ၊ စာသားတွေ ဒါတွေကတော့ မလွတ်အောင် ကျွန်တော်တို့ ထည့်ထားပါတယ်။ ဒီအထဲမှာဆိုရင် လူငယ်တွေ တောက်လျှောက် ဆွေးနွေးခဲ့တဲ့ ကျန်းမာရေး၊ ပညာရေး၊ ကျား၊ မ ညီမျှမှု၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ သယံဇာတသုံးစွဲမှုဆိုတဲ့ အချက်ပေါင်းမြောက်မြားစွာကိုတော့ ဧရိယာအလိုက် အကုန်လုံး ခြုံငုံမိပါတယ်။ အချက်အလက်အသေးစိတ်အနေနဲ့ကတော့ ဆက်ပြီးဆောင်ရွက်ရမယ့် မဟာဗျူဟာတွေ ဆက်ပြီးလုပ်တဲ့အခါမှာ အကုန်လုံးပါလာမှာဖြစ်ပါတယ်။

**သတင်း - ဟန်မီမီဇော်၊ ဓာတ်ပုံ - မိုးဖြိုး**

## မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပိုင်ရှင်မဲ့ဖြစ်နေသော မိုးစပါးများ စနစ်တကျ ဆက်လက်ရိတ်သိမ်း

**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောဒေသ နေရပ်စွန့်ခွာသူများ၏ မိုးစပါးများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ စတင်၍ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းလျက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်အထိ ၉၁၂၅ ဒသမ ၇၃ ဧက ရိတ်သိမ်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်စုအလိုက် ရိတ်သိမ်းပြီးဧက စာရင်းများအနေဖြင့် မောင်တောမြို့နယ်အတွင်း ကျောင်းတောင်ကျေးရွာအုပ်စု၊ ကျောက်ပန္နူကျေးရွာအုပ်စု၊ တပ်ဦးချောင်းကျေးရွာအုပ်စု၊ သဝင်ချောင်းကျေးရွာအုပ်စု၊ အင်းဒင်ကျေးရွာအုပ်စု၊ သဘော်ကွေ့ကျေးရွာအုပ်စု၊ သပြေတောကျေးရွာအုပ်စု၊ အလယ်သံကျော်ကျေးရွာအုပ်စု၊ ပညောင်ပင်ကြီးကျေးရွာအုပ်စု၊ ချိန်ခါလီကျေးရွာအုပ်စု၊ သံဒါကျေးရွာအုပ်စု၊ ဝါးချကျေးရွာအုပ်စု၊ သရေကုန်တန်းကျေးရွာအုပ်စု၊ ကံပူးကျေးရွာအုပ်စု၊ ဥဒေါင်းကျေးရွာအုပ်စု၊ မြင်းလွတ်ကျေးရွာအုပ်စု၊ ညောင်ချောင်းကျေးရွာအုပ်စု၊ ဇော်မတတ်ကျေးရွာအုပ်စု၊ ဒုချီးယားတန်းကျေးရွာအုပ်စု၊ မြို့သူကြီးကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာအုပ်စု၊ ကျီးကန်းပြင်ကျေးရွာအုပ်စု၊ သီဟိုဠ်ကျွန်းကျေးရွာအုပ်စု၊ ရွာသစ်ကေကျေးရွာအုပ်စု၊ အောင်စစ်ပြင်ကျေးရွာအုပ်စု၊ လောင်းဒုံကျေးရွာအုပ်စု၊ နတ်ချောင်းကျေးရွာအုပ်စု၊ သက်ကိုင်ညာကျေးရွာအုပ်စု၊ ခမောင်းဆိပ်ကျေးရွာအုပ်စု၊ ရေနောက်ငါးသားကျေးရွာအုပ်စု၊ လှိုင်သီကျေးရွာအုပ်စု၊ ငါးစားကြူးကျေးရွာအုပ်စု၊ စပါယ်ကုံးကျေးရွာအုပ်စု၊ သစ်တုံးနားခွဆုန်ကျေးရွာအုပ်စု၊ ပဒကားရွာသစ်ကျေးရွာအုပ်စု၊ ကြက်ရိုးပြင်ကျေးရွာအုပ်စု၊ တမန်းသားကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာအုပ်စု၊ ငါးခူရကျေးရွာအုပ်စုနှင့် မြို့သစ်ကျေးရွာအုပ်စုတို့တွင် စုစုပေါင်း ၈၉၆၉ ဒသမ ၉၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ်အတွင်း ယင်းမကျောင်းတောင် ကျေးရွာအုပ်စု၊ မီးကျောင်းဈေးကျေးရွာအုပ်စု၊ ခြင်းသမားကျေးရွာအုပ်စုနှင့် ငရန့်ချောင်းကျေးရွာအုပ်စုတို့တွင် စုစုပေါင်း ၁၅၅ ဒသမ ၇၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘက်ပေါင်းစုံက ကျယ်ပြန့်တဲ့အမြင်နဲ့ ကမ္ဘာကြီးမှာဖြစ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး စတဲ့ အကြောင်းအရာတွေကို လေ့လာသိရှိခွင့်ရခဲ့တယ်

မယေ့တိုင်ဆိဝ်န်း

*ရန်ကုန်နှင့် နေပြည်တော်တို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ မှ ၂၁ ရက်အထိကျင်းပခဲ့သည့် 8th Model ASEM တွင် အာရှနှင့် ဥရောပတိုက် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ လူငယ်ပေါင်း ၁၅၀ ကျော် ပါဝင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ 8th Model ASEM တွင် ပါဝင်ခဲ့ကြသည့် ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဘာသာရပ် နောက်ဆုံးနှစ်ကျောင်းသား မောင်ဖြိုးသူရငြေး၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန ဒုတိယနှစ် ဂုဏ်ထူးတန်းကျောင်းသူ မယေ့တိုင်ဆိန်းနှင့် ဟားခါးကောလိပ် သမိုင်းဒုတိယနှစ်ကျောင်းသူ မဗျက်ပါရ်လိန်းတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။*




**မြန်မာနိုင်ငံတွင် ကျင်းပသော 8th Model ASEM ဖိုရမ်တွင် အာရှနှင့် ဥရောပတိုက် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ လူငယ်များနှင့် ပါဝင်တက်ရောက်သူများ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။**

**မေး။ ။ 8th Model ASEM ကို ဘယ်လိုသိရှိပြီး ပါဝင်ဖြစ်ခဲ့သလဲဆိုတာ အနည်းငယ်ရှင်းပြပေးပါ။**

**မောင်ဖြိုးသူရငြေး**။ ။ 8th Model ASEM ဆိုတာအာရှနဲ့ ဥရောပတိုက်မှာရှိတဲ့ နိုင်ငံပေါင်း ၅၁ နိုင်ငံက နိုင်ငံ့ခေါင်းဆောင်တွေနဲ့ နိုင်ငံခြားရေးဝန်ကြီးတွေ နှစ်အလိုက်ကျင်းပတဲ့ အစည်းအဝေးပါ။ ဒီအစည်းအဝေးမှာ အာရှနဲ့ ဥရောပတိုက်က ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကိုယ်သာနိုင်ငံ့ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ဘယ်လိုညှိနှိုင်းဆွေးနွေးမလဲဆိုတဲ့ နိုင်ငံ့ခေါင်းဆောင်တွေကိုယ်စား ဝင်ရောက်ဆွေးနွေးတဲ့ အစီအစဉ်တစ်ခုကို လေ့ကျင့်ပျိုးထောင်ပေးတဲ့ ပရိုဂရမ်ဖြစ်ပါတယ်။

ဒီပရိုဂရမ်ကို အာရှ-ဥရောပ ဖောင်ဒေးရှင်းက စီစဉ်ကျင်းပပေးတာဖြစ်ပြီးတော့ မြန်မာနိုင်ငံမှ ပညာရေးဝန်ကြီးဌာနက အိမ်ရှင်မိတ်ဖက်အဖွဲ့အစည်းအနေနဲ့ ကူညီပံ့ပိုးပေးတာ ဖြစ်ပါတယ်၊ ကျွန်တော်ကတော့ ဒီပရိုဂရမ်ကို အွန်လိုင်းကနေ လျှောက်ခဲ့တာပါ၊ သူတို့ရဲ့ မေးခွန်းက ကျောင်းသားတစ်ယောက်အနေနဲ့ ပြင်ပလှုပ်ရှားဆောင်ရွက်မှု ဘာတွေရှိသလဲ၊ တက်ကြွစွာ ပါဝင်လှုပ်ရှားရဲ့လားဆိုတဲ့ မေးခွန်းအပြင် ကိုယ်သာ အာရှနဲ့ ဥရောပကခေါင်းဆောင်တွေကို တိုက်ရိုက်ပြောဆိုခွင့်ရမယ်ဆိုရင် ဘာတွေပြောမလဲ၊ နောက်တစ်ခုက ပြည်သူတွေ ပါဝင်တဲ့ သံတမန်ဆက်ဆံရေးကို ဘယ်လိုမျိုး တည်ဆောက်မလဲဆိုတဲ့ အမြင်တွေကိုလည်း မေးပါတယ်၊ ဒါကို ကျွန်တော်တို့က အပြည့်အစုံရေးသားပြီး လျှောက်ထားရတယ်၊ အဲဒီအထဲကမှ စိစစ်ရွေးချယ်ခေါ်ယူတာဖြစ်ပါတယ်။

**မယေ့တိုင်ဆိန်း**။ ။ ပရိုဂရမ်ရဲ့ အချက်အလက်တွေကို ကျောင်းကနေ သိရှိခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းကနေ 8th Model ASEM ရဲ့ လျှောက်လွှာပုံစံကိုရယူပြီး သူတို့ရဲ့ အဆင့်ဆင့် မေးခွန်းတွေကိုဖြေဆိုပြီး လျှောက်ထားခဲ့တာပါ။

**မဗျက်ပါရ်လိန်း**။ ။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားတွေကို ဦးစားပေးပြီးရွေးချယ်တာတွေ့ရပါတယ်၊ ဒီလိုရွေးတဲ့အခါ ကျောင်းကနေတစ်ဆင့် ရွေးချယ်တာဖြစ်တဲ့အတွက် ညီမအနေနဲ့ အွန်လိုင်းကိုမဖြေခဲ့ရဘဲ ပါဝင်ခွင့်ရခဲ့ပါတယ်။

**မေး။ ။ ရွေးချယ်ခံရပြီးနောက် 8th Model ASEM အတွက် ဘာတွေကြိုတင်ပြင်ဆင်ခဲ့ရသလဲ သိပါရစေ။**

**မောင်ဖြိုးသူရငြေး**။ ။ ဒီလိုရွေးချယ်ခံရပြီးနောက်မှာ အာရှ-ဥရောပဖောင်ဒေးရှင်းကနေ ရက်သတ္တလေးပတ်ကြာသင်တန်းကို အွန်လိုင်းကနေပေးပါတယ်၊ ASEM အတွက် ဘယ်လိုစာတွေ ဖတ်ရမယ်၊ မိမိကိုယ်စားပြုရမယ့် နိုင်ငံရဲ့စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိတဲ့ အချက်အလက်တွေကို အဆိုင်းမင့်ရေးရတယ်၊ ပြီးတော့ ကိုယ့်နိုင်ငံအနေနဲ့ အာရှ- ဥရောပမှာ ဘယ်လိုအခြေအနေတွေ ရှိနေတယ်၊ နိုင်ငံခြားရေးမူဝါဒဆိုရင်လည်း ဘယ်လိုရှိနေတယ်ဆိုတာကို အွန်လိုင်းကနေ ရှာဖတ်ရတယ်၊ ကျွန်တော်ကိုယ်စားပြုခဲ့ရတဲ့ နိုင်ငံက ဥရောပတိုက်ရဲ့ ဩစတြီးယားနိုင်ငံဖြစ်ပြီး အဲဒီနိုင်ငံအဖွဲ့ခေါင်းဆောင်ကို ကိုယ်စားပြုခဲ့ရတာပါ၊ ဩစတြီးယားအနေနဲ့ ဥရောပတိုက်အတွင်း လက်ရှိအချိန် အနေအထား၊ နည်းပညာဖွံ့ဖြိုးတိုးတက်ပုံ၊ စီးပွားရေးအနေအထားတွေကို ရှာဖွေဖတ်ခဲ့ရပါတယ်။

**မယေ့တိုင်ဆိန်း**။ ။ ကျွန်မက ဒီပွဲမှာ ဥရောပရဲ့ ဆွီဒင်နိုင်ငံကို ကိုယ်စားပြုပြီး ဆွေးနွေးပါဝင်ခွင့်ရတာကြောင့် ဆွီဒင်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒ ဘယ်လိုရှိတယ်ဆိုတာကို လေ့လာခဲ့ပါတယ်၊ Theme အလိုက် ဆွေးနွေးရမယ့်ခေါင်းစဉ်တွေကို ခွဲထားပေးတာကြောင့် ကျွန်မရရှိခဲ့တဲ့ ရေရှည်ဖွံ့ဖြိုးမှု ခေါင်းစဉ်အောက်မှာ ဆင်းရဲမွဲတေမှုလျှော့ချရေးနဲ့ပတ်သက်ပြီး ဆွီဒင်နိုင်ငံက ဘာတွေလုပ်နေတယ်ဆိုတာကို လေ့လာခဲ့ရတယ်။

**မဗျက်ပါရ်လိန်း**။ ။ ကျွန်မကတော့ ပြင်သစ်နိုင်ငံကို ကိုယ်စားပြုပြီး ဆွေးနွေးခဲ့ရပါတယ်၊ ပြင်သစ်နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေကိုလေ့လာခဲ့ရတယ်၊ ဆင်းရဲနွမ်းပါးမှု ဘယ်လိုလျှော့ချမလဲဆိုတဲ့ ခေါင်းစဉ်ကို ဆွေးနွေးခဲ့ရပါတယ်။

**မေး။ ။ 8th Model ASEM မှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ အပိုင်းတွေကို ပြောပြပေးပါဦး။**

**မောင်ဖြိုးသူရငြေး**။ ။ ဩစတြီးယားနိုင်ငံရဲ့ ကိုယ်စားလှယ်ခေါင်းဆောင်အနေနဲ့ ပါဝင်ခွင့်ရခဲ့တာဖြစ်တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးပုံစံတူ အစည်းအဝေးမှာ ပါဝင်ဆွေးနွေးခဲ့ရတယ်။ ဒ့ါအပြင် လက်ရှိဖွံ့ဖြိုးလာတဲ့ ခေတ်မှာ အိုင်တီနည်းပညာကို အသုံးပြုပြီး အာရှ- ဥရောပက နိုင်ငံတွေအချင်းချင်း ဘယ်လိုကောင်းမွန်စွာ ဆက်သွယ်နိုင်မလဲဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ ပါဝင်ဆွေးနွေးခဲ့ရပါတယ်။

**မယေ့တိုင်ဆိန်း**။ ။ ကျွန်မကိုယ်စားပြုတာ ဆွီဒင်နိုင်ငံဖြစ်တာကြောင့် ဆွီဒင်နိုင်ငံရဲ့ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ဆောင်ရာမှာ ASEM နိုင်ငံတွေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့အပိုင်းကို အကြောင်းအရာသုံးချက်နဲ့ ဆွေးနွေးခဲ့တယ်၊ ဒီသုံးချက်က ပုံစံမျိုးစုံသော ဆင်းရဲမှုလျှော့ချရာမှာ တန်းတူညီမျှ အခွင့်အရေးနဲ့ အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးရေး (Equality and Inclusion)၊ နယ်ပယ်တစ်ခု level တစ်ခုကနေ ချမှတ်လိုက်တဲ့မူဝါဒတွေက အခြားဧရိယာနယ်ပယ်၊ အခြား level မှာချမှတ်တဲ့ ပေါ်လစီမူဝါဒနဲ့ ကိုက်ညီပြီး ဆင်းရဲမှုအဆုံးသတ်ရေးအတွက် အထောက်အကူပြုရေး (Policy Coherence)၊ ဆင်းရဲမှုလျှော့ချရာမှာ ASEM နိုင်ငံတွေအကြား အချင်းချင်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး (Partnership) ဆိုတာပဲ ဖြစ်ပါတယ်။

**မဗျက်ပါရ်လိန်း**။ ။ ပြင်သစ်နိုင်ငံရဲ့ အလုပ်အကိုင်အခွင့်အလမ်း မညီမျှမှုကို ဘယ်လိုဆောင်ရွက်မလဲ။ ကျန်းမာရေးခက်ခဲနေတဲ့နေရာတွေကို ဘယ်လိုဆောင်ရွက်မလဲဆိုတာတွေမှာ ပါဝင်ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ 8th Model ASEM မှာဘယ်လိုဆုတွေရခဲ့သလဲ၊ တွေ့ကြုံရတဲ့ အခက်အခဲတွေရှိရင် ဝေမျှပေးပါဦး။**

**မောင်ဖြိုးသူရငြေး**။ ။ ဒီပွဲမှာကျွန်တော်ရခဲ့တဲ့ဆုက (Best Delegate From Asia) အာရှတိုက်က အကောင်းဆုံးကိုယ်စားလှယ်ဆုပါ၊ ပွဲတစ်ခုလုံးပြီးသွားတဲ့အခါ ပွဲမှာပါဝင်ကြတဲ့ ကျောင်းသားတွေ ကိုယ်တိုင်ပါဝင်မဲပေးပြီး ရွေးချယ်ရတာပါ။ ဒီပွဲမှာအာရှနဲ့ ဥရောပကလာကြတဲ့ ကျောင်းသားကိုယ်စားလှယ်တွေထဲက ဘယ်ကျောင်းသားကိုယ်စားလှယ်က

**စာမျက်နှာ ၇ သို့ »»**




**8th Model ASEM 2017 လုပ်ငန်းအဖွဲ့များ အကြောင်းအရာအလိုက် ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က နေပြည်တော်တွင် ကျင်းပရာ မြန်မာလူငယ်များ တက်ရောက်စဉ်။**



**8th Model ASEM တွင် ပြင်သစ်ကိုယ်စားလှယ်အဖြစ် ပါဝင်ဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံမှ မဗျက်ပါရ်လိန်း။** (အလယ်)

# သာသနာ့ အာဇာနည် ဘဒ္ဒန္တ ကုမ္ဘာစရိယ

**ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းလေ့ရှိရာ ယခု ၂၀၁၈ ခုနှစ်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီး စံပြကျေးရွာရှိ တိပိဋက စိန်ရွှေဖူးကျောင်းတိုက်မှ ဆရာတော် တိပိဋကဓရ တိပိဋက ကောဝိဒ ဘဒ္ဒန္တ ကုမ္ဘာစရိယအား ဘွဲ့တံဆိပ်တော်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊ လက်ရှိအချိန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် သာသနာပြုလုပ်ငန်းများအပေါ် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းမှုများကိုဖော်ပြပေးလိုက်ပါသည်။**



**မေး**။ ။ နိုင်ငံတော်အစိုးရက ဆရာတော်ကို လွတ်လပ်ရေးနေ့မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ကြောင်း သိရပါတယ်ဘုရား။ ဘွဲ့တံဆိပ်တော်နဲ့ပတ်သက်ပြီး မိန့်ကြားပေးတော်မူပါဘုရား။

**ဖြေ**။ ။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်တယ်ဆိုတာက တိပိဋကကောဝိဒဘွဲ့ရပြီး ငါးနှစ်ပြည့်မြောက်လို့ ဆက်ကပ်ခံရတာဖြစ်ပါတယ်။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရတာ မင်းကွန်းဆရာတော်ဘုရားကြီးကစပြီး အခုအချိန်အထိ ၁၃ ပါး ရှိပါပြီ။ ဆရာတော်ကတော့ ၁၃ ပါးမြောက် ဖြစ်ပါတယ်။ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိကဆိုတာ ပိဋကတ်သုံးပုံ အာဂုံဆောင်တဲ့ တရားဘဏ္ဍာစိုးလို့ အဓိပ္ပာယ်ရပါတယ်။ တပေါင်းလပြည့်နေ့မှာ ဒီဘွဲ့တံဆိပ်တော်ကို နေပြည်တော်မှာ ဆက်ကပ်မယ်လို့ သိရပါတယ်။ ဒီဘွဲ့တံဆိပ်တော်ကို တိပိဋကကောဝိဒ အောင်မြင်ပြီး ငါးနှစ်ကြာရင် ဆက်ကပ်လေ့ရှိတာ ဖြစ်ပါတယ်။

**မေး**။ ။ တိပိဋကကောဝိဒဘွဲ့ရရှိအောင် ဆရာတော့်အနေနဲ့ ဘယ်လိုများ ကြိုးစားအားထုတ်ခဲ့ရပါသလဲ ဘုရား။

**ဖြေ**။ ။ တိပိဋကကောဝိဒဘွဲ့ရရှိအောင်ဆိုရင် နှစ်ပေါင်းများစွာ အချိန်ယူပြီး ကြိုးစားကြရတာဖြစ်ပါတယ်။ ဆရာတော်ဆိုရင် နှစ်ပေါင်း ၂၅ နှစ်ကြာ ကြိုးစားခဲ့ရပါတယ်။ အာဂုံ ငါးဆင့်၊ ရေးဖြေ ငါးဆင့်ကို ၂၅ နှစ်ကြာ ဖြေဆိုခဲ့ပါတယ်၊ တချို့ဆရာတော်တွေဆိုရင် ၄၊ ၅ နှစ်၊ တချို့ဆိုရင် ၁၃ နှစ် ၁၄ နှစ်လောက်ပဲ ကြာတာမျိုးလည်းရှိပါတယ်၊ တချို့ဆိုရင် ၂၅ နှစ်ကြာပြီးတာတောင် မအောင်သေးတာမျိုးတွေလည်းရှိကြတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီစာမေးပွဲဖြေဆိုတဲ့အချိန် အာဂုံပြန်တဲ့အခါ တစ်ရက်ကို ၂၅ မိနစ် ကိုးကြိမ် ပြန်ဆိုရတယ်၊ အနည်းဆုံးအဆင့်ဆိုရင် အချိန်ကာလအားဖြင့် ခြောက်ရက်၊ အများဆုံးအဆင့်ဆိုရင် ၁၈ ရက်အထိ ကြာမြင့်တဲ့အတွက် ကျန်းမာရေးကောင်းဖို့နဲ့ အသံအားကောင်းဖို့လည်း လိုအပ်ပါတယ်၊ ဒါ့အပြင် ကံ၊ ဉာဏ်၊ ဝီရိယလည်း ပြည့်စုံဖို့လိုပါတယ်၊ ကံဆိုတာကတော့ စာမေးပွဲအောင်မြင်ပြီး ပူဇော်ခံထိုက်တဲ့ ကံ၊ ဉာဏ်ဆိုတာ ကျက်မှတ်နိုင်တဲ့ ဉာဏ်ပညာ၊ ဝီရိယဆိုတဲ့ ကြိုးစားအားထုတ်မှုလည်းလိုအပ်ပါတယ်၊ ရေးဖြေဖြေတဲ့အခါမှာလည်း ၁၂ ပုဒ်မေးတာကို ၁၀ ပုဒ်ဖြေဆိုရပြီး အမှတ် ၁၀၀ ပေးတဲ့အထဲက ၇၅ မှတ်ရမှ အောင်တာပါ၊ ဒါကြောင့် နှစ်ပေါင်း ၇၀ အတွင်းမှာ ၁၄ ပါးပဲ အောင်မြင်ပါသေးတယ်။ (ကျန်တဲ့ တိပိဋကကောဝိဒအောင်မြင်ထားတဲ့ တစ်ပါးကတော့ ငါးနှစ် မပြည့်သေးတဲ့အတွက် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းမခံရသေးပါဘူး)။ ဆရာတော်ဆိုရင် ၁၃၇၃ ခုနှစ် (၂၀၁၂ ခုနှစ်) ကတည်းက တိပိဋကကောဝိဒ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ ဒီဘွဲ့တံဆိပ်တော်ကလည်း စာမေးပွဲအောင်မြင်ပြီး သာသနာပြုလုပ်ငန်းတွေဖြစ်တဲ့ စာသင်၊ စာချ၊ တရားဟောစတာတွေ ပြုလုပ်နေမှ ဆက်ကပ်တာဖြစ်ပါတယ်။

**မေး**။ ။ ဆရာတော်အနေနဲ့ လက်ရှိအချိန်မှာ ဘယ်လိုသာသနာပြုလုပ်ငန်းတွေကို ဆောင်ရွက်နေပါသလဲ ဘုရား။

**ဖြေ**။ ။ ဆရာတော်ဆိုရင် လက်ရှိမှာ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင်တော်မူထားတဲ့ မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက်ကြီးတွေရဲ့ စီမံအုပ်ချုပ်မှု မဟာနာယကအဖြစ်လည်း ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီး စံပြကျေးရွာမှာရှိတဲ့ တိပိဋက စိန်ရွှေဖူးကျောင်းတိုက်၊ စစ်ကိုင်းမြို့မှာရှိတဲ့ တိပိဋက ဓနုဖြူချောင်နဲ့ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်အတွင်းရှိ တိပိဋကကျော်ဇမ္ဗူကျောင်းတို့မှာ စာသင်သားတွေကို စာသင်၊ စာချပြုလုပ်နေပါတယ်။ နယ်လှည့်တရားဟောခြင်းနဲ့ ပရဟိတလုပ်ငန်းတွေကိုလည်း ထိုက်သင့်သည့်အားလျော်စွာ ပြုလုပ်ပေးနေပါတယ်။ လက်ရှိမှာဆိုရင် ဆရာတော်အများဆုံးသီတင်းသုံးတဲ့ မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီး စံပြကျေးရွာ တိပိဋက စိန်ရွှေဖူးကျောင်းတိုက်မှာဆိုရင် ဓမ္မာစရိယစာသင်သားတွေကို လက်ခံပြီး ဓမ္မာစရိယစာဝါနဲ့ အင်္ဂလိပ်ဘာသာအခြေခံကိုလည်း သင်ကြားပေးနိုင်အောင် စီမံဆောင်ရွက်ပေးထားပါတယ်။

**မေး**။ ။ တိပိဋကကောဝိဒနဲ့ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရဆရာတော်တွေကို နိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်အပြင် အခြားဘာတွေဆက်ကပ်လှူဒါန်းပါသေးလဲဘုရား။

**ဖြေ**။ ။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရဆရာတော်တွေကို နိုင်ငံတော်အစိုးရက ဆင်စွယ်ယပ်ဝန်း ဆက်ကပ်ပါတယ်။ တိပိဋကကောဝိဒ အောင်မြင်ထားတဲ့ ဆရာတော်တွေကိုတော့ နိုင်ငံတော်အစိုးရက ဆွမ်းဆန်တော် စရိတ်အပြင် သာသနာပြုလုပ်ငန်းတွေဆောင်ရွက်ဖို့ ခရီးသွားလာရာမှာ လွယ်ကူအဆင်ပြေစေရန် ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ် (ကပ္ပိယ နှစ်ဦးအပါအဝင်)၊ အဲပုဂံ၊ အဲအေးရှားဝင်း၊ ရွှေမြန်မာလေကြောင်းလိုင်းတို့ကလည်း တစ်ပါးစာ ရာသက်ပန် အခမဲ့လေယာဉ်စီးခွင့် လက်မှတ်တွေကို လှူဒါန်းထားပါတယ်။

**မေး**။ ။ဆရာတော်အနေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် သာသနာပြုလုပ်ငန်းတွေကိုလည်း မိန့်ကြားပေးပါဘုရား။

**ဖြေ**။ ။ ရှေ့ဆက်ပြီးတော့လည်း အခုလို နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီကျောင်းတိုက်ကြီးမှာ တိပိဋက စာမေးပွဲဖြေဆိုကျက်မှတ်မယ့် သံဃာတော်တွေသီတင်းသုံးနေထိုင်နိုင်ဖို့နဲ့ ပြည်ပနိုင်ငံတွေမှာ ဘွဲ့တွေသွားယူမယ့် သံဃာတော်တွေအတွက် ပညာပါရမီဖြည့်ပေးနိုင်အောင်လည်း ဆက်လက်ပြုလုပ်သွားဖို့ ရည်ရွယ်ထားပါတယ်။


**မေး**။ ။ ဆရာတော်ကဲ့သို့ နောက်ထပ် ဆရာတော်၊ သံဃာတော်တွေ တိပိဋကကောဝိဒ စာမေးပွဲကို အောင်မြင်နိုင်ဖို့ ဆရာတော်အနေနဲ့ မေတ္တာ စကားလက်ဆောင် မိန့်ကြား ချီးမြှင့်ပေးပါဘုရား။

**ဖြေ**။ ။ မိမိယုံကြည်မှုကို ခိုင်ခိုင်မာမာထားပြီး ကျန်းမာရေးကို ဂရုစိုက်မယ်၊ မဆုတ်မနစ်သော ဇွဲ လုံ့လနဲ့ ကြိုးစားအားထုတ်ကြမယ်ဆိုရင် တိပိဋကကောဝိဒ စာမေးပွဲကို အောင်မြင်နိုင်ပါတယ်။

**မေး**။ ။ နိုင်ငံနဲ့ ပြည်သူတွေအတွက် ဆရာတော်အနေနဲ့ မေတ္တာ စကားလက်ဆောင် ချီးမြှင့်ပေးပါဘုရား။

**ဖြေ**။ ။ ပျင်းရိမှုနဲ့ ကွဲပြားခြင်းကို ဘေးအန္တရာယ်ဖြစ်ခြင်းရဲ့ အကြောင်းလို့ ရှုမြင်ပြီး၊ ကြိုးစားခြင်းနဲ့ ညီညွတ်ခြင်းကိုတော့ ငြိမ်းချမ်းခြင်း၊ တိုးတက်ခြင်းရဲ့ အကြောင်းလို့ ရှုမြင်ပြီး နိုင်ငံတော်ကြီး ငြိမ်းချမ်းပြီး တိုးတက်စည်ပင်အောင် ညီညီညွတ်ညွတ်နဲ့ ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏ္ဍိတ)၊ နန္ဒာဝင်း**
**ဓာတ်ပုံ-ဖေဇော်**



> ❝ ပျင်းရိမှုနဲ့ ကွဲပြားခြင်းကို ဘေးအန္တရာယ်ဖြစ်ခြင်းရဲ့ အကြောင်းလို့ ရှုမြင်ပြီး၊ ကြိုးစားခြင်းနဲ့ ညီညွတ်ခြင်းကိုတော့ ငြိမ်းချမ်းခြင်း၊ တိုးတက်ခြင်းရဲ့အကြောင်းလို့ ရှုမြင်ပြီး နိုင်ငံတော်ကြီး ငြိမ်းချမ်းပြီး တိုးတက်စည်ပင်အောင် ညီညီညွတ်ညွတ်နဲ့ ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ် ❞

## တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ကုမ္ဘာစရိယ ဘုတလင် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားရာဇာတိနှင့် ဖွားရာသက္ကရာဇ်**

အရှင်ကုမ္ဘာစရိယသည် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မြူးတူးရွာ ခမည်းတော် ဦးဘိုဟန်၊ မယ်တော် ဒေါ်မြို့ကြည်တို့မှ ၁၃၂၆ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သောသားရတနာ ဖြစ်ပါသည်။

**ဥပသမ္ပဒမင်္ဂလာ**

၁၃၄၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ ရက် ကြာသပတေးနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပဋ္ဌာနတာရုံကျောင်း ဆရာတော်ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**အောင်မြင်ခဲ့သောစာမေးပွဲများ**

တိပိဋက စာမေးပွဲကို ဥဘတောဝိဘင်္ဂဓရ (၁၃၄၉)၊ ဝိနယဓရ(၁၃၅၁)၊ နိကာယုဒ္ဓေါတက ဝိနယဓရ (ရန်ကုန်နိကာယ်)(၁၃၅၀)၊ ဝိနယဝိဒူ (၁၃၅၄)၊ သာသနဓဇဓမ္မာစရိယ(၁၃၅၆)၊ ဥဘတောဝိဘင်္ဂကောဝိဒ(၁၃၅၆)၊ နိကာယဝုသပိုသမိ တိဝိနယကောဝိဒ (မိုးကုတ်နိကာယ်) (၁၃၅၆)၊ မန္တလေး နိကာယ်ပရိယတ္တိ သာသနာဟိတဝိနယဓရ (၁၃၅၆)၊ ရန်ကုန်နိကာယ် နိကာယုဒ္ဓေါတက ဝိနယဓရဓမ္မာစရိယ(၁၃၅၇)၊ အစိုးရတိပိဋက စာမေးပွဲ၌ ဝိနယကောဝိဒ(၁၃၅၈)၊ ဒီဃဘာဏက (၁၃၅၉)၊ ဒီဃနိကာယကောဝိဒ(၁၃၆၀)၊ မူလအာဘိဓမ္မိက(၁၃၆၁)၊ မူလအာဘိဓမ္မကောဝိဒ (၁၃၆၂)၊ တိပိဋကဓရ(၁၃၆၅)ဘွဲ့တို့ကို ရရှိအောင်မြင်ခဲ့ပါသည်။

**တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်**

အရှင်ကုမ္ဘာစရိယသည် သင်ရိုးပိဋကသုံးပုံလုံး အာဂုံရော သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် ၁၃၇၃ ခုနှစ်တွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ ဘွဲ့တံဆိပ်တော်အောင်လက်မှတ်တော် အရိုးဝါကနက္ကဒဏ် ထီးဖြူတော် ၃ လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ၊ သုံးဌာန အခမဲ့ အထက်တန်းခရီးသွားလက်မှတ် (အဖော်နှစ်ဦးအပါအဝင်)၊ အဲပုဂံ၊ အဲအေးရှားဝင်း၊ ရွှေမြန်မာ လေကြောင်းလိုင်းတို့မှလည်း တစ်ပါးစာ ရာသက်ပန် အခမဲ့လေယာဉ်စီးခွင့် လက်မှတ်စသည်တို့ကို အလှူတော်ခံရရှိတော်မူပါသည်။

ယခုအခါ ဆရာတော်သည် မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး တိပိဋကဓနုဖြူချောင်၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာန္ဒယ်စဉ်ရပ် ဗန်းမော်ကျောင်းတိုက် တိပိဋကကျော်ဇမ္ဗူကျောင်း၊ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီး စံပြကျေးရွာ အမှတ် ၃ လမ်းမကြီး အိုးအိမ်လမ်း တိပိဋက စိန်ရွှေဖူးကျောင်းတိုက်တို့၌ စာသင်တိုက်များ ဖွင့်လှစ်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၅**
တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် Ms. Vanessa Chan Yuen Ying အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံ ခေါင်းဆောင်များ ခေတ်အဆက်ဆက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကောင်းမွန်ခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနေမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ-စင်ကာပူ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကလေးစာပေပွဲတော်(ရန်ကုန်)တွင် ပြခန်းများ အစုံအလင်ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၅**
ကလေးစာပေပွဲတော်(ရန်ကုန်)ကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်တော့မည် ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ကလေးစာပေများစွာ ရေးသားခဲ့သည့် ဆရာကြီး မင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကလေးစာအုပ်ပြခန်း၊ 3D ပြခန်း၊ ကလေးစာဖတ်ခန်း၊ နည်းပညာမိတ်ဆက်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ စုပေါင်း၍ ခင်းကျင်းပြသထားသည့် သိပ္ပံလက်တွေ့ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ တီထွင်ဆန်းသစ်မှုပြခန်း၊ ပညာပေး ပြခန်း၊ လက်မှုပညာပြခန်း၊ ပန်းအလှနှင့် ခြင်းထိုးလုပ်ငန်း ပြခန်း၊ ဖန်စီဖြင့် အလှဆင်ခြင်းပြခန်း၊ ဒေသထွက် ကုန်ပစ္စည်းများပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးပြခန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ပုံပြခန်း၊ ရုပဗေဒပြခန်း၊ ကိုယ်ပိုင်ကျောင်းများမှ ခင်းကျင်းပြသသည့် သိပ္ပံလက်တွေ့ ပြခန်းများနှင့် သင်ထောက်ကူပစ္စည်းများပြခန်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မိုဘိုင်းပြခန်းများအပြင် မျက်လှည့်နှင့် ရုပ်သေးအက၊ အထက(၆)ဗိုလ်တထောင် ကျောင်းသားများ၏ ဆိုင်းဝိုင်းနှင့် ကျောက်ဆည်မြို့မှ ဆင်အကနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတများဖြင့် ပွဲတော်ရက်အတွင်း ပွဲတော်လာ ကလေးများအား ဖျော်ဖြေသွားမည် ဖြစ်ပြီး မည်သူမဆို လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- အောင်မင်းဟန်**

# အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးမဟာဗျူဟာ မူကြမ်းအပေါ် အများပြည်သူသဘောထား တောင်းခံ

**နေပြည်တော် ဇန်နဝါရီ ၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက် ဖြည့်ဆည်းရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုအစီအစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေတစ်ရပ်(Universal Service Fund) ထူထောင်ထားရှိပြီး Universal Service နှင့်စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်သည်ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ကမ္ဘာ့ဘဏ် စီမံကိန်းဖြင့် ငှားရမ်းထားသည့် Consultant ၏ အကူအညီဖြင့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေး မဟာဗျူဟာ(Universal Service Strategy)မူကြမ်းအား ရေးဆွဲထားရှိပြီးဖြစ်သည်။ ရေးဆွဲထားရှိသည့် မူကြမ်းအား အများပြည်သူအနေဖြင့် သိရှိအကြံပြုနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.motc.gov.mm တွင် လွှင့်တင်ပေးထားမည်ဖြစ်သည်။

အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးမဟာဗျူဟာ (Universal Service Strategy) မူကြမ်းအပေါ် အများပြည်သူအကြံပြုဆွေးနွေးချက်များကို အီးမေးလ်လိပ်စာ dg.ptd@mptmail. netmm၊ tsrproject2014@ gmail.com၊ eiphyutunn.pcd@gmail.com သို့ လည်းကောင်း၊ ဖုန်းနံပါတ် ၀၉-၅၄၀၀၀၉၈၊ ၀၉-၄၂၄၀၀၀၉၆၃ သို့လည်းကောင်း၊ ဖက်စ်ဖုန်းအမှတ် ၀၆၇-၄၀၇၂၂၇ သို့လည်းကောင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**❋ ကျောဖုံးမှ**

အဖွင့်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် သရေကျခဲ့သည့် သစ္စာအားမာန်အသင်းသည် ယခုပွဲတွင် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး သုံးမိနစ်တွင် နော်အားလိုဝါးဖောက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် သစ္စာအားမာန်အသင်းက ဆက်တိုက် ဖိကစားခဲ့သော်လည်း ပထမပိုင်းတွင် တစ်ဂိုးသာထပ်ရခဲ့ပြီး ၃၈ မိနစ်တွင် ခင်မိုးဝေက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် သစ္စာအားမာန်အသင်းက ဂိုးထပ်ရရန် အားထည့်လာခဲ့ပြီး ၆၂ မိနစ်တွင် ခင်မိုးဝေ၊ ၆၄၊ ၆၆ မိနစ်တွင် နီလာဝင်းတို့က ဂိုးများထပ်မံသွင်းယူပေးခဲ့သည်။

ပွဲစဉ် (၂) အပြီးတွင် အား/ကာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းက ခြောက်မှတ်စီ၊ မြဝတီနှင့် သစ္စာအားမာန်အသင်းတို့က လေးမှတ်စီ၊ အား/ကာသိပ္ပံနှင့် YREO အသင်းတို့က တစ်မှတ်စီ၊ ဂန္ဓမာနှင့် တက္ကသိုလ်အသင်းတို့က အမှတ်မရသေးပေ။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- စိုးညွန့်**

**»»» စာမျက်နှာ ၅ မှ**
သူကိုယ်စားပြုတဲ့ နိုင်ငံအကြောင်းကို ကောင်းမွန်စွာ ဆွေးနွေးနိုင်တယ်ဆိုတာ အချင်းချင်းအပြန်အလှန်မဲပေး ရွေးချယ်ရတာပါ။ အာရှတိုက်က နှစ်ယောက် ရခဲ့ပါတယ်၊ တစ်ယောက်က စင်ကာပူနိုင်ငံကဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ ကျွန်တော်ရခဲ့ပါတယ်။ ဒီပွဲကို နယ်ပယ်ပေါင်းစုံက လာကြတာဖြစ်ပြီး ကျွန်တော်ဆိုရင် နည်းပညာတက္ကသိုလ်က အင်ဂျင်နီယာကျောင်းသားတစ်ယောက်ဖြစ်တဲ့အတွက် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်တွေမှာ အားနည်းတာမျိုးရှိခဲ့တယ်။

ဒီပွဲမတိုင်ခင် သုံးပတ်ကြာ ရန်ကုန်တက္ကသိုလ်က ဆရာ ဆရာမတွေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ လာရောက်ပြီး မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်နေတဲ့ အခြေအနေ၊ သံတမန်တစ်ယောက်အနေနဲ့ ဘယ်လိုပြုမူရမယ်၊ ဘယ်လိုစကားပြောရမယ်ဆိုတာတွေကို သင်ကြားပေးခဲ့ပါတယ်။ အခုလိုဆုရတဲ့အတွက် နောက်နှစ် အိုင်ယာလန်နိုင်ငံမှာကျင်းပမယ့် Model ASEM ပွဲငယ် တစ်ခုမှာ ပါဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။

**မယေ့တိုင်ဆိန်း**။ ။ $8^{th}$ Model ASEM ပြီးတဲ့အခါ လူငယ်တွေ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ဒီလူငယ်တွေရဲ့အသံကို တကယ့် (၁၃) ကြိမ်မြောက် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ ပြန်ပြီးတော့တင်ပြပေးဖို့ Intervention Speech ပြောကြားဖို့ လူငယ်လေးဦးကို ရွေးချယ်တဲ့ အခါမှာ မြန်မာနိုင်ငံကိုယ်စားပြုသူတစ်ဦးအနေနဲ့ ပါဝင်တက်ရောက် ပြောကြားခွင့်ရခဲ့တာ ဖြစ်ပါတယ်။ Model ASEM ဆွေးနွေးပွဲမှာ ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုအနေနဲ့ကတော့ ကိုယ့်နိုင်ငံမဟုတ်ဘဲ အခြားနိုင်ငံအကြောင်းကို ကိုယ်စားပြု ဆွေးနွေးရတာ ဖြစ်တဲ့အတွက် ပြောဆိုဆွေးနွေးရင်း တစ်ခါတလေ အဲဒီနိုင်ငံရဲ့ အမြင်၊ ရှုထောင့်မဟုတ်တာ ဖြစ်နေတတ်လို့ အတော်ကို သတိထားခဲ့ရပါတယ်။ ကိုယ်စားပြုနေတာက အခြားနိုင်ငံဖြစ်နေတာကြောင့် အနည်းငယ် စိန်ခေါ်မှုတွေ တော့ ကြုံခဲ့ရပါတယ်။

**မဗျက်ပါရ်လိန်း**။ ။ ပြင်သစ်နိုင်ငံကိုယ်စားပြု The Best Delegation ဆုကိုရရှိခဲ့ပါတယ်၊ ဒီပွဲမတိုင်ခင်က သူတို့နိုင်ငံအကြောင်းတွေကို လေ့လာဖတ်ရှုခဲ့ပေမယ့် သူတို့နိုင်ငံအကြောင်း ကောင်းကောင်းမသိတော့ အခက်အခဲအချို့တော့ ရှိခဲ့ပါတယ်။

**မေး**။ ။ **$9^{th}$ Model ASEM မှာ ပါဝင်ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ပေးပါဦး။**

**မောင်ဖြိုးသူရငွေး**။ ။ $9^{th}$ Model ASEM က ဥရောပတိုက်မှာ ကျင်းပမှာဖြစ်ပါတယ်။ ကျွန်တော်က နည်းပညာကိုလေ့လာနေတဲ့ ကျောင်းသားတစ်ယောက် ဖြစ်တဲ့အတွက် နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုတွေမှာ နည်းပညာရှုထောင့်ကနေ ဘယ်လို အထောက်အကူပြု ပါဝင်ဆောင်ရွက်နိုင်မယ့် အကြောင်းကို ကောင်းမွန်စွာဆွေးနွေးနိုင်ခဲ့တယ်။ ဒီပွဲမှာ ဝင်ရောက်ကြမယ့်သူတွေအနေနဲ့ မိမိရဲ့ သက်ဆိုင်ရာနယ်ပယ်ကို ကျွမ်းကျင်နေဖို့ လိုပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ $8^{th}$ Model ASEM ဆိုရင် နိုင်ငံပေါင်း ၅၀ ကျော်က နိုင်ငံ့ခေါင်းဆောင်တွေ၊ နိုင်ငံခြားရေးဝန်ကြီးတွေ မြန်မာနိုင်ငံမှာ လာရောက် ဆွေးနွေးတာဖြစ်တယ်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရတဲ့ အကြီးမားဆုံးပွဲဖြစ်တယ်၊ အခုဆိုရင် နိုင်ငံတကာက မြန်မာနိုင်ငံကိုအတော် စိတ်ဝင်စားနေကြတယ်။ နိုင်ငံရေး အကူးအပြောင်းတွေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ၊ စီးပွားရေးတိုးတက်မှုတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာက စိတ်ဝင်တစားလာရောက် နားထောင်နေတာကိုလည်း တွေ့မြင်ခဲ့ရတယ်။ တစ်ချိန်တည်းမှာ နိုင်ငံတကာကလူတွေ အထင်လွဲနေတဲ့ကိစ္စတွေမှာဆိုရင် လူငယ်ကျောင်းသားတွေ အချင်းချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်တဲ့အတွက် အထင်လွဲတာတွေကိုလည်း ဖြေလျှော့နိုင်မယ်။ မြန်မာနိုင်ငံကလူငယ်တွေအနေနဲ့ အာရှနဲ့ ဥရောပကနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုကြိုးစားခဲ့တယ်ဆိုတာ သိမြင်နိုင်မယ်။ နောင်နှစ်မှာ စပိန်မှာကျင်းပမှာ ဖြစ်တာကြောင့် ဥရောပတိုက်က လူငယ်တွေနဲ့ ထိတွေ့ခွင့်ရပြီး သူတို့ရဲ့ နိုင်ငံရေးအတွေးအခေါ်၊ ပညာသင်ယူပုံ၊ ဘယ်အကြောင်းအရာတွေကို လေ့လာနေကြတယ်ဆိုတာ သိခွင့်ရမယ်၊ ကျောင်းသားတစ်ယောက်၊ ပြည်သူတစ်ယောက်၊ နိုင်ငံသားတစ်ယောက် ဘယ်လိုမျိုးတွေ ဆောင်ရွက်နေတယ် ဆိုတာတွေကို ပိုမိုလေ့လာခွင့်ရမယ်။

**မယေ့တိုင်ဆိန်း**။ ။ စပိန်နိုင်ငံမှာ ကျင်းပမယ့် $9^{th}$ Model ASEM ကို ပါဝင်လျှောက်ကြမယ့်သူတွေကို အားပေးချင်တာက ဒီပရိုဂရမ်က မိမိရဲ့အတွေးအခေါ်၊ အယူအဆတွေကို အများကြီးလမ်းဖွင့်ပေးပါတယ်။ ကိုယ့်ရဲ့နိုင်ငံကို ကိုယ်စားပြုခဲ့တာမဟုတ်ဘဲ ကိုယ်နဲ့ အတွေးအခေါ် အယူအဆအများကြီးကွဲပြားတဲ့ ရပ်ဝေးနိုင်ငံတစ်ခုရဲ့ နေရာဒေသကို ကမ္ဘာကြီးကနေ ပြန်ကြည့်ခွင့် ရခဲ့တယ်၊ ဘက်ပေါင်းစုံက ကျယ်ပြန့်တဲ့အမြင်နဲ့ ကမ္ဘာကြီးမှာဖြစ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး စတဲ့အကြောင်းအရာတွေကို လေ့လာသိရှိခွင့်ရခဲ့တယ်။

နိုင်ငံတကာက သူငယ်ချင်းတွေလည်း အများကြီး ရခဲ့တယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ အဖွဲ့အစည်းအတွက် အများကြီးအထောက်အကူပြုတဲ့ ပရိုဂရမ်ဖြစ်တဲ့အတွက် $9^{th}$ Model ASEM ကို လျှောက်ကြဖို့ တိုက်တွန်းလိုပါတယ်။ အမိကရရှိခဲ့တဲ့အကျိုးကျေးဇူးက အတွေ့အကြုံနဲ့ အထိအတွေ့ပါ။ ဒီပွဲမှာ ပါဝင်ဆွေးနွေးခဲ့ခြင်းက အကြောင်းအရာများစွာကို သင်ယူနိုင်ခဲ့တယ်၊ အထိအတွေ့ဆိုတာက ကိုယ်နဲ့ ယဉ်ကျေးမှုမတူတဲ့သူတွေ ကိုယ့်နိုင်ငံရဲ့အကြောင်း၊ ယဉ်ကျေးမှုအကြောင်းတွေကို ရှင်းပြခွင့်ရသလို နိုင်ငံရဲ့ လတ်တလော ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို ရှင်းပြခွင့်ရခဲ့တယ်။

**မဗျက်ပါရ်လိန်း**။ ။ စပိန်မှာကျင်းပမယ့်ပွဲအတွက် မြန်မာနိုင်ငံကလူငယ်တွေအနေနဲ့ ဒီပရိုဂရမ်ကို လျှောက်စေချင်ပါတယ်။ အခြားနိုင်ငံရဲ့ သမိုင်းတွေကို သိရပြီး ဗဟုသုတအများကြီးရစေပါတယ်။

**သတင်း- နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ- လှမိုး**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ်မူဝါဒရေးဆွဲရေးကော်မတီ (၃) ရပ်တွင် ပါဝင်သော ကော်မတီဝင်များနှင့် လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်များနှင့် အဖွဲ့အစည်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ လူငယ်ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**✻ ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေရဲ့ ၃၅ ဒသမ ၅၈ ရာခိုင်နှုန်းဟာ အသက် (၁၅) နှစ်ကနေ (၃၅) နှစ်ကြားမှာ ရှိတယ်လို့ ပြောပါတယ်။ လူငယ်တွေဟာ ကျွန်မတို့နိုင်ငံရဲ့ သုံးပုံတစ်ပုံ ကျော်တယ်ဆိုတဲ့သဘောပါပဲ။ ဒီလို သုံးပုံတစ်ပုံ ကျော်တယ်ဆိုတာဟာ စီးပွားရေးအတွက်၊ နောင်ပညာရေးအတွက် ကောင်းတဲ့လက္ခဏာပါ၊ လူငယ်အင်အားများလာရင် ကောင်းတာပေါ့၊ ဒါပေမယ့် အားလုံးသိမှာ ဖြစ်ပါတယ်၊ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာဆိုရင် တဖြည်းဖြည်းနဲ့ လူငယ်အင်အားက ကျသွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိသားစုတွေရဲ့ အရွယ်အစားက သေးသွားတယ်။

**အကုန်အကျများ**

"အများအားဖြင့် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ သားသမီး နှစ်ယောက်ထက် ယူလေ့သိပ်မရှိဘူး၊ ကျွန်မတို့နိုင်ငံမှာတောင်မှ ဒါ နှစ်ရာခိုင်နှုန်း မပြည့်တပြည့်လို့ ကျွန်မနားလည်တယ်၊ ကျွန်မတို့နိုင်ငံက ဒီလောက်တောင်မှ ဖွံ့ဖြိုးတိုးတက်သေးတာမဟုတ်ဘူး ဆိုပေမယ့်လည်း သားသမီးတွေနဲ့ ပတ်သက်ရင် သိပ်များတဲ့ မိသားစုဝင်တွေကို ထူထောင်တဲ့ အလေ့အထဟာ တဖြည်းဖြည်း ပျောက်လာပြီ၊ ဒါလည်း သားသမီးတွေကို ပြုစုပျိုးထောင်ဖို့ဟာ အင်မတန်မှ အကုန်အကျများလို့ပဲဖြစ်ပါတယ်၊ အကုန်အကျဆိုတာ ငွေရေးကြေးရေး အကုန်အကျသာမကပါဘူး၊ အင်အားစိုက်ထုတ်ရတဲ့ အကုန်အကျ၊ အချိန်ပေးရတဲ့ အကုန်အကျ၊ အခုခေတ်မှာဆိုရင် မိဘနှစ်ပါးလုံးက အလုပ်လုပ်တဲ့ အခါကျတော့ သားသမီးတွေ များများကို ကြည့်နိုင်ဖို့ဆိုတာ လက်တွေ့မကျပါဘူး။

"ဒါကြောင့်မို့ သားသမီးယူတဲ့နှုန်းဟာ ကျဆင်းလာတယ်၊ ကျဆင်းလာတာနဲ့အမျှ နောင်ဆိုရင် အဲဒီနိုင်ငံမှာ လူငယ်တွေရဲ့ ရာခိုင်နှုန်းဟာ ကျလာမှာပဲဖြစ်ပါတယ်၊ ဒီတော့ ရှိတဲ့လူများဟာ ကိုယ့်ရဲ့ အရည်အချင်းတွေကို အစွမ်းကုန်မြှင့်တင်ဖို့ဟာ ကျွန်မတို့နိုင်ငံအတွက် အများကြီးပဲ အရေးကြီးပါတယ်၊ လူငယ်ရေးရာ မူဝါဒ မူကြမ်းကို လုပ်ငန်းစဉ်အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက် အတည်ပြုနိုင်ခဲ့ပြီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်စားပြု လူငယ်အဆင့်ဆင့် ရွေးချယ်တယ်၊ လူငယ်များရဲ့ အကြံပြုချက်၊ ဆွေးနွေးချက်များကို ရယူနိုင်ခဲ့တယ်၊ မူကြမ်းရေးဆွဲတဲ့အဖွဲ့ အစည်းအဝေး သုံးကြိမ်၊ လုပ်ငန်းကော်မတီအစည်းအဝေး နှစ်ကြိမ်၊ ဗဟိုကော်မတီအစည်းအဝေး တစ်ကြိမ်နဲ့ ကော်မတီသုံးရပ် တွေ့ဆုံဆွေးနွေးပွဲ တစ်ကြိမ်ကျင်းပ ဆောင်ရွက်ခဲ့ပါတယ်၊ လူငယ်ရေးရာမူဝါဒ မူကြမ်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှာ အတည်ပြုပြဌာန်းပြီးဖြစ်ပါတယ်။

**လူငယ်တွေနဲ့ လူကြီးတွေကြား ဆက်ဆံမှု**

"ကျွန်မတို့ လူငယ်တွေအတွက် အရေးအကြီးဆုံးကတော့ ပညာရေးနဲ့ ကျန်းမာရေးဆိုတာ ထူးထူးထွေထွေ ပြောစရာမလိုပါဘူး၊ နောက်အရေးကြီးတဲ့ ကိစ္စတစ်ခုကတော့ ကျွန်မတို့ လူငယ်တွေနဲ့ လူကြီးတွေကြား ဆက်ဆံမှုဟာ ချောမွေ့ဖို့ ၊ နောက်ပြီး အပြုသဘောဆောင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်၊ အခုဆိုရင် တစ်ကမ္ဘာလုံးက ဘယ်လိုသတ်မှတ်ထားသလဲဆိုတော့ မျိုးဆက်တစ်ဆက်နဲ့တစ်ဆက်ဟာ မတူကြဘူး၊ မတူကြတော့ သူတို့ပြောတာ Generation Gap ပေါ့၊ မျိုးဆက်တွေကြားမှာ ကွာခြားမှုတွေဟာ ကြီးမားတယ်လို့ ပြောပါတယ်၊ ဒါပေမယ့် တကယ်တော့လည်း ဒီလိုဖြစ်ဖို့တော့မလိုပါဘူး၊ အများအားဖြင့်တော့ တော်လှန်ရေးကာလတွေမှာဆိုရင် ဒီလိုကွာခြားမှုက ကြီးသွားပါတယ်၊ တော်လှန်ရေးဆိုတာ နိုင်ငံရေးအရ တော်လှန်ရေးတင် ပြောတာမဟုတ်ပါဘူး၊ နည်းပညာအရတော်လှန်ရေး၊ လူမှုရေးအရတော်လှန်ရေး၊ ဥပမာဆိုရင် ကျွန်မတို့ ကမ္ဘာကြီးရဲ့သမိုင်းကိုပြန်ကြည့်ရင် စက်မှုတော်လှန်ရေး၊ နောက်ကိုပြန်ကြည့်လိုက်ရင် စိုက်ပျိုးရေးတော်လှန်ရေး၊ ရှေ့ကိုကြည့်လိုက်ရင် နိုင်ငံရေးအရတော်လှန်ရေး တော်လှန်ရေးတွေအမျိုးမျိုးပါ၊ တော်လှန်ရေးဆိုတာ စနစ်တစ်ခုကို မြန်မြန်ဆန်ဆန်နဲ့ တော်တော်လှုပ်လှုပ်ရှားရှားနည်းတွေနဲ့ ပြောင်းလိုက်တာကို တော်လှန်ရေးလို့ပဲ ယေဘုယျအားဖြင့် သတ်မှတ်ပါတယ်၊ Evolution ကတော့ တော်လှန်ရေးမဟုတ်ဘဲနဲ့ တဖြည်းဖြည်း ပြောင်းလဲတာတော့ တစ်ကမ္ဘာလုံးမှာ တစ်ချိန်လုံးရှိနေတာပဲ။

**ညှိယူလို့ရ**

"ဒါပေမယ့် ဒီလိုတော်လှန်ရေးကာလတွေမှာဆိုရင် မျိုးဆက်သစ်တွေနဲ့ လူကြီးတွေအကြားမှာ ကွာဟမှုဟာ ပိုပြီးတော့ကြီးသွားတတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေရဲ့ အတွေးအခေါ်တွေဟာ ခေတ်တော်လှန်ရေး စိတ်ဓာတ်တွေနဲ့ ပိုပြီးတော့ကိုက်ညီပြီးတော့ လူကြီးတွေကတော့ အရင်တုန်းက အတွေးအခေါ်တွေကို လွယ်လွယ်ကူကူနဲ့ မစွန့်လွှတ်နိုင်တာကို မြင်နိုင်ပါတယ်၊ ဒါပေမယ့် ဒါတွေဟာလည်း ညှိယူလို့ရတဲ့ကိစ္စပါ၊ ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေဆီက လူငယ်တွေကလည်း အများကြီးသင်ယူနိုင်စရာ ရှိပါတယ်၊ သိပ္ပံပညာရှင်တွေက ပြောထားတယ်။ ကျွန်မတို့လူသားတွေဟာ တခြားသတ္တဝါတွေထက် ပိုပြီးတော့ တိုးတက်မှုရှိနိုင်တဲ့ အကြောင်းတစ်ခုက ဘာလဲဆိုတော့ ကျွန်မတို့ဟာ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက်ကို ဆက်ပြီးတော့ သင်ကြားပေးနိုင်တဲ့ အရည်အချင်း၊ လုပ်ရည်ကိုင်ရည်တွေ ရှိလို့ပဲ၊ ဥပမာပြောရရင် တိရစ္ဆာန်လေးတွေဆိုရင် တိရစ္ဆာန်လေးတွေ မွေးလာပြီး ရှင်သန်ဖို့အတွက် တိရစ္ဆာန်မိဘတွေဟာ အားလုံး အစကနေစပြီး သင်ပေးရတယ်၊ ဘယ်လိုပျံရမယ်၊ ဘယ်လိုနေရမယ်၊ ဘယ်လို အစာရှာရမယ်၊ အဲဒီတော့ ဒီသတ္တဝါလေးတွေ တစ်သက်မှာ အခြေခံရှင်သန်နိုင်ရေး ပညာတွေပဲ ပေးနိုင်တယ်၊ ကျွန်မတို့ လူသားတွေက ဒါနဲ့ကွာတယ်၊ ကျွန်မတို့ လူသားတွေက နံပါတ်တစ် စကားပြောနိုင်တယ်၊ စကားပြောလို့ရတဲ့အတွက် တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးလို့ရတယ်၊ ကိုယ့်ရှိတဲ့ ပညာတွေကို တခြားလူတွေကို ပေးလို့ရတယ်၊ ညှိပြီးတော့ ဒီပညာတွေကို ပိုပြီးတော့ နက်နဲအောင် လုပ်လို့ရတယ်။

**ပြည့်ဝတဲ့လူသားတွေဖြစ်အောင် လုပ်ပေး**

"နောက်တစ်ဆင့်ကတော့ စာရေးတာ၊ စာရေးလိုက်တော့ ပိုပြီးတော့တောင်မှ ထားခဲ့လို့ရတယ်၊ မျိုးဆက် တစ်ခုမှတစ်ခု မျိုးဆက်ပေါင်းများစွာ ကိုယ်တတ်ခဲ့တဲ့၊ သိခဲ့တဲ့ကိစ္စတွေကို နောင်မျိုးဆက်တွေကို ပို့ချနိုင်တဲ့ အနေအထားမှာရှိလာတယ်၊ အဲဒီတော့ ကျွန်မတို့ မိဘတွေဟာဆိုရင် မွေးကတည်းကနေပြီး ကလေးလေးတွေကို ရှင်သန်နိုင်ဖို့၊ စားနိုင်ဖို့၊ သောက်နိုင်ဖို့၊ လမ်းလျှောက်နိုင်ဖို့၊ ထိုင်နိုင်ဖို့ ဒီလောက်သင်ပြရုံနဲ့ မပြီးတော့ဘူး၊ အများကြီးထပ်ပြီးတော့ သင်ပြနိုင်တာတွေရှိတယ်၊ နောက်ပြီးတော့ မိဘတွေကိုယ်တိုင် လုံလုံလောက်လောက် မသင်ပြနိုင်လို့ ကျောင်းစနစ်ဆိုတာ ပေါ်လာတာပါ၊ ကျောင်းတွေက ဒါပါပဲ၊ မိဘတွေ မသင်ပြနိုင်တဲ့ ကိစ္စတွေကို ဖြည့်ဆည်းပေးဖို့၊ နောက်ပြောရမယ်ဆိုရင် မိဘတွေနဲ့ ကျောင်းတွေနဲ့ ပူးပေါင်းပြီးတော့ ကလေးတွေကို ပြည့်ဝတဲ့လူသားတွေဖြစ်အောင် လုပ်ပေးတဲ့သဘောပါပဲ၊ ကျွန်မတို့ လူငယ်တွေ ပိုပြီးတော့တိုးတက်ဖို့ဆိုရင် ပညာရေး၊ ကျန်းမာရေးနဲ့ အားကစား ကဏ္ဍမှာ ကျွန်မတို့အားပေးချင်ပါတယ်၊ ပညာရေးဆိုတာကတော့ ထူးထူးထွေထွေပြောနေဖို့မလိုပါဘူး၊ ကျန်းမာရေးကလည်း ပြောနေဖို့မလိုပါဘူး၊ အားကစားနဲ့ပတ်သက်လို့ ကျွန်မနည်းနည်းလေးပြောချင်ပါတယ်၊ အားကစားဆိုတာ တချို့ကတော့ အားကစားနဲ့ ပတ်သက်ပြီးတော့ အထူးသဖြင့် ကျန်းမာရေးအတွက် လိုအပ်တယ်လို့ ထင်ပါတယ်။

"ကျွန်မကတော့ ပိုပြီးအရေးကြီးတာ စိတ်ဓာတ်ရေးရာပဲလို့ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အားကစား တော်တော်များများဟာ အစုအဖွဲ့နဲ့ပဲ လုပ်ရတာပါ၊ ကျွန်မတို့နိုင်ငံရဲ့ အားနည်းချက်တစ်ခုက အစုအဖွဲ့နဲ့ အတူတူ လုပ်တတ်တဲ့ အရည်အချင်းမရှိတဲ့ဟာပါပဲ၊ ဒါကြောင့်မို့ ကျွန်မတို့ ပညာရေးစနစ်မှာ အစုအဖွဲ့နဲ့ အတူတူလုပ်တတ်ဖို့၊ လုပ်ဆောင်ဖို့ မသင်ပေးတာကြောင့် ကိုယ်တစ်ယောက်တည်း အမှတ်အများဆုံးရအောင် လုပ်တဲ့စနစ်ကနေပြီးတော့ ထွက်ပေါ်လာတဲ့ စိတ်ဓာတ်တွေဟာ ကျွန်မတို့နိုင်ငံရဲ့ ညီညွတ်ရေးအတွက်၊ စုပေါင်းလုပ်ဆောင်ရေးအတွက် အထောက်အကူမဖြစ်ပါဘူး၊ ဒါပေမယ့်လည်း ဂုဏ်ယူပြီး ပြောရမယ်ဆိုရင် ကျွန်မတို့ ပညာရေးစနစ်က အားနည်းခဲ့တယ် ဆိုပေမယ့် ကျွန်မတို့ ပြည်သူတွေရဲ့ စုစည်းမှု စိတ်ဓာတ်ကကောင်းပါတယ်၊ တကယ်အရေးကြီးရင် သွေးစည်းကြစို့ဆိုတဲ့ စိတ်ဓာတ်ဟာ ကျွန်မတို့ ပြည်သူတွေထဲမှာရှိတယ်လို့ ယုံကြည်ပါတယ်၊ ဘယ်လူ့အသိုင်းအဝိုင်းမှာမှ တစ်ရာ ရာခိုင်နှုန်း ညီညွတ်တယ်၊ တစ်သဘောတည်းရှိတယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒါကျွန်မတို့နိုင်ငံမှာ နိုင်ငံသူ နိုင်ငံသားတွေဟာ အရေးကြီးရင် သွေးစည်းတယ်ဆိုတဲ့ စိတ်ဓာတ်ဟာ အခုထက်ထိ ရှင်သန်နေတယ်ဆိုတော့ ပညာရေးရဲ့ အားနည်းချက်တွေကို ကျော်လွှားနိုင်မယ်ဆိုတာ ကျွန်မတို့လူငယ်တွေရဲ့ အလားအလာတွေလည်း အင်မတန်ကောင်းပါတယ်၊ နိုင်ငံအတွက်လည်း အလားအလာတွေ အင်မတန်ကောင်းပါတယ်၊ ဒီတော့ ကောင်းတဲ့အရည်အချင်းတွေကို ပိုပြီးတော့ အားသန်အောင် လုပ်စေချင်တယ်၊ ဒီစိတ်ဓာတ်တွေကို ထိန်းသိမ်းထားစေချင်တယ်၊ တစ်ချိန်တည်းမှာလည်း စုစည်းပြီးတော့ လုပ်နိုင်တဲ့ အရည်အချင်းတွေကို လေ့ကျင့်ယူစေချင်တယ်။

**ကောင်းတဲ့ပြိုင်ဆိုင်ခြင်း**

"အဲဒီတော့ မိဘတွေကလည်း လုပ်ပေးရမယ်၊ ကျောင်းဆရာ ဆရာမတွေကလည်း လုပ်ပေးရမယ်၊ မိဘတွေကလည်း အိမ်မှာတစ်ခါတည်း ဘယ်သူနဲ့ပြိုင်ဖို့ဆိုတာချည်းပဲ မသင်ဘဲနဲ့ ကိုယ့်ရဲ့မိတ်ဆွေတွေ၊ ကိုယ့်ရဲ့ သူငယ်ချင်းတွေနဲ့ စုပေါင်းပြီး ညီညီညာညာ လုပ်ဆောင်ဖို့ကို သင်ပေးဖို့လိုပါတယ်၊ အခု ကျွန်မ နားလည်တာက ကျွန်မတို့ မိဘတွေ တော်တော်များများက စာမေးပွဲနဲ့ ပတ်သက်ရင် ဘယ်သူက ဘယ်တုန်းကဖြင့် ဘယ်သူ့သားသမီးကဖြင့် အမှတ် ဘယ်လောက်ရတယ်၊ ပြိုင်တဲ့ဘက်ကို တွန်းပေးနေတဲ့ သဘောပါ၊ ပြိုင်တာ မကောင်းဘူးလို့ ပြောတာမဟုတ်ပါဘူး၊ ဒါပေမယ့် ကောင်းတဲ့ ပြိုင်ဆိုင်ခြင်းနဲ့ မကောင်းတဲ့ ပြိုင်ဆိုင်ခြင်း ရှိတယ်၊ ကောင်းတဲ့ ပြိုင်ဆိုင်ခြင်းဆိုတာ ကိုယ့်ရဲ့ အရည်အချင်း တိုးတက်အောင်လုပ်ခြင်းအားဖြင့် တစ်ဖက်ကလည်း သူ့အရည်အချင်းတိုးတက်အောင် လုပ်တယ်ဆိုတော့ အားလုံးအတွက်၊ နှစ်ဖက်စလုံး အတွက် အကျိုးအမြတ်ရှိပါတယ်၊ မကောင်းတဲ့ ပြိုင်ဆိုင်ခြင်းဆိုတာကတော့ နောက်ဆုံးကျတော့ မနာလိုတဲ့ စိတ်၊ သဝန်တိုတဲ့ စိတ်၊ ညစ်ချင်တဲ့ စိတ်၊ ငါနိုင်ရင်ပြီးရော ဘယ်လိုညစ်ရညစ်ရ၊ ငါ့ဘက်ကသာရင်ပြီးရော ဘယ်လို ထိခိုက်ရ ထိခိုက်ရဆိုတော့ အဲလိုစိတ်ဓာတ်ကတော့ မကောင်းပါဘူး၊ ဒါကြောင့် ကျွန်မတို့က အားကစားကို အားပေးတယ်ဆိုတာဟာ အားကစားလုပ်ခြင်းအားဖြင့် မှန်ကန်တဲ့ ယှဉ်ပြိုင်တဲ့ စိတ်ဓာတ်တွေ၊ ကောင်းမွန်တဲ့ အစုအဖွဲ့စိတ်ဓာတ်တွေကို အားပေးချင်လို့ဖြစ်ပါတယ်။

**အားကစားသမားစိတ်ဓာတ်**

"ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် အခုခေတ်မှာတော့ အသုံးအနှုန်းက ခေတ်မစားတော့ဘူး၊ နောင်ပြန်ပြီး ခေတ်စားမလားတော့မသိဘူး၊ အားကစားသမားများရဲ့ စိတ်ဓာတ် (Sports Principle) ၊ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ဥပမာ ရှုံးလို့ ငိုတာတို့ ဘာတို့ဆိုရင် အားကစားသမားရဲ့ စိတ်ဓာတ် မရှိဘူးဆိုပြီး ဝေဖန်ခံရတယ်၊ တချို့တွေက လိုက်တမ်း ပြေးတမ်းကစားရင်တောင် တစ်ချိန်လုံးပဲ လိုက်နေရတယ်၊ ပျင်းလာရော၊ ပျင်းလာတဲ့ အခါကျတော့ စိတ်ကောက်တာတို့၊ စိတ်ဆိုးတာတို့၊ မကစားဘူးလို့ ပြောတာတို့ လုပ်ခဲ့တယ်၊ ငယ်ငယ်ကတည်းက မိဘတွေကသင်တယ်၊ အဲဒါ အားကစားစိတ်ဓာတ်မရှိတာဘဲ၊ ကိုယ်က မဖမ်းနိုင်လို့ လိုက်နေရတယ်၊ ဆက်ပြီးတော့ကြိုးစားရမယ်၊ မိအောင်လို့ ကြိုးစားရမယ်၊ အဲဒီအားကစားသမား စိတ်ဓာတ်ရှိရမယ်ဆိုပြီးတော့ အမြဲတမ်းသင်ပေးလေ့ရှိတယ်၊ ကျွန်မတို့ ကျောင်းတွေမှာ ဒီလိုသင်ပေးတာ မကြားတော့ဘူး၊ အားကစားသမားစိတ်ဓာတ်ဆိုတာလည်း သိပ်မကြားရတော့ဘူး၊ ဒီဟာတွေ ပြန်ပြီးတော့ ရှင်သန်အောင်၊ ဒီအတွေးအခေါ်တွေ ပြန်ပြီးတော့ ရှင်သန်အောင်လို့ လုပ်ချင်ပါတယ်၊ နောက်ပြီးတော့ ကျွန်မတို့ဟာ အလုပ်အကိုင် အခွင့်အလမ်းတွေနဲ့ ပတ်သက်လို့ အလုပ်အကိုင်အခွင့်အလမ်းဆိုတာလည်း ပညာရေးနဲ့ ဆက်စပ်နေပါတယ်၊ စိတ်ဓာတ်နဲ့ ဆက်စပ်နေပါတယ်၊ လိုအပ်တဲ့ ပညာအရည်အချင်းတွေရှိမှပဲ အလုပ်ရနိုင်မှာပါ၊ အလုပ်ထဲမှာ အောင်မြင်ဖို့ဆိုတာလည်း မှန်ကန်တဲ့စိတ်ဓာတ်လိုပါတယ်၊ အခု ကျွန်မတို့နိုင်ငံမှာ ဆိုရင် အသက်မွေးဝမ်းကျောင်းပညာကို အားပေးနေပါတယ်။ **စာမျက်နှာ ၉ သို့** ❖

❖စာမျက်နှာ ၈ မှ

"အသက်မွေးဝမ်းကျောင်းပညာကို အားပေးတယ်ဆိုတာဟာ ကျွန်မတို့ နိုင်ငံရဲ့ တိုးတက်ရေးအတွက် ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ လူငယ်တွေရော၊ လူငယ်တွေရဲ့ မိဘတွေရောဟာ စိတ်ထား မှန်မှန်ကန်ကန် ထားတတ်စေချင်လို့လည်း ဖြစ်တယ်။ ဥပမာပြောရမယ်ဆိုရင် ပညာသင်တယ်ဆိုတာဟာ ဂုဏ်အတွက်ပဲ သင်တာမဟုတ်ဘူး။ ပိုက်ဆံအတွက်ပဲ သင်တာမဟုတ်ဘူး။ စောစောက ကျွန်မပြောခဲ့သလို၊ လူသားများဟာ ခေတ်တစ်ဆက်နဲ့တစ်ဆက် ပို့ချပေးနိုင်အောင်လို့၊ ကောင်းတဲ့ အမွေတွေ၊ ပညာအမွေတွေ ထားပစ်ခဲ့နိုင်အောင်လို့ အဲဒါကြောင့်ပဲ ပညာသင်ရတာ ဖြစ်ပါတယ်။ ကျွန်မတို့ သင်ယူတဲ့ ပညာတွေဟာ ကျွန်မတို့ ကမ္ဘာကြီးအတွက်၊ လူသားတွေအတွက် တန်ဖိုးရှိရမယ်။ ဘွဲ့ရရုံနဲ့၊ ဘွဲ့ရတယ်ဆိုတဲ့ ဂုဏ်လေးရှိသွားရုံနဲ့ လူသားတွေအတွက် တန်ဖိုးရှိသွားတာမဟုတ်ပါဘူး။ အသက်မွေးဝမ်းကျောင်း ပညာဆိုတာ ကိုယ်နေတဲ့နိုင်ငံ အချိန်ကာလအတွင်းမှာ အကျိုးပြုနိုင်တဲ့ ပညာရပ်တွေကို ဆိုလိုတာပါ။ ဒါကြောင့်မို့လို့ ကျွန်မတို့ လူငယ်တွေဟာ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ယူဖို့ စိတ်အားထက်သန်စေချင်ပါတယ်။

### အပေါင်းလက္ခဏာ

"အသက်မွေးဝမ်းကျောင်းပညာ သင်ယူထားတာဟာ တက္ကသိုလ်က ဘွဲ့လောက်တန်ဖိုးမရှိဘူးဆိုတဲ့ စိတ်ဓာတ်ကို လုံးလုံးမထားပါနဲ့။ ကျွန်မ ခဏခဏသတိပေးပါတယ်။ ကမ္ဘာပေါ်မှာ အတိုးတက်ဆုံး၊ အချမ်းသာဆုံးဖြစ်တဲ့ နိုင်ငံတချို့ဆိုရင် အသက်မွေးဝမ်းကျောင်းပညာဘက်က အင်မတန်မှ အားသန်ပါတယ်။ တက္ကသိုလ်ပညာနဲ့ယှဉ်ရုံတင်မကဘူး၊ တချို့ဆိုရင် တက္ကသိုလ်ပညာထက်တောင် သာနေတာကို တွေ့ရပါတယ်၊ လက်တွေ့ကျကျ တန်ဖိုးထားတတ်တဲ့ စိတ်ဓာတ်ပါပဲ။ ဂုဏ်ပကာသနကို ကြည့်တာမဟုတ်ဘဲနဲ့ တကယ့် စစ်မှန်တဲ့တန်ဖိုးကို အလေးထားတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ အသက်မွေးဝမ်းကျောင်းပညာဘက်ကို သွားဖို့ လူငယ်တွေကို ကျွန်မတိုက်တွန်းချင်ပါတယ်။ ဒါကတော့ အပေါင်းလက္ခဏာဆောင်တာပါ။ အနုတ်လက္ခဏာဆောင်တဲ့ကိစ္စတွေ ရှောင်ကြဉ်ရတဲ့အထဲမှာ စိတ်ဓာတ်ဘက်က ပြန်ပါလာပြန်ပါတယ်။ စိတ်ဓာတ်ဘက်က ပါတယ်ဆိုတာ စောစောကပြောသလို တစ်ယောက်နဲ့ တစ်ယောက် မကောင်းတဲ့ ယှဉ်ပြိုင်ချင်တဲ့ စိတ်ဓာတ်တွေ၊ အဲဒါတွေဟာ ငယ်ငယ်ကတည်းက အလေ့အကျင့်မလုပ်မှ ဖြစ်ပါလိမ့်မယ်။ မိဘတွေကလည်း အားမပေးသင့်ပါဘူး။ ဆရာသမားတွေကလည်း အားမပေးသင့်ပါဘူး။ လူငယ်တွေကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကိုယ်သတိပြုဖို့ လိုပါတယ်။

### လိုက်ပြီးတိုးတက်ချင်

"နောက်ဆုံးပြောရရင် ကိုယ့်ကိုယ်ကိုယ် ကိုယ်ပဲပြင်နိုင်တယ်။ မိဘတွေ၊ ဆရာတွေဆိုတာ အထောက်အကူပဲ။ ဆရာဝန်တောင်မှ ဆရာဝန်က ကုနိုင်မှာ မဟုတ်ဘူး။ လူနာက သူ့ကိုယ်သူ ကုရမယ်။ ဆရာဝန်က အထောက်အကူပဲ။ ဆရာဝန်က ဘယ်လိုကုသရမယ်ဆိုတာကို လမ်းညွှန်လိုက်တာပဲ။ အထောက်အပံ့ ပေးလိုက်တာပဲ။ ဆရာဝန်ကဆေးပေးလို့ လူနာကမသောက်ရင် သက်သာမှာ မဟုတ်ဘူး။ လူနာက ကိုယ့်ကိုယ်ကိုယ် ကုသရတယ်။ ဒီနည်းလမ်းအတိုင်းပဲ၊ ကျွန်မတို့ စိတ်ဓာတ်တွေ ပြုပြင်ဖို့ဆိုရင်၊ ကျွန်မတို့ လုပ်နည်းကိုင်နည်းတွေ မှန်ကန်ဖို့ဆိုရင် ဆရာသမားတွေရော၊ မိဘတွေရော အထောက်အကူ မျှသာဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင် ကြိုးစားရမှာပါ။ မှန်ကန်တဲ့ စိတ်ဓာတ်တွေကို မွေးမြူစေချင်တယ်။ ကျွန်မတို့ ကမ္ဘာကြီးမှာ အင်မတန်မှ လောဘတက်နေတယ်လို့ ဆိုရမှာပဲ။ တချို့ကမေးမယ်၊ လောဘဆိုတာ လူသားတွေ စပြီးရှိကတည်းက ပေါ်လာခဲ့တာမဟုတ်ပါဘူး။ မှန်ပါတယ်။ ဒါပေမယ့် လောဘကြီးစရာ အရာတွေက သိပ်များတဲ့အခါကျတော့ ပိုပြီးတော့ လောဘတွေတက်ပါတယ်။ ဒီအခန်းထဲမှာ ကြည့်လိုက်ရင် ဒီလို မီးဆိုင်းကြီးတွေ၊ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ဒီလိုဆင်ထားတဲ့မီးကြီးတွေက ကျွန်မတို့နိုင်ငံက အဆောက်အအုံထဲမှာမရှိဘူး။ မရှိတဲ့အခါကျတော့ ဘယ်သူကမှလည်း ဒီဟာတွေကို တပ်ဖို့ မစဉ်းစားဘူး။ ဒီဟာအတွက် ငွေရေးကြေးရေး ရှာစရာမလိုဘူး။ ကမ္ဘာကြီးကတော့ ဒီလိုပဲဖြစ်နေမှာပဲ။ ကျွန်မတို့နိုင်ငံတင် မဟုတ်ဘူး။ တခြားနိုင်ငံမှာ တိုးတက်သလောက် ကျွန်မတို့ကလည်း လိုက်ပြီးတိုးတက်ချင်မှာပဲ။ ဒါက သဘာဝကျပါတယ်။

### ကိုယ့်ဟာကိုယ်ထိန်း

"လိုချင်စရာတွေ ပိုများလာတာနဲ့အမျှ လူတွေက လောဘတက်လာတယ်။ လောဘနဲ့ ဒေါသတွေကလည်း လိုက်လာတာပေါ့၊ ပစ္စည်းတစ်ခုကို တစ်ယောက်မက လိုချင်ရင် အကြံတူညာဏ်တူ ဆိုသလိုပေါ့။ တခြားလိုချင်တဲ့ သူတွေနဲ့ ရန်ဘက်ဖြစ်လာပါတယ်။ အဲဒီလို လောဘတွေ၊ ဒေါသတွေ အင်မတန်မှ တက်လာတဲ့ ကမ္ဘာကြီးမှာ ကျွန်မတို့နိုင်ငံက ထူးထူးခြားခြား ဒီလောဘ၊ ဒေါသတွေကို ထိန်းနိုင်မယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟပေါ့၊ မောဟဆိုတာကတော့ လောကီအရဆိုရင်တော့ ပညာရေးစနစ်ကောင်းကောင်းနဲ့ ထိန်းကျောင်းရမှာပေါ့။ လောဘ၊ ဒေါသကတော့ ကိုယ့်ဟာကိုယ်ထိန်းရမယ်။ လူငယ်တွေက ကိုယ့်ဟာကိုယ် ပြုပြင်နိုင်တဲ့ အနေအထားရှိလို့ ပြုပြင်ကြပါ။ ဒီအခွင့်အရေးကြီးကို မလွှတ်ပါနဲ့။ အသက်ကြီးလာပြီးတော့ အင်္ဂတေကိုင်သလို ကိုင်ပြီးသွားရင် နည်းနည်းပြုပြင်ရခက်ပါတယ်။ ကျွန်မတို့ လူကြီးတွေကို ပြုပြင်ရတာ သိပ်မလွယ်ဘူးဆိုတာ သဘောပေါက်ပါတယ်။ ပြုပြင်နိုင်တဲ့ အရည်အချင်းက ကြီးတာ၊ငယ်တာနဲ့မဆိုင်ပါဘူး။ ဒါကြောင့် ကျွန်မအနေနဲ့ ခဏခဏ ပြောပါတယ်။ တော်တာ၊ မတော်တာကို မခွဲခြားဘူး။ သင်လို့ရတဲ့လူနဲ့၊ မရတဲ့လူဆိုတာကို ခွဲခြားပြီးမြင်ပါတယ်။

### ကိုယ့်အတွက်ပါ

"ဇာတ်တော်တစ်ခုကို ကျွန်မ ခဏခဏဖတ်ရပါတယ်။ ဒီဇာတ်တော်ကို မြတ်စွာဘုရားကနေပြီးတော့ သင်ရခက်တဲ့ ရဟန်းတော်တစ်ပါးကို အကြောင်းပြုပြီး ဟောလိုက်တာပါ။ မြတ်စွာဘုရားတောင် တော်တော်ခက်ခက်ခဲခဲနဲ့ ရဟန်းတွေကို သင်ပေးရတယ်ဆိုတော့ ကျွန်မတို့ လောကကြီးမှာ သင်ရခက်တဲ့လူ တော်တော်များမှာပဲလို့ ကျွန်မသဘောပေါက်မိပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် သင်ရလွယ်တဲ့လူ ဖြစ်အောင် ကြိုးစားပါ။ ကိုယ့်ပတ်ဝန်းကျင်ကနေပြီးတော့ သင်ယူပါ။ ကိုယ်ကလည်း တခြားလူတွေကို သင်ပေးဖို့ကို သဝန်မတိုပါနဲ့။ မျှဝေပါ။ ကိုယ့်မှာရှိတဲ့ ပညာတွေကိုမျှပါ။ မျှခြင်းအားဖြင့် ပွားများပါတယ်။ သက္ကတ စကားပုံ တစ်ခုရှိပါတယ်။ ပညာဟာ တခြားဟာတွေနဲ့ မတူဘူး။ မျှလေမျှလေပွားလေ၊ ကိုယ့်အတွက်လည်း လုံးလုံး မလျော့သွားဘူးတဲ့။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ်ရေးရာမူဝါဒမိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။**

ဖယောင်းတိုင်လေးတစ်တိုင်ကနေ ဖယောင်းတိုင်တစ်ရာလာပြီး မီးညှိလို့လည်း ပထမ ဖယောင်းတိုင်ရဲ့ မီးကမသေသွားဘူး။ သို့သော်ငြားလည်း ဒီဖယောင်းတိုင် ငြိမ်းသွားလည်း သူထားပစ်ခဲ့တဲ့ ဖယောင်းတိုင်တွေက ဆက်ပြီးတော့ အလင်းရောင်ပေးနေတယ်။ ဒါကြောင့်မို့ ပညာမျှခြင်းဆိုတာ တခြားဟာတွေ ဝေမျှခြင်းနဲ့ လုံးဝမတူပါဘူး။ ကိုယ့်အတွက်ပါ ပွားပွားသွားပါတယ်ဆိုတာကို ကျွန်မတို့ လူငယ်တွေစိတ်ထဲမှာ ထားစေချင်ပါတယ်။ ဒါကတော့ အပေါင်းလက္ခဏာဆောင်ခြင်းအားဖြင့် လုပ်စေချင်တဲ့ကိစ္စပါ။ အနုတ်လက္ခဏာနဲ့ ပတ်သက်လို့ကတော့ အများကြီးပါပဲ။

"ဒါပေမယ့် ကျွန်မ ထောက်ပြချင်ပါတယ်။ မူးယစ်ဆေးဝါး အန္တရာယ်ပါ။ ဒါကိုတော့ ကျွန်မတို့နိုင်ငံက လူငယ်တွေ တော်တော်များများဟာ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ နိစ္စဓူဝ ရင်ဆိုင်နေရတယ်။ ဒီအန္တရာယ်ကို ကျော်လွှားနိုင်တဲ့သူ ရှိသလို မကျော်လွှားနိုင်ဘဲ ဘဝနစ်မြုပ်သွားတဲ့ လူငယ်တွေလည်း ရှိပါတယ်။ အဲဒါကိုတော့ အထူးသတိထားစေချင်ပါတယ်။

### သွေးထိုးပေးတာတွေ

"တစ်ဦးနဲ့တစ်ဦးကိုလည်း ပံ့ပိုးစေချင်ပါတယ်။ ကူညီစေချင်ပါတယ်။ ကျွန်မ မကြိုက်တဲ့ အကျင့်တစ်ခုက အထူးသဖြင့် အမျိုးသားတွေကြားထဲမှာ ဖြစ်တတ်တာရှိတယ်။ မင်း "ယောကျ်ား"မဟုတ်ဘူးလား။ မလုပ်ရဲဘူးလား။ မလုပ်ရဲဘူးဘဲ ပြောလိုက်ပါ။ မဟုတ်တာလုပ်တာကို မလုပ်ရဲတာဘာဖြစ်လဲ။ မဟုတ်တာလုပ်တာကို လုပ်ရမှာ ကြောက်တာဘာဖြစ်လဲ။ ငါကြောက်တယ်၊ ပြောလိုက်တာဘာဖြစ်လဲ၊ အဲဒီလိုနည်းနဲ့ မသောက်ရဲဘူးလား၊ မစားရဲဘူးလား ဆိုပြီးတော့ သွေးထိုးပေးတာတွေကြောင့် စိတ်ကမပါသွားပါနဲ့။ အဲဒီဟာကို လက်ခံတာဟာ ကိုယ်ညံ့တာကို ပြတာပဲ၊ မဟုတ်မှန်းသိလျက်သားနဲ့၊ မမှန်မှန်းသိလျက်သားနဲ့ သူများရဲ့ဖိအားကို မလွန်ဆန်နိုင်တာ၊ အဲဒီတော့ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်လို့ ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းသလို ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပေးပါ။ ကိုယ်ကိုယ်တိုင်က မူးယစ်ဆေးဝါး သုံးနေပြီဆိုရင် ဒါတွေကတော့ လူတွေရဲ့ သဘာဝပါ။ ကိုယ့်ကိုယ်ကိုယ် ညှာပြီး စဉ်းစားနိုင်အောင် သူများတွေပါ မကောင်းအောင် လိုက်လုပ်တဲ့ အကျင့်လေးတွေရှိတယ်။

### ပြောရဲတဲ့ သတ္တိရှိဖို့လို

"အဲဒီတော့ ဒီအကျင့်လေးတွေကိုလည်းဖျက်ပါ။ ကိုယ်က မူးယစ်ဆေးဝါးစွဲနေတယ်၊ ဒုက္ခရောက်နေတယ်ဆိုရင် ကိုယ့်ရဲ့သူငယ်ချင်းတွေကို မင်းတို့ ငါ့လိုမလုပ်နဲ့ဆိုပြီး ပြောရဲတဲ့ သတ္တိရှိဖို့လိုတယ်။ ပြောရဲတဲ့ စေတနာ၊ ပြောချင်တဲ့ စေတနာရှိဖို့လိုပါတယ်။ အားလုံးကလည်း ဝိုင်းပြီးတော့ ကိုယ့်ရဲ့ မိတ်ဆွေတွေ ဒီလိုပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီဆိုရင် ဝိုင်းပြီး ကူညီကြပါ။ အထင်မသေးပါနဲ့။ ဒီတစ်ယောက်ကတော့ ဆေးသမားပဲ ဆိုပြီးတော့၊ ကိုယ်လည်း အခြေအနေကြောင့်မို့လို့ ဆေးသမားမဖြစ်လိုပါဘူး။ သူ့ပတ်ဝန်းကျင်၊ သူ့အခြေအနေမှာ ကိုယ်ကြီးလာရင် ကိုယ်ကိုယ်တိုင်က ဆေးသမား ဖြစ်နိုင်မလား၊ ဖြစ်နိုင်တာပေါ့၊ အဲဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ကူညီပါ၊ အထင်မသေးပါနဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း စောင့်ရှောက်ပါ။ သူများတွေ မြှောက်ပေးတိုင်းလည်း မလုပ်ပါနဲ့။

"အခုကျွန်မတို့ အနာဂတ်ကို တည်ဆောက်တဲ့ ကိစ္စဆိုတာဟာ ဘယ်တော့မှ မပြီးနိုင်တဲ့ ကိစ္စဆိုတာလည်း ကျွန်မသတိပေးချင်ပါတယ်။ အနာဂတ်ဆိုတာ ဆောက်လို့မပြီးနိုင်တဲ့ အဆောက်အအုံကြီးလိုပါပဲ။ မျိုးဆက်တစ်ဆက်နဲ့တစ်ဆက်က အခန်းလေး နောက်တစ်ခုထပ်ပြီးတော့ ထည့်သွားမယ်။ တစ်ခါတလေလည်း အရင်မျိုးဆက်တွေထဲက ဆောက်ခဲ့တဲ့ ပျက်သွားတဲ့ နေရာလေးတွေကို ပြန်ပြင်သွားမယ်၊ ဆေးပြန်သုတ်မယ်၊ ပိုပြီးတော့ ချဲ့မယ်၊ ခြံကို ပိုပြီးတော့ လှအောင်လုပ်မယ် စသဖြင့် ဆက်ဆက်လုပ်သွားရမှာပါ။ ဘယ်မျိုးဆက်ရဲ့ ခေတ်မှာမှ ဒီအလုပ်ဟာ ပြီးမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ လူတိုင်းလူတိုင်းဟာ ကျွန်မတို့ နိုင်ငံအနာဂတ်ရဲ့ ဗိသုကာကောင်းများဖြစ်အောင် အရည်အချင်းတွေမွေးမြူပါ။ ဒါပေမယ့် ဗိသုကာဆိုတော့ တချို့က ဗိသုကာဆိုတာဟာ အကြံအစည် Plan တွေ ချတာလို့ မြင်ပါတယ်။ ကျွန်မတို့က ဗိသုကာကောင်းတွေနဲ့တင် မလုံလောက်ပါဘူး။ ပန်းရန်သမားကောင်းကောင်းလည်း လိုပါတယ်။ အဆောက်အအုံတစ်ခု ကောင်းဖို့ဆိုတာ ပန်းရန်သမားကလည်း တော်ရမယ်၊ ဆေးသုတ်သမားကလည်း တော်ရမယ်။ လက်သမားကလည်း တော်ရမယ်။ ဗိသုကာတင်မဟုတ်ပါဘူး။ တချို့က ဗိသုကာအလုပ်ပဲ လုပ်ချင်ပါတယ်။ ဗိသုကာအလုပ်ပဲလုပ်ချင်ရင် ဗိသုကာက ထိုင်ပြီးတော့ အိမ်ပုံစံတွေ ဆွဲနေမယ်၊ ဆောက်ပေးမယ့်သူ မရှိရင်လည်း အလကားပါပဲ။

### တိုးတက်မှုမရနိုင်

"ဒီတော့ လူတိုင်းဟာ ကိုယ့်ကဏ္ဍနဲ့ ကိုယ်ရှိတယ်။ ကိုယ့်ရဲ့ တန်ဖိုးနဲ့ ကိုယ်ရှိတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အထင်မသေးပါနဲ့၊ အထင်လည်း သိပ်မကြီးပါနဲ့။ သူများကိုလည်း အထင်မသေးပါနဲ့၊ သိပ်လည်းအထင်မကြီးပါနဲ့။ သိပ်လည်း အထင်မကြီးပါနဲ့လို့ ပြောချင်တာက မနာလိုဖြစ်လောက်အောင် အထင်မကြီးပါနဲ့၊ လူတစ်ယောက်ရဲ့ အရည်အချင်းကို အသိအမှတ်ပြုတာဟာ ကောင်းတဲ့ကိစ္စပါ၊ ဒါပေမယ့် မနာလိုတဲ့အဆင့်အထိ အထင်ကြီးသွားရင် မကောင်းပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း သိပ်အထင်မကြီးပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးတဲ့သူတွေက ဘယ်တော့မှထပ်ပြီး သင်လို့မရတော့ဘူး။ သင်ရခက်တဲ့၊ သင်ရအခက်ဆုံး လူတွေထဲမှာ ငါအားလုံးသိပြီဆိုတဲ့ လူမျိုးပါ။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ်လည်း သိပ်ပြီးအထင်မကြီးပါနဲ့။ ဒါပေမယ့်လည်း သိပ်ပြီး အထင်လည်းမသေးပါနဲ့။ ကိုယ့်ကိုယ်ကိုယ် အထင်သေးပြီး ယုံကြည်မှုနည်းရင် တိုးတက်မှုမရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတဲ့ အခါကျတော့ မစွန့်စားရဲဘူး။ ကျွန်မ ခဏခဏ သတိပေးပါတယ်။ ဘဝဟာ စွန့်စားမှုပဲ၊ စွန့်စားရမယ်၊ နေ့စဉ် စွန့်စားသွားရမယ့်ကိစ္စ၊ ဒါကြောင့်မို့ စွန့်စားရဲတဲ့ သတ္တိရှိပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသင့်သလောက်တော့ ရှိဖို့လိုပါတယ်။ ယုံကြည်မှု လွန်သွားလို့တော့ မကောင်းဘူးပေါ့၊ ဘာမဆို လွန်ကဲတယ်ဆိုတာ မကောင်းဘူး။ ကျွန်မတို့ ငယ်ငယ်ကတည်းက သင်ရတဲ့အတိုင်း သတိကလွဲပြီး ဘာမဆိုလွန်ကဲတယ်ဆိုတာ မကောင်းဘူးဆိုတာ၊ ဘာမဆိုလွန်ကဲတဲ့ဟာ မရှိဘဲနဲ့ သတ္တိရှိရှိနဲ့ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက်၊ ကျွန်မတို့ လူသားတွေရဲ့ အနာဂတ်အတွက် ကျွန်မတို့ လူငယ်များဟာ ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ အဲဒီ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အခုဒီနေ့အခမ်းအနားနဲ့ သက်ဆိုင်တဲ့အလုပ်တွေဟာ အားလုံးဟာသက်ဆိုင်နေပါတယ်။ အဲဒါကြောင့်မို့ လူငယ်ရေးရာမူဝါဒကို ဆက်စပ်ဝန်ကြီးဌာနများ၊ လူငယ်များအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါလို့ ဒေါက်တာဝင်းမြတ်အေးက ကျွန်မကို တိုက်တွန်းခိုင်းလိုက်ပါတယ်။ အဲဒီတော့ တိုက်တွန်းပါတယ်"ဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒစာအုပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မူဝါဒရေးဆွဲရေး ဦးဆောင်ကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

### မူဝါဒရေးဆွဲရေးဆိုင်ရာ

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မူဝါဒရေးဆွဲရေး ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့ထံ လူငယ်ရေးရာမူဝါဒ စာအုပ်ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် လူငယ်ရေးရာ မူဝါဒရေးဆွဲရေးဆိုင်ရာ မှတ်တမ်းတင် ဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူငယ်မူဝါဒရေးဆွဲရေးကော်မတီ (၃) ရပ်တွင် ပါဝင်သော ကော်မတီဝင်များနှင့် လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်များနှင့် အဖွဲ့အစည်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ လူငယ်ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေ ၅၁ ဒသမ ၄ သန်းရှိပြီး ၎င်းတို့အနက် လူငယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် အကျုံးဝင်နိုင်သော အသက်အပိုင်းအခြားအလိုက် လူဦးရေအချိုးအစားမှာ အသက်(၁၅) နှစ်မှ (၁၉) နှစ်အထိ ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ အသက် (၂၀) မှ (၂၄) နှစ်အထိ ၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ အသက် (၂၅) နှစ်မှ (၂၉) နှစ် အထိ ၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ အသက် (၃၀) မှ (၃၄) နှစ်အထိ ၇ ဒသမ ၇၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

## ရန်ကုန်စည်ပင်သာယာ ဘာတွေလုပ်နေလဲ

အစိုးရအပြောင်းအလဲဖြစ်ပြီးကတည်းက ရန်ကုန်သူ ရန်ကုန်သားများသာမက နိုင်ငံအနှံ့က ပြည်သူတို့ကပါ ရန်ကုန်မြို့ကို စိတ်ဝင်တစား စောင့်ကြည့်ကြသည်။

နေပြည်တော်က မြန်မာနိုင်ငံ၏ မြို့တော်ဆိုသော်လည်း ရန်ကုန်မြို့က စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အဘက်ဘက်မှာ ယနေ့ထိတိုင် အချက်အချာကျနေဆဲ ဖြစ်သည်။

ရန်ကုန်မြို့၏ တိုးတက်စည်ပင်မှုမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ပေါ်လစီနှင့်ဦးဆောင်မှုက အရေးကြီးသကဲ့သို့ ရန်ကုန် မြို့တော်ဝန်နှင့် ရန်ကုန်စည်ပင်သာယာ၏ အခန်းကဏ္ဍကလည်း အရေးပါပါသည်။

ထို့ကြောင့် ရန်ကုန်မြို့ တိုးတက်ဖွံ့ဖြိုးမှုနှင့်ပတ်သက်လျှင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က မည်သို့သော ပေါ်လစီများကို ကိုင်တွယ်ချမှတ်နေသည်၊ မည်သို့သော စီမံကိန်းများကို ဦးစားပေး ဆောင်ရွက်နေသည်၊ ရန်ကုန်မြို့နှင့်ပတ်သက်၍ မည်သို့သော အနာဂတ်မျှော်မှန်းချက်များ ချမှတ်ထားသည် စသည်တို့ကို ပြည်သူများက မျှော်လင့်သိချင်နေကြသကဲ့သို့ ရန်ကုန်မြို့တော်ဝန်က မည်ကဲ့သို့ အစီအမံများ ချမှတ်နေသည်၊ မည်သို့ လက်တွေ့လုပ်ငန်းများကို စီမံခန့်ခွဲနေသည် စသည်တို့ကိုလည်း နားစွင့်နေကြသည်။

မြို့ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အချို့ ကြိုးစားဆောင်ရွက်ကြခြင်းဖြင့် ရန်ကုန်မြို့လယ်ကောင်များက နောက်ဖေးလမ်းကြား ဥယျာဉ်များပေါ်ထွက်လာသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရသည်။ ဟည်းထန်စော်နေသည့် အမှိုက်ပုံများကို ရှင်းလင်းကာ ပန်းချီကာတွန်း အနုပညာရှင်များ ဝိုင်းဝန်းပူးပေါင်း ပါဝင်လုပ်ဆောင်ကြသည်ကို တွေ့ရပြီး အမှန်တကယ်ပင် ပြောင်းလဲလှပသွားသည်ကို မြင်ရပါသည်။ ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်ပြီး ပြုပြင်ကြတာဖြစ်သည့်အတွက် နောက်ထပ် အမှိုက်ပစ်ခြင်းများ မရှိတော့သည်ကိုလည်း တွေ့ရပါသည်။

အလွန်အောင်မြင်သော ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသော မြို့ပြသာယာရေးလှုပ်ရှားမှုတစ်ခုဟု မြင်ပါသည်။

စည်ပင်သာယာအနေဖြင့် မြို့သာယာရေးအစီအမံများ အကောင်အထည်ဖော်ရာတွင် လက်တွေ့အားဖြင့် အအောင်မြင်ဆုံး ထင်သာမြင်သာအရှိဆုံးတစ်ခုမှာ အများပြည်သူအသုံးချရာ ပန်းခြံနှင့် ကွက်လပ်နေရာများရှိ မြေခင်းစီမံမှု၊ ပန်းခြံနှင့် သစ်ပင် ပန်းမန်အစီအစဉ်များပဲ ဖြစ်ပါသည်။ အစိုးရအပြောင်းအလဲ ဖြစ်ပြီးသည့်အချိန်မှစ၍ ကြွေးကြော်သံများ ကျယ်ကျယ်လောင်လောင် မဖော်ထုတ်ဘဲ တကုပ်ကုပ်နှင့် အအောင်မြင်ဆုံး စီမံဆောင်ရွက်နိုင်သည့်ဌာနဟု မြင်ရပါသည်။

ရန်ကုန်တစ်မြို့လုံးလိုလိုရှိ နှစ်ပေါင်းများစွာ ပစ်ထားခြင်းခံခဲ့ရသော မြေခင်း မြက်ခင်း သစ်ပင်တို့မှာ ရုတ်ခြည်း စိမ်းလန်းစိုပြည်သွားသည်ဟု ထင်ရသည်။ ပန်းပွင့်ရောင်စုံတို့ကလည်း ဖူးပွင့်ဝေဆာသာယာလှပသွားလေသည်။

ရန်ကုန်မြို့ရှိ မြင်မိသမျှ ပန်းခြံအားလုံးက မြက်ခင်းစိမ်းစိမ်းများ ဖြစ်ကုန်သည်။ တစ်ခါလုပ်ပြီး ပြီးသွားတာမျိုးမဟုတ်။ သူ့အချိန်နှင့်သူ ပုံမှန်ညှပ်ကာဖြတ်ကာ၊ တိကာရိကာ လုပ်နေသည်ဟု ယူဆရသည်။ လမ်းဘေး ဝဲယာတစ်လျှောက်မှာ မြက်ခင်း သစ်ပင် ပန်းပင်တို့က မြင်ရသည့်အခါတိုင်း သပ်ရပ်နေသည်။

သည်လို အလုပ်ကို ကြိုးကြိုးစားစား စနစ်တကျ၊ အစီအစဉ် တကျ ပုံမှန်ထိန်းသိမ်းစောင့်ရှောက်မှုတို့ကြောင့် ယခုလို အောင်မြင်နေသည်ဟု ဆိုရပါမည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအားလုံး သည်လိုနမူနာများကို စံပြုဆောင်ရွက်သင့်သည်ဟု ထင်မြင်မိပါကြောင်း။ ။

# မြန်မာနိုင်ငံ၏ နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ဆားဘီးယားသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆားဘီးယားပြည်သူများကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့် မြန်မာပြည်သူများအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားဗူးစစ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

"ကိုဆိုဗို" ဒေသ၏ တစ်ဖက်သတ်လွတ်လပ်ရေးကြေညာချက်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံက အသိအမှတ်မပြု ကန့်ကွက်သည့် ရပ်တည်ချက်အပေါ် ဆားဘီးယားသမ္မတနိုင်ငံနှင့် ပြည်သူများက အဆွေတော်တို့၏ မြန်မာနိုင်ငံကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့၏ ရပ်တည်ချက်သည် ဆားဘီးယားသမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ကို လေးစားအသိအမှတ်ပြုသည့်အပေါ်တွင် အခြေခံသကဲ့သို့ မိမိတို့နှစ်နိုင်ငံအကြားတွင် ခိုင်မာစစ်မှန်သော ဆက်ဆံရေးတည်ရှိနေသည်ကို သက်သေပြလိုက်ခြင်းဖြစ်သည်ဟု မိမိတို့ လေ့လာယူဆပါသည်။

မိမိတို့နှစ်နိုင်ငံ၏ အပြန်အလှန်ဆက်ဆံရေးသည် တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်ကြောင်းနှင့် ဆားဘီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်အနာဂတ်တွင် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်တို့နိုင်ငံ မကြာမီတည်ငြိမ်အေးချမ်းပြီး မြန်မာပြည်သူများ အကျိုးစီးပွားနှင့် ပျော်ရွှင်မှုများအတွက် ဖွံ့ဖြိုးတိုးတက်မည့် အခြေအနေများကို ဖန်တီးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စ အာနာဘီကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**ဂျာမနီနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂျာမန်ပြည်သူများနှင့် ကျွန်ုပ်က လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဂျာမနီနိုင်ငံ သမ္မတ ဒေါက်တာ ဖရန်စ်ဝယ်လ်တာ ရှတိုင်မိုင်ယာက သဝဏ်လွှာပေးပို့သည်။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီမိုကရေစီ၊ လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးကာကွယ်မှုတို့သည် အလွန်အရေးကြီးသည့် အရာများဖြစ်ကြသည်။ အနာဂတ်တွင် ဂျာမနီနိုင်ငံသည် မြန်မာနိုင်ငံ၏ ယုံကြည်စိတ်ချရသော မိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး အဆွေတော်တို့ ရင်ဆိုင်ကြုံတွေ့ရမည့် ဒီမိုကရေစီစနစ်အတွက် စိန်ခေါ်မှုများကို ဂျာမနီနိုင်ငံက စိတ်အားထက်သန်စွာ ထောက်ခံအားပေးသွားမည်ဖြစ်သည်။

အဆွေတော်တို့နိုင်ငံတွင် နိုင်ငံသားအားလုံးအတွက် တည်ငြိမ်ရေး၊ ကြွယ်ဝရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသည့် ပြည်တွင်းငြိမ်းချမ်းမှု မကြာမီရရှိမည်ဟု မျှော်လင့်ပါကြောင်းနှင့် မြန်မာပြည်သူများ အစစအရာရာ တိုးတက်အောင်မြင်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

**ဆွစ်ဇာလန်နိုင်ငံ**

မြန်မာနိုင်ငံ၏ နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယအတွက် မိမိအနေဖြင့် လည်းကောင်း၊ ဆွစ်ဇာလန်ပြည်သူများ ကိုယ်စားလည်းကောင်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆွစ်ဇာလန်နိုင်ငံ သမ္မတ မစ္စတာ အာလန်ဘီရာ့စစ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

ဆွစ်ဇာလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၂၀၁၇ ခုနှစ်အတွင်း အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်းနှင့် မကြာသေးမီက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် ပြုလုပ်နိုင်ခဲ့ခြင်းအတွက် နှစ်နိုင်ငံဆက်ဆံရေးသည် ခိုင်မြဲလျက်ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံက မြန်မာနိုင်ငံအပေါ်ထားရှိသည့် အပြန်အလှန်ယုံကြည်မှု ကတိကဝတ်များနှင့် ချစ်ကြည်ရင်းနှီးမှုများကို အဆွေတော်အနေဖြင့် ယုံကြည်စိတ်ချပါရန်နှင့် အဆွေတော်တို့နိုင်ငံ၏ စီးပွားရေး၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုများအတွက်လည်း ဆက်လက်ထောက်ခံအားပေးလျက်ရှိပါသည်။ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးသည် လာမည့်အနာဂတ်တွင် ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

**ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယအတွက် အဆွေတော်သမ္မတကြီး၊ မြန်မာအစိုးရအဖွဲ့နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် အဆွေတော်၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

အလားတူ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရီယုံဟိုကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်)

**❖ စစ်တွေမြို့မှ**

လက်တွေ့စမ်းသပ်ပြသခြင်းနှင့် မြို့နယ်အလိုက် စီမံကိန်းကျေးရွာများတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် လယ်သမားများနှင့် နည်းပညာပေး သင်တန်းပို့ချပေးခြင်းများ ဆောင်ရွက်ထားရှိသည်။

တောင်သူများ ဟင်းသီးဟင်းရွက်ကို ခေတ်မီနည်းစနစ်ဖြင့် စိုက်ပျိုးတတ်လာစေခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အကျိုးရှိစေမည့် စိုက်ခင်းသုံး ပစ္စည်းကိရိယာများ သုံးစွဲတတ်လာစေခြင်း၊ သီးနှံတွင် ကျရောက်တတ်သည့် ပိုးမွှားနှင့် ရောဂါကို ခွဲခြားသိရှိနားလည်နိုင်ခြင်း၊ ပိုးသတ်ဆေး၊ အပင်ရောဂါဆေးတို့၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို တောင်သူများ နားလည်သဘောပေါက်ပြီး စနစ်တကျသုံးစွဲတတ်လာစေခြင်း၊ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် အန္တရာယ်ကင်းသည့် ဟင်းသီးဟင်းရွက်များကို အထွက်ထိုးစေပြီး ဝင်ငွေတိုးလာစေခြင်း၊ အိမ်ခြံဝင်းအတွင်း မိသားစုစားသုံးရန် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်တတ်လာစေခြင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ သွင်းအားစုဝယ်ယူသုံးစွဲရာတွင် Swisscontact အဖွဲ့နှင့် ပူးပေါင်း၍ စရိတ်မျှတ စီမံချက်ကို Online စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းဖြင့် တောင်သူများ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း စီမံကိန်းဆောင်ရွက်နေသည့် မြို့နယ်များမှာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များ ဖြစ်ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## မိဘဂုဏ်ရည် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**သနပ်ပင် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျုံပါချောင်းဝကျေးရွာ၌ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မိဘဂုဏ်ရည် စာကြည့်တိုက် ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သက်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးရွာနေပြည်သူလူထုများ စာပေကို ချစ်မြတ်နိုးပြီး စာများများဖတ်မှသာ မိမိတို့၏ အသိပညာဗဟုသုတ ကြွယ်ဝမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိဘဂုဏ်ရည်စာကြည့်တိုက်ကို အလှူရှင်များဖြစ်သော ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဦးသိန်းမြင့်-ဒေါ်ခင်ခင်ညို မိသားစုတို့က ငွေကျပ်သိန်း ၁၃၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ စာကြည့်တိုက်ဖွင့်ပွဲတွင် စာပေဟောပြောပွဲများကို ကျင်းပခဲ့ရာ ဆရာလယ်တွင်းသားစောချစ်၊ ဆရာမောင်ကျော်သာ (ပဲခူး)၊ ဆရာကိုလေးမြတ်တို့က ဟောပြောကြပြီး အလှူရှင်များက သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းကြကြောင်း သိရသည်။ **လှမိုး (ပြန်/ဆက်)**

## လူငယ်နှင့် လူမှုမီဒီယာခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**တိုက်ကြီး ဇန်နဝါရီ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ အထက(တိုက်ကြီး) အနော်ရထာခန်းမ၌ ဒီမိုကရေစီ အင်္ဂါရပ်များနှင့်အညီ အစိုးရနှင့်ပြည်သူအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း (Public Talk) ကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက လူငယ်နှင့်လူမှုမီဒီယာခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာရေးဆရာ ထွန်းလှိုင်(မြိုင်)၊ ဦးဆန်းညွန့် (ကိုယ်ပိုင်အထက်တန်းကျောင်းဆရာ)နှင့် စာရေးဆရာ ချမ်းဝဏ္ဏစိုးဝင်း (တိုက်ကြီး)တို့က စတင်ဆွေးနွေးခဲ့သည်။ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၂၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# ရခိုင်ပြည်နယ်သတင်း

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ပြန်လည်လက်ခံရေး အစီအစဉ်များနှင့် UEHRD စီမံကိန်းတွင် ကုလသမဂ္ဂအဖွဲ့များ ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H. E. Mr. Scot Marciel(ယာဉ်)နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး(UNRC/HC)ဖြစ်သူ Mr. Knut Ostby တို့အား ယနေ့တွင် အဆိုပါ ဝန်ကြီးဌာန မေခလာခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ မြေပုံမြို့နယ်မှ တောင်ပေါ်ကယ်ဆယ်ရေးစခန်း ပိတ်သိမ်းရေး၊ IDP စခန်းများတွင် နေထိုင်သူများအတွက် လူမှုရေးနှင့် ဥပဒေဆိုင်ရာကန့်သတ်ချက်များ လျှော့ချနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးခံယူရန်(NV Card)ထုတ်ပေးရေး လုပ်ငန်းများ၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများ တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် ဆောင်ရွက်ပေးမည့် လူထုဖွံ့ဖြိုးရေးစီမံကိန်းအတွက် အမေရိကန်အစိုးရမှ အမေရိကန်ဒေါ်လာသန်း ၅၀ ကူညီပေးမည့် ကိစ္စရပ်များ နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်မည့် အခြေအနေများကို ရခိုင်ပြည်နယ်ကိစ္စအတွက် UEHRD ထူထောင်၍ အဓိကရည်ရွယ်ချက် (၃)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များအတိုင်း စတင်အကောင်အထည်ဖော်နေသည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး (UNRC/HC)ဖြစ်သူ Mr. Knut Ostby နှင့်တွေ့ဆုံစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် UEHRD စီမံကိန်း အရ ပူးပေါင်းဆောင်ရွက်ရန် လေ့လာဆန်းစစ်မှု (Assessment)တစ်ရပ်ဆောင်ရွက်ရေး၊ IDP ကယ်ဆယ်ရေး စခန်းများ ပိတ်သိမ်းရေးနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ရန် အဆိုပြုလွှာတစ်စောင် ပေးပို့ရေး၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း ဆောင်ရွက်မည့် စီမံချက်တွင် ကုလသမဂ္ဂအဖွဲ့များ ပါဝင် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၁၇ ခုနှစ်အတွင်း မောင်တောမြို့နယ်တွင် စိတ်ကြွဆေးပြား ၁၁၁ သိန်းကျော် သိမ်းဆည်းနိုင်ခဲ့

**မောင်တော ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁ သိန်းကျော်အထိ သိမ်းဆည်းနိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မောင်တောမြို့နယ်မှာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မူးယစ်ဆေးဝါးအမှုပေါင်း ၂၇ မှု မှာ စိတ်ကြွရူးသွပ်ဆေးပြား အမှုက ၂၅ မှုဖြစ်ပြီး ဆေးခြောက်အမှု နှစ်မှု ဖြစ်ပါ တယ်"ဟု မောင်တောမြို့ မူးယစ်တပ်ဖွဲ့စု(၄၆) မှ ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်ဝင်းက ပြောသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို မောင်တော မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် လမ်းကြောင်းပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ခဲ့ ကြောင်း၊ ထို့အပြင် ဘူးသီးတောင်မြို့နယ် တွင်လည်း သတင်းပေးများ၊ သတင်းရရှိမှု အပေါ်မူတည်ပြီး နေအိမ်များ၊ မော်တော်ယာဉ်



ဒုတိယရဲမှူး ဇော်ဝင်း

လမ်းကြောင်းများတွင် ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံတော်၏မူးယစ်ဆေးဝါး ပပျောက်ရေး ရည်မှန်းချက်ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြား သည်။

မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များ အတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၆၂၈၉၇ ပြားနှင့် ဆေးခြောက် ၁၂ ဒသမ ၂၅ ကီလိုဂရမ်တို့ကို သိမ်းဆည်းနိုင်ခဲ့ ကြောင်း၊ ယင်းတို့တွင် စိတ်ကြွရူးသွပ်ဆေးပြား အမှုဖြင့် အမျိုးသား ၃၆ ဦးနှင့် ဆေးခြောက် အမှုဖြင့် အမျိုးသားနှစ်ဦး စုစုပေါင်း ၃၈ ဦး ကိုလည်း ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်၊ မောင်တောမြို့နယ်များ သည် နယ်စပ်မြို့များဖြစ်သည့်အလျောက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို ယခုအခါ အလေးထား ဆောင်ရွက်လျက် ရှိကြောင်း၊ တားဆီးနှိမ်နင်းရေးကို မူးယစ် တားဆီးရေးတပ်ဖွဲ့များအပြင် နယ်ခြားစောင့် ရဲတပ်ဖွဲ့ကလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း- မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ- နေဝင်းထွန်း**

## ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV Card)များ ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV Card)များကို ၂၀၁၆ ခုနှစ် ဇွန် ၇ ရက်မှ စတင်ထုတ်ပေးခဲ့ရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ အမျိုးသား ၆၀၉၇ ဦးနှင့် အမျိုးသမီး ၃၀၇၆ ဦး စုစုပေါင်း ၉၁၇၃ ဦး ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးခဲ့မှုတွင် စစ်တွေမြို့တွင် အမျိုးသား ၁၁၁၆ ဦး၊ အမျိုးသမီး ၆၅၇ ဦး ပေါင်း ၁၇၇၃ ဦး၊ မောင်တောမြို့တွင် အမျိုးသား ၂၀၉၉ ဦး၊ အမျိုးသမီး ၁၁၀၁ ဦး ပေါင်း ၃၂၀၀ ဦး၊ တောင်ပြိုလက်ဝဲမြို့တွင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး တစ်ဦး ပေါင်း ၁၃ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် အမျိုးသား ၁၆၂၁ ဦး၊ အမျိုးသမီး ၄၃၀ ဦး ပေါင်း ၂၀၅၁ ဦး၊ သံတွဲမြို့နယ်တွင် အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၉၀ ဦး ပေါင်း ၁၉၈ ဦး၊ ကျောက်ဖြူမြို့နယ်တွင် အမျိုးသား ၆၇၅ ဦး၊ အမျိုးသမီး ၄၀၈ ဦး ပေါင်း ၁၀၈၃ ဦး၊ ရမ်းဗြဲမြို့နယ်တွင် အမျိုးသား ၂၄ ဦး၊ အမျိုးသမီး လေးဦး ပေါင်း ၂၈ ဦး၊ မြေပုံမြို့နယ်တွင် အမျိုးသား ၃၀၄ ဦး၊ အမျိုးသမီး ၃၇၅ ဦး ပေါင်း ၆၇၉ ဦး၊ ရသေ့တောင်မြို့နယ်တွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး သုံးဦး ပေါင်း ၂၁ ဦး၊ ပေါက်တောမြို့နယ်တွင် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး လေးဦး ပေါင်း ၃၇ ဦး၊ ကျောက်တော်မြို့နယ်တွင် အမျိုးသား ၃၇ ဦး၊ မြောက်ဦး မြို့နယ်တွင် အမျိုးသား ၃၇ ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း ၃၉ ဦးနှင့် မင်းပြားမြို့နယ်တွင် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး တစ်ဦး ပေါင်း ၁၈ ဦးဖြစ်ကာ စုစုပေါင်း အမျိုးသား ၆၀၉၇ ဦး နှင့် အမျိုးသမီး ၃၀၇၆ ဦး စုစုပေါင်း ၉၁၇၃ ဦး ထုတ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်၌ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

တောင်ပြိုမှမောင်တောမြို့သို့ ဆေးရုံတက်ရောက်ရမည့် လူနာအား သယ်ဆောင်လာသည့် ယာဉ်တစ်စီးကို ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ကျွန်းပေါက်ပြုစုရွာနှင့် တရိန်း(မြို)ရွာအကြား တောင်ကုန်းပေါ်မှ လက်နက်ကိုင် ၂၀ ခန့်က လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ပစ်ခတ် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ထိုသို့တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်တွင်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး၊ အရပ်သား တစ်ဦးတို့ ဒဏ်ရာရရှိ ခဲ့ပြီး မော်တော်ယာဉ်မှာ ရှေ့လေကာမှန်ကွဲပြီး ယာ နောက်ဘီးပေါက်ကာ ဘယ်ညာတွင် မိုင်းစများထိမှန် ပျက်စီးခဲ့သည်။

ဒဏ်ရာရလူနာများအား ကြိမ်ချောင်း-မောင်တော မှတစ်ဆင့် ဘူးသီးတောင်မြို့ရှိ တပ်မတော်စစ်ဆေးရုံတွင် ဆေးဝါးကုသနိုင်ရန် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



## မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဥဒေါင်း(တိုင်းရင်းသား)ကျေးရွာနှင့် ဗောဓိကုန်း(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော)ကျေးရွာနှင့် တမန်းသား(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာနှင့် ငါးခူရ(ရောနှော)ကျေးရွာတို့တွင် နွား နှစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာ တို့တွင် နွားသုံးကောင်နှင့် ဆိတ်လေးကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၆၉ ကောင်နှင့် ဆိတ် ၇၃၃ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နတ်မြစ်အတွင်း လောင်းလှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ဇန်နဝါရီ ၂ ရက်က မောင်တော ဒေသအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် နတ်မြစ် အတွင်း မသင်္ကာဖွယ် လောင်းလှေတစ်စင်းအား ရပ်တန့်စစ်ဆေးရာ ထွက်ပြေး သဖြင့် ခြောက်လှန့်ပစ်ခတ်စဉ် တစ်ဦးသေဆုံးပြီး တစ်ဦးဖမ်းဆီးရမိကြောင်း သိရသည်။

ဇန်နဝါရီ ၂ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် လိပ်ရမြောက်ရွာနှင့် သဲချောင်း မော်လဝီရွာအကြား နတ်မြစ်ဘက်မှ သဲချောင်းအတိုင်း မသင်္ကာဖွယ် လောင်းလှေတစ်စင်းဝင်လာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းရာ လှေပေါ်တွင် လိုက်ပါလာသော အမျိုးသား နှစ်ဦးအနက် တစ်ဦးမှာ နတ်မြစ်ဘက်သို့ ထွက်ပြေးသွားရာ ခြောက်လှန့်ပစ်ခတ်ရာမှ ထိမှန်၍ အသေဖမ်းဆီးရမိခဲ့ပြီး ၎င်းမှာ မောင်တောမြို့နယ် လိပ်ရတောင်ရွာနေ ကာလာဟူဆိန်(၃၅)နှစ် ဖြစ်ကြောင်း၊ လောင်းလှေပေါ်ပါသူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာပ်ဖ့်မြို့ ကူနာပါရာရွာနေ ဒူဖိုက်(၂၃)နှစ်ဖြစ်ကြောင်းနှင့် လောင်းလှေပေါ်မှ သံလုံချွန် တစ်ချောင်း၊ ဓားရှည် တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ဒူဖိုက်(၂၃)နှစ်အား ကြိမ်ချောင်းနယ်မြေရဲစခန်း၌ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသမီးတစ်ဦးထံမှ WY စိတ်ကြွဆေးပြားနှင့် အိုက်စ် ၈၆၀ ဂရမ် သိမ်းဆည်းရမိ

**ဘားအံ ဇန်နဝါရီ ၅**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဘားအံခရိုင်မူခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ဘားအံ-သထုံကားလမ်းတွင် အမျိုးသမီးတစ်ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးခဲ့ပြီး ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ၎င်းနေထိုင်သည့်နေအိမ်အား ထပ်မံရှာဖွေရာ WY စိတ်ကြွဆေးပြားနှင့် အိုက်စ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃ ရက် နံနက် ၁၁ နာရီခန့်တွင် ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဘင်ဂျီကျေးရွာအနီး ဘားအံ- သထုံကားလမ်းတွင် စောင့်ဆိုင်းနေစဉ် နန်းဘိုင်ခမ်း (၅၃)နှစ် အမှတ်(၁) ရပ်ကွက် လားရှိုးမြို့နေသူ မောင်းနှင်လာသည့် 1E/--- မတ်တူးအမျိုးအစား အဖြူရောင်ယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ ယာဉ်ရှေ့ခန်းနှင့် နောက်ခန်းအတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁၀၀၀ (ကာလတန်ဖိုး ကျပ် ၄၈၃၀၀၀၀၀၀ ခန့်)၊ လက်ကိုင်ဖုန်းတစ်လုံး၊ မြန်မာငွေရောရာ ကျပ် ၃၀၀၀၀၀ ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပူးပေါင်းအဖွဲ့သည် သုဝဏ္ဏနယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ကိုကို ဦးစီးအဖွဲ့နှင့်အတူ နန်းဘိုင်ခမ်း ငှားရမ်းနေထိုင်သော ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် နေအောင်လမ်းရှိ နေအိမ်အား ဇန်နဝါရီ ၅ ရက် နံနက် ၂ နာရီတွင် ဆက်လက်ရှာဖွေရာ ၎င်းနေအိမ်ရှိဗီရိုအတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၅၁၀၀ ပြား



(ကာလတန်ဖိုး ကျပ် ၈၇၈၅၀၀၀၀ ခန့်)၊ အိုက်စ်ဟု ယူဆရသော အဖြူရောင် အခဲအလေးချိန် ၈၆၀ ဂရမ် (ကာလတန်ဖိုး ကျပ် ၆၈၈၀၀၀၀၀ ခန့်)တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး နန်းဘိုင်ခမ်းအား ဘားအံမြို့မရဲစခန်းနှင့် သုဝဏ္ဏနယ်မြေရဲစခန်းတို့တွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၇ စီး၊ သွင်းကုန် အစီး ၈၉၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၉ စီး၊ သွင်းကုန် ၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၂၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅၁၆ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၄မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၉၄၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇန်နဝါရီ ၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် စွပ်ပွန္နီးရှောင်ကွင်းလမ်းတွင် ရှောင်တခင်စစ်ဆေးခဲ့ရာ ရော်ဘာတောအတွင်း၌ ရပ်တန့်ထားသော ယာဉ်အား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အမှတ် 4F----ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမြန်လမ်းတွင် ဒိုင်နာယာဉ်တိမ်းမှောက်၊ ရှစ်ဦး ဒဏ်ရာရ



**နေပြည်တော် ဇန်နဝါရီ ၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး သီးကုန်းအမြန်လမ်းပိုင်း မိုင်တိုင် (၃၀၃/၆)နှင့် (၃၀၃/၇) အကြား မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဝင်းအောင် မောင်းနှင်လာသော ဒိုင်နာယာဉ်မှာ ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ကိုးဦးအနက် အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင် ယာဉ်ဖြင့် မိတ္ထီလာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ဝင်းအောင်အား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**
**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# ဆိုင်ကယ်နှစ်စီး ယှဉ်မောင်းရာမှ ချိတ်မိတိမ်းမှောက်ပြီး ကျောင်းသားတစ်ဦး သေဆုံး

**မိုးကောင်း ဇန်နဝါရီ ၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမပေါ်ရှိ ကညင်မြိုင်ကျေးရွာအနီးတွင် ဇန်နဝါရီ ၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ဆိုင်ကယ်နှစ်စီး လားရာတူ ယှဉ်ပြိုင်မောင်းနှင်ရာမှ ချိတ်မိတိမ်းမှောက်ပြီး ကျောင်းသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် ကညင်မြိုင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် KM-373 နှင့် KM-374 အကြားတွင် မိုးကောင်းမြို့ဘက်မှ ဟိုပင်မြို့ဘက်သို့ မိုးကောင်းမြို့နယ် တောင်နီကျေးရွာနေသူများဖြစ်ကြသော ကောင်းမြတ်ဦး (၁၈)နှစ် မောင်းနှင်ပြီး အောင်လွင်မျိုး(၁၇)နှစ်၊ မင်းထက်ဦး (၁၇)နှစ်တို့ လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဝေလင်းထွန်း (၁၆)နှစ် မောင်းနှင်ပြီး ထက်စိုး (၁၆)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်သည် လားရာတူ ယှဉ်ပြိုင်မောင်းနှင်ပြီး ချိတ်မိကာ တိမ်းမှောက်ခဲ့၍ ဝေလင်းထွန်း (စိုးရိမ်ရ)၊ ထက်စိုး (စိုးရိမ်ရ)၊ အောင်လွင်မျိုး (စိုးရိမ်ရ)၊ ကောင်းမြတ်ဦး (မစိုးရိမ်ရ)၊ မင်းထက်ဦး (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိကာ ဆားမှော်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသရာ အောင်လွင်မျိုးမှာ ဆားမှော်ဆေးရုံတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကောင်းမြတ်ဦးနှင့် ဝေလင်းဦးတို့နှစ်ဦးအား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ကျောက်ဆည်မြို့၌ လူသေဆုံးမှုနှင့်ပတ်သက်သည့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီး


**မန္တလေး ဇန်နဝါရီ ၅**


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဖောင်ရွာ ရပ်ကွက် မြို့မကျောင်းအရှေ့ဘက် ဒူးကြားလမ်းတွင် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် လဲနေသည်ကို မြို့မရဲစခန်းမှ လှည့်ကင်းများက တွေ့ရှိသဖြင့် ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ တစ်ဆင့် မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ရာ ဒဏ်ရာရရှိသူမှာ ကျောက်ဆည်မြို့နယ် ငါးဆူကျေးရွာနေ အောင်မျိုးထွန်း(ခ) ထက်အောင် (၄၀) နှစ်ဖြစ်ကြောင်း သိရပြီး ၎င်း၏ဇနီး ခင်မြသဇင်က တိုင်ကြားသဖြင့် မြို့မရဲစခန်းက အမှုဖွင့်လက်ခံဆောင်ရွက်ခဲ့သည်။

ဆက်လက်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်တွင် နေထိုင်သော သန်းဇော်နှင့် ငသီးတို့ဖြစ်ကြောင်း သိရသည်။ အမှုစစ်ဆေးနေစဉ် အောင်မျိုးထွန်း(ခ) ထက်အောင်မှာ သေဆုံးသွားသဖြင့် အမှုကို ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သက်မောင်**



# တောင်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးရန် မြောက်ကိုရီးယားသဘောတူညီ

**ဆိုးလ် ဇန်နဝါရီ ၅**

မြောက်ကိုရီးယား၏ အဏုမြူနှင့်ဒုံးလက်နက်အစီအစဉ်များကို အကြောင်းပြု၍ တင်းမာမှုများဖြစ်ပေါ်နေလင့်ကစား အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရွှေ့ဆိုင်းထားမည်ဟု ထုတ်ပြန်ကြေညာခဲ့အပြီး နာရီ အနည်းငယ်အကြာတွင် တောင်ကိုရီးယား တာဝန်ရှိသူများနှင့် လာမည့်ရက်သတ္တပတ်တွင် တွေ့ဆုံဆွေးနွေးရန် မြောက်ကိုရီးယားက သဘောတူညီလိုက်ကြောင်း၊ ယင်းမှာ နှစ်နှစ်ကျော်ကာလအတွင်း ကိုရီးယားနှစ်နိုင်ငံမှ တာဝန်ရှိသူများ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုဖြစ်လိမ့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံက နှစ်နိုင်ငံတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက်တွင် ကျင်းပရန် သဘောတူညီခဲ့ကြောင်း တောင်ကိုရီးယားက ပြောကြားသည်။ တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှ တာဝန်ရှိသူများသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း နောက်ဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံတာဝန်ရှိသူများ၏ ဆွေးနွေးမှုများကို ကိုရီးယားနှစ်နိုင်ငံနယ်စပ်ရှိ အပစ်အခတ်ရပ်စဲရေးဒေသဖြစ်သည့် ပန်မွန်ဂျုံကျေးရွာတွင် ပြုလုပ်မည်ဖြစ်သည်။ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များက ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲနှင့်ပတ်သက်၍ လည်းကောင်း၊ ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးကိစ္စနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။ ဆောင်းရာသီအိုလံပစ်အားကစားပွဲကို တောင်ကိုရီးယားနိုင်ငံတွင် လာမည့်ဖေဖော်ဝါရီလအတွင်း ကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘိုက်တေးဟွန်က သတင်းထောက်များအား ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်၏ နှစ်သစ်ကူးမိန့်ခွန်းတွင် တောင်ကိုရီးယားနှင့်ဆွေးနွေးမှုများ ပြုလုပ်နိုင်မည့်လမ်းကြောင်းများ ဖွင့်လှစ်ထားကြောင်း ပြောကြားခဲ့သည်။ နှစ်နိုင်ငံအကြားတင်းမာမှုများ လျှော့ချရေးနှင့် တောင်ကိုရီးယားတွင်ကျင်းပမည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၌ မြောက်ကိုရီးယားအားကစားအဖွဲ့ပါဝင်ယှဉ်ပြိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ရိုက်တာ**






## အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်တွင် အသေခံဗုံးပေါက်ကွဲ၊ ရဲအရာရှိ ၂၀ သေဆုံး

**ကဘူးလ် ဇန်နဝါရီ ၅**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ရဲအရာရှိ ၂၀ ခန့် သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ သတင်းများအရသိရသည်။

ဇန်နဝါရီ ၄ ရက်တွင် အဆိုပါ အသေခံဗုံးခွဲသူသည် ဆန္ဒထုတ်ဖော်လျက်ရှိသောပြည်သူများအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် ရဲအရာရှိများအနီးသို့ ဝင်ရောက်ကာ အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တရားမဝင်အရက်ရောင်းချမှုကို ပိတ်ပင်သည့်အတွက် အရက်ဆိုင်ပိုင်ရှင်များက ကျေနပ်မှုမရှိသဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အသေခံဗုံးဖောက်ခွဲမှုကြောင့် ရဲအရာရှိ ၂၀ သေဆုံးခဲ့ပြီး ၃၀ ခန့် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ သစ္စာခံအဖွဲ့တစ်ဖွဲ့က ယင်းဗုံးဖောက်ခွဲမှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာပြောကြားခဲ့သည်။ ထို့ပြင် အာဖဂန်ရဲအရာရှိများကို ပစ်မှတ်ထားခဲ့သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

အာဖဂန်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေသည် ပိုမိုဆိုးရွားလျက်ရှိသည်။ ဒီဇင်ဘာ ၂၈ ရက်က ကဘူးလ်မြို့ရှိ ယဉ်ကျေးမှုဗဟိုဌာနတစ်ခု၌ အသေခံဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ ၄၁ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဆေးခြောက်ပင် စိုက်ပျိုးရေးခြံ မိုက်တိုင်ဆန် ထူထောင်မည်

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၅**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဆေးခြောက်ကို တရားဝင် စိုက်ပျိုးရောင်းချခွင့်ပြုလိုက်ပြီးနောက် ကမ္ဘာ့လက်ဝှေ့ အကျော်အမော်ဟောင်း မိုက်တိုင်ဆန်က ပြည်နယ်တောင်ပိုင်းတွင် ၎င်း၏ဆေးခြောက်ပင် စိုက်ပျိုးရေးခြံကို ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း ဆင်ဟွာ သတင်းဌာနက ရေးသားဖော်ပြသည်။



လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်ဆန်သည် ကယ်လီဖိုးနီးယားစီးတီး၌ စိုက်ပျိုးရေးခြံ ထူထောင်မည်ဖြစ်ကြောင်း၊ မရဏတောင်ကြားအမည်ရှိ အမျိုးသားဥယျာဉ်၏ အနောက်တောင်ဘက် ၉၆ ကီလိုမီတာအကွာ၌ ယင်းမြို့တည်ရှိပြီး တိုင်ဆန်စိုက်ပျိုးရေးခြံအတွက် မြေကွက်ဖော်ခြင်း အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

တိုင်ဆန်၏ စိုက်ပျိုးရေးခြံသည် ဧက ၄၀ (၁၆ ဒသမ ၂ ဟက်တာ) ကျယ်ဝန်းပြီး အရည်အသွေးမြင့် ဆေးခြောက်ပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ရေး သိုလှောင်ရုံတစ်ခု၊ ဆေးဘက်သုံး ဆေးခြောက်အဆီ ထုတ်လုပ်ရေးစက်ရုံ၊ စိုက်ပျိုးရေးပညာပေး သင်တန်းကျောင်းတစ်ခု၊ မိတ်ဆွေအပေါင်းအသင်းများ ဆေးလိပ်သောက်ခွင့်ရှိသောနေရာနှင့် အလုပ်သမားနားနေဆောင်တစ်ခုတို့ကို တည်ဆောက်သွားမည်ဆိုသည်။ တိုင်ဆန်သည် စိုက်ပျိုးရေးခြံ စီမံခန့်ခွဲရေးအတွက် ကုမ္ပဏီတစ်ခုကိုလည်း ထူထောင်ထားပြီးဖြစ်သည်။

**ဆင်ဟွာ**

## အဂတိလိုက်စားမှု အရှုပ်တော်ပုံ ပြီးဆုံးစေရေး ကျေအေးမှု သဘောတူညီချက် ဘရာဇီး ရေနံကုမ္ပဏီရရှိ




**နယူးယောက် ဇန်နဝါရီ ၅**

အမေရိကန်ပြည်ထောင်စုရှိ ရင်းနှီးမြှုပ်နှံသူများအား ကိုယ်စားပြု၍ တရားစွဲဆိုထားသော အမှုတစ်မှုကို ပြန်လည် ပိတ်သိမ်းနိုင်ရေးအတွက် ဘရာဇီးနိုင်ငံပိုင် ရေနံကုမ္ပဏီဖြစ်သော ပက်ထရိုဘရာကုမ္ပဏီက ဒေါ်လာ ၂ ဒသမ ၉၅ ဘီလီယံပေးရန် သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပက်ထရိုဘရာကုမ္ပဏီ ပါဝင်ပတ်သက်နေသော အဂတိလိုက်စားမှု အရှုပ်တော်ပုံတစ်ခု၏ ရလဒ်အဖြစ် မိမိတို့ဆုံးရှုံးနစ်နာရသည်ဟု ဆိုကာ ရင်းနှီးမြှုပ်နှံသူတစ်စုက ဥပဒေကြောင်းအရ တရားစွဲဆိုခဲ့မှုကို အဆုံးသတ်နိုင်ရန် ကျေအေးမှု သဘောတူညီချက် ရရှိခဲ့ကြောင်း အဆိုပါကုမ္ပဏီက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

ပက်ထရိုဘရာကုမ္ပဏီ၊ ဘရာဇီးနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ထိပ်တန်းကုမ္ပဏီနှစ်ခုဖြစ်သော အော်ဒီဘရစ်နှင့် အိုအေအက်စ်ကုမ္ပဏီတို့နှင့်အတူ ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရတာဝန်ရှိသူများအား ကုမ္ပဏီအများအပြားက လာဘ်ငွေများပေးခဲ့ရသည်ဟု ဘရာဇီးရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် ပက်ထရိုဘရာကုမ္ပဏီမှာ အရှုပ်တော်ပုံအတွင်းသို့ သက်ဆင်းခဲ့ရသည်ဆို၏။

အဂတိလိုက်စားမှု အရှုပ်တော်ပုံ၏ ဆိုးကျိုးများကို မိမိတို့ကုမ္ပဏီတွေ့ကြုံခံစားခဲ့ရသော်လည်း ကုမ္ပဏီအနေဖြင့် အမှားအယွင်းတစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်းမရှိဟု ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ကျေအေးမှု သဘောတူညီချက်အရ ဒေါ်လာ ၂ ဒသမ ၉၅ ဘီလီယံကို ပက်ထရိုဘရာကုမ္ပဏီက သုံးရစ်ခွဲ၍ ပေးရန် အဆိုပြုထားသည်။ ကျေအေးမှုဆိုင်ရာ သဘောတူညီချက်အတွက် အပြီးသတ် ဆုံးဖြတ်ချက်ကို အမေရိကန် တရားသူကြီးတစ်ဦးက အတည်ပြု ချမှတ်ပေးရမည်ဖြစ်သည်။

**ရိုက်တာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) အောက်ပါအကြောင်းအချက်များမရှိလျှင် ပုဒ်မ ၂၆၀ မှ ပုဒ်မ ၂၆၈ အထိနှင့် ပုဒ်မ ၂၇၉၊ ပုဒ်မခွဲ (ခ) တို့သည် အသေးစား ကုမ္ပဏီများနှင့်သက်ဆိုင်ခြင်းမရှိစေရ-

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် အဆိုပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း သို့မဟုတ် အလားတူ သတ်မှတ်ချက်များကို ဖော်ပြထားခြင်း သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူများသည် သာမန်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ အဆိုပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ဆုံးဖြတ်ခြင်း သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက အဆိုပါပြဋ္ဌာန်းချက်များကို လိုက်နာသင့်သည်ဟု ဆုံးဖြတ်ခြင်း။

**ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၊ စာရင်းစာအုပ်များနှင့်ငွေစာရင်းများကို ပြုစုရန်အတွက် ကုမ္ပဏီတွင် ထားရှိရမည့် မှတ်တမ်းများနှင့်သင့်တော်သည့် မှတ်တမ်းများကို ထားရှိခြင်း**

၂၅၈။ (က) ကုမ္ပဏီအားလုံးသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ စာရင်းများထားရှိခြင်းဆိုင်ရာ သက်ဆိုင်သောစံနှုန်းများနှင့်အညီ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဘဏ္ဍာရေး ဆိုင်ရာ ရှင်းတမ်းများပြုစုဆောင်ရွက်နိုင်ရန်အတွက် စာဖြင့်ရေး သားထားသည့် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်း ထားရှိရမည် -

(၁) ကုမ္ပဏီက လက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သောငွေ ကြေးစုစုပေါင်းနှင့် လက်ခံရရှိခဲ့သော သို့မဟုတ် သုံးစွဲ ကုန်ကျခဲ့သော ငွေကြေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊

(၂) ကုမ္ပဏီမှ ကုန်ပစ္စည်းရောင်းချခြင်း သို့မဟုတ် ကုန်ပစ္စည်း ဝယ်ယူခြင်း၊

(၃) ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်ရှိမှုများနှင့်

(၄) ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေကြေးဆိုင်ရာ အခြားကိစ္စရပ် များ။

(ခ) မှတ်တမ်းများကို ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်းတွင် သို့မဟုတ် ဒါရိုက်တာများမှ သင့်သည်ထင်မြင်သည့် အခြားနေရာ တွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ရုံးလုပ်ငန်းချိန်အတွင်း ဒါရိုက်တာများက စစ်ဆေးကြည့်ရှုခွင့်ရှိစေရမည်။

၂၅၉။ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးသည် ၎င်းတို့၏ တမင်ပြု လုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ပုဒ်မ ၂၅၈ ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ပျက်ကွက်မှုကို ဖြစ်ပေါ်စေခဲ့လျှင် အဆိုပါပြစ်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့သည် ဒဏ်ကြေးငွေကျပ်ခုနစ်သိန်း ငါးသောင်းကို ပေးဆောင်ရမည်။

**နှစ်စဉ် လက်ကျန်ရှင်းတမ်း**

၂၆၀။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံး၏ ဒါရိုက်တာများသည် ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်သည့် နေ့မှ ၁၈ လအတွင်း ကျင်းပရမည်ဖြစ်ပြီး ယင်းနောက်ပိုင်း၌ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် သတ်မှတ်၍ ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရလိုအပ် သော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်။ ယင်းသို့တင်ပြရာတွင် လက်ကျန်ရှင်းတမ်း (balance sheet)၊ အရှုံးအမြတ်စာရင်း၊ သို့မဟုတ် အကျိုးအမြတ်အတွက် ကုန်သွယ်ရောင်းဝယ်ခြင်းမပြု သော ကုမ္ပဏီဖြစ်လျှင်သက်ဆိုင်ရာကာလအတွက် ဝင်ငွေနှင့် အသုံးစရိတ်စာရင်း၊ ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ပြီး နောက် ပထမဦးဆုံး စာရင်းဖြစ်စေ၊ စာရင်းတစ်ခုအားပြုစုပြီး နောက်ဖြစ်စေ အစည်းအဝေးကျင်းပသည့် နေ့ရက်မတိုင်မီ ကိုးလထက်မစောသောနေ့ရက်အထိ ပြုစုထားသောစာရင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် နိုင်ငံတော်၏ပြင်ပတွင် အကျိုးခံစားခွင့်များ ရရှိသော ကုမ္ပဏီ တစ်ခုဖြစ်ပါက ၁၂ လ ထက်မပိုသောကာလတွင် ပြုစုထားသည့် စာရင်းများပါရှိရမည်။ သို့ရာတွင် မှတ်ပုံတင်အရာရှိသည် အထူး အကြောင်းပြချက်ရှိကြောင်း တွေ့ရှိလျှင် သုံးလထက်မပိုသော ကာလတစ်ရပ်ဖြင့် အဆိုပါကာလအား တိုးမြှင့်ပေးနိုင်သည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ဤအခန်း၏ နောက်ပိုင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီ၏စာရင်းစစ်က စစ်ဆေးဆောင် ရွက်ရမည်ဖြစ်ပြီး စာရင်းစစ်အစီရင်ခံစာကို ယင်းရှင်းတမ်းနှင့် အတူပူးတွဲတင်ပြရမည် သို့မဟုတ် အစီရင်ခံစာပါ ရည်ညွှန်းချက် များကို ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း၏ အောက်ခြေတွင်ထည့်သွင်း ဖော်ပြရမည်။ ထိုအစီရင်ခံစာအား ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံး သည် စာရင်းစစ်ဆေးထားပြီးဖြစ်သော အဆိုပါဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၏ မိတ္တူတစ်စောင်ကို စာရင်းစစ် အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်အတူ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင် ထားသော လိပ်စာများသို့ အစည်းအဝေးဖိတ်ကြားစာဖြင့် ပူးတွဲ လျက်ပေးပို့ရမည်။ ထို့အပြင် ယင်းတို့၏ မိတ္တူတစ်စောင်ကိုအစည်း အဝေးစတင်ကျင်းပခြင်းမပြုမီ အနည်းဆုံး ၂၁ ရက် ကြိုတင်၍ ကုမ္ပဏီတွင်ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် ထားရှိရမည်။ ဤ ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေများကို ထိခိုက်ခြင်း မရှိစေဘဲ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤပုဒ်မအရ ကုမ္ပဏီတွင် ပါဝင်သူများသို့ ငွေကြေးဆိုင်ရာရှင်းတမ်းများကို အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့နိုင်ကြောင်း သတ်မှတ်နိုင်သည်။

**ဒါရိုက်တာများ၏ အစီရင်ခံစာ**

၂၆၁။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဒါရိုက်တာများသည် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့်အတူ ကုမ္ပဏီ ၏ လုပ်ငန်းကိစ္စရပ်များ၊ အမြတ်ဝေစုအဖြစ် ပေးသင့်သည်ဟု ထောက်ခံတင်ပြမည့် ပမာဏရှိခဲ့လျှင် ယင်းပမာဏ၊ လက်ကျန်ရှင်း တမ်း (balance sheet) တွင် သီးခြားဖော်ပြထားသည့် သီးသန့် ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်းတို့တွင် ထားရှိသင့်သည့် ငွေရှိခဲ့လျှင် ယင်းငွေပမာဏ သို့မဟုတ် နောက် ဆက်တွဲ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့်အတူ တင်ပြထားသော နောက်ဆက်တွဲ လက်ကျန်ရှင်းတမ်း (balance sheet) တစ်ရပ်ရပ် တွင် သီးခြားဖော်ပြထားသည့် သီးသန့်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်းတို့တွင် ထားရှိသင့်သည့် ငွေရှိခဲ့လျှင် ယင်းငွေပမာဏတို့နှင့် စပ်လျဉ်းသော အစီရင်ခံစာတစ်စောင်ကို ပြုစုရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြပါရှိသည့် အစီရင်ခံစာတွင် ကုမ္ပဏီ၏ မူလစီးပွားရေးလုပ်ငန်းဆိုင်ရာ ဖော်ပြချက်၊ အဆိုပါနှစ် ကာလအတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သုံးသပ် ဖော်ပြချက်၊ ကုမ္ပဏီတွင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မသေချာသော ကိစ္စရပ်များဆိုင်ရာဖော်ပြချက်နှင့် အခြားသတ်မှတ် ဖော်ပြထားသည့် ကိစ္စရပ်များအပါအဝင် ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းဆိုင်ရာလျော်ကန်မျှတသည့် သုံးသပ်တင်ပြချက်တစ်ရပ်ပါရှိ ရမည်။ အစီရင်ခံစာကို ဒါရိုက်တာများကဆောင်ရွက်ရန် အခွင့် အာဏာအပ်နှင်းထားလျှင် ဒါရိုက်တာများ၏ကိုယ်စားအဖြစ် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးနိုင်သည်။

(ဂ) ပုဒ်မ ၂၅၉ တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါပြဋ္ဌာန်း ချက်များကို လိုက်နာဆောင်ရွက်ရန် သိလျက်ဖြင့် တမင်ပျက်ကွက်မှု ကြောင့် အပြစ်ရှိသောဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦး နှင့် သက်ဆိုင်စေရမည်။

**လက်ကျန်ရှင်းတမ်းတွင် ပါရှိရမည့် အကြောင်းအရာများ**

၂၆၂။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သောလက်ကျန် ရှင်းတမ်း (balance sheet) တွင် ကုမ္ပဏီ၏ ပစ္စည်းများ၊ ရရန် ပိုင်ခွင့်များ၊ မတည်ငွေရင်းနှင့် တာဝန်ရှိမှုများ အကျဉ်းချုပ်ကို ဖော်ပြရမည်ဖြစ်ပြီး အဆိုပါတာဝန်ရှိမှုများနှင့် ရရန်ပိုင်ခွင့်များ၏ ယေဘုယျအခြေအနေ၊ ပုံသေသတ်မှတ်ထားသည့် ရရန်ပိုင်ခွင့်များ ၏တန်ဖိုးကို မည်သို့တွက်ချက်ထားသည်ဟူသော ထုတ်ဖော်တင်ပြရ မည့် အချက်အလက်များ ပါရှိရမည်။

(ခ) လက်ကျန်ရှင်းတမ်း (balance sheet)ကို စာရင်းအင်းစံနှုန်းများ အရ ကျင့်သုံးရသည့် ပုံစံ သို့မဟုတ် သက်ဆိုင်ရာဥပဒေတစ်ရပ် ရပ်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်သည့် အခြားပုံစံဖြင့် ပြုစုဆောင် ရွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူပါရှိရမည်ဖြစ်သော အရှုံး အမြတ်စာရင်းတွင် ဒါရိုက်တာများသို့ ၎င်းတို့၏ တာဝန်ထမ်း ဆောင်မှုအတွက် အခကြေးငွေအဖြစ်ဝန်ဆောင်ခများ၊ ရာခိုင်နှုန်း များ သို့မဟုတ် အခြားနည်း တစ်ရပ်ရပ်အနေဖြင့် ပေးချေခဲ့သည့် ငွေပမာဏ စုစုပေါင်းအား ဖော်ပြသည့်အချက်အလက်များ၊ကုမ္ပဏီ တွင်ပါဝင်သူများကချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် လိုအပ် လျှင် အခြားအရာရှိတစ်ဦးဦးသို့ ပေးချေသည့် အခကြေးငွေများနှင့် ပစ္စည်းတန်ဖိုး လျော့တွက်ငွေအတွက် ပယ်ဖျက်သည့်တန်ဖိုးစုစု ပေါင်းတို့ကို ထည့်သွင်းဖော်ပြရမည်။ ကုမ္ပဏီ၏ဒါရိုက်တာ တစ်ဦးဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီက အခြားကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ်ခန့်ထားရန် အဆိုပြု ချက်အရ ဆောင်ရွက်ခြင်းဖြစ်လျှင် အဆိုပါဒါရိုက်တာအဖြစ်သော် လည်းကောင်း၊ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ အခြားနည်းတစ်ရပ် ရပ်ဖြင့်လည်းကောင်း ၎င်းကိုယ်ပိုင်အသုံးပြုမှုအတွက် ၎င်းမှရရှိ သော အခကြေးငွေ သို့မဟုတ် အခြားလစာနှင့်စရိတ်များကို စာရင်း၏အောက်ခြေတွင် သို့မဟုတ် ပူးတွဲတင်ပြသည့် ရှင်းတမ်း တွင် မှတ်ချက်ဖြင့် ဖော်ပြပါရှိရမည်။

**လက်အောက်ခံကုမ္ပဏီများနှင့် သက်ဆိုင်သောအချက်အလက်များကို လက်ကျန်ရှင်းတမ်းတွင် ထည့်သွင်းဖော်ပြရခြင်း**

၂၆၃။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်သည့်အခါ မြန်မာနိုင်ငံ စာရင်းကောင်စီက ပြဋ္ဌာန်းထားသော စာရင်းစံများအရ အဆိုပါ ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်းနှင့်အတူ အဆိုပါကုမ္ပဏီနှင့်တကွ ဤဥပဒေအရ ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေအရဖြစ်စေ ဘဏ္ဍာ ရေးရှင်းတမ်းပြုစုရမည့် လက်အောက်ခံ ကုမ္ပဏီများအားလုံးသည့် အုပ်စုတစ်ခုလုံး၏ စုပေါင်းရေးဆွဲထားသည့် ဘဏ္ဍာရေးရှင်းတမ်း ကို ပူးတွဲဖော်ပြရမည်။

(ခ) အကြောင်းတစ်ရပ်ရပ်ကြောင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ ဒါရိုက်တာများသည် ပုဒ်မခွဲ (က)ပါ ထုတ်ပြန်ချက်အားပြုစုရာတွင် လိုအပ်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ခြင်းမရှိပါက လက်ကျန်ရှင်းတမ်းကို လက်မှတ်ရေးထိုးသော ဒါရိုက်တာများ သည် အဆိုပါကိစ္စရပ်အား စာဖြင့်ရေးသားတင်ပြရမည်ဖြစ်ပြီး ၎င်းတို့၏ အစီရင်ခံစာကို အဆိုပါထုတ်ပြန်ချက်အစား လက်ကျန် ရှင်းတမ်းတွင် ပူးတွဲဖော်ပြရမည်။

(ဂ) အစုများပိုင်ဆိုင်သည့်ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ် လျက် လက်အောက်ခံ ကုမ္ပဏီတစ်ခုခုက ပုဒ်မ ၂၅၈ နှင့်အညီ ထိန်းသိမ်းထားရှိသော ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုရန်အတွက် ဆုံးဖြတ်ချက်တွင် အမည်ဖော်ပြပါ ရှိသော ကိုယ်စားလှယ်များကို ကြည့်ရှုခွင့်ပေးနိုင်သည်။ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများ ကို ရုံးလုပ်ငန်းချိန်အတွင်း မည်သည့်အချိန်တွင်မဆို ထို ကိုယ်စားလှယ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများအား ပုဒ်မ ၂၆၈ အရ အပ်နှင်းထားသည့် အခွင့်အရေးများကို အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီတွင် ပါဝင် သူများက လက်အောက်ခံကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်း၍ ၎င်းတို့ သည် အဆိုပါလက်အောက်ခံ ကုမ္ပဏီတွင် ပါဝင်သူများဖြစ် သကဲ့သို့ ကျင့်သုံးဆောင်ရွက်နိုင်သည်။

**လက်ကျန်ရှင်းတမ်း၏ အစစ်အမှန်ဖြစ်မှု**

၂၆၄။ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သောကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရန် လိုအပ်သော လက်ကျန်ရှင်းတမ်းများကို ဒါရိုက်တာ တစ်ဦးနှင့် အခြားအရာရှိတစ်ဦးက လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီဖြစ်လျှင် ထိုတစ်ဦးတည်းသော ဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

၂၆၅။ ဤအခန်းအရ လိုအပ်သော လက်ကျန်ရှင်းတမ်း (balance sheet) ကို ကုမ္ပဏီထံ ရှင်းလင်းတင်ပြရာတွင်လည်းကောင်း၊ ထိုရှင်းတမ်းကို ထုတ်ဝေ ရာတွင်လည်းကောင်း ပျက်ကွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက သို့မဟုတ် ဘဏ္ဍာရေးရှင်းတမ်း၊ အရှုံးအမြတ်စာရင်း သို့မဟုတ် ဝင်ငွေနှင့်အသုံးစရိတ် စာရင်း သို့မဟုတ် အခြားဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ပုဒ်မ ၂၆၀၊ ၂၆၂၊ ၂၆၃ နှင့် ၂၆၄ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်ထားသည့် သတ် မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင်ပါဝင်ဆောင်ရွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်။

**မှတ်ပုံတင်အရာရှိထံသို့ပေးပို့ရမည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏မိတ္တူ**

၂၆၆။ (က) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းအား ကုမ္ပဏီ၏ အထွေထွေအစည်း အဝေး၌ ရှင်းလင်းတင်ပြပြီးသည့်အခါ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးတစ်ဦးဦးက လက်မှတ်ရေးထိုးထားသော ယင်း၏ မိတ္တူတစ်စုံကို ပုဒ်မ ၉၇ တွင် ဖော်ပြပါရှိသော သတ် မှတ်ချက်များနှင့်အညီ ပြုစုထားသည့် နှစ်စဉ်ကုမ္ပဏီတွင် ပါဝင် သူများ၏ စာရင်းနှင့် အကျဉ်းချုပ်တို့၏ မိတ္တူများ တင်ပြသည့် အချိန်ကာလတွင် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအား တင်ပြသည့် အထွေထွေ အစည်းအဝေးသည် ယင်းဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအား အတည်မပြုခဲ့လျှင် ထိုသို့အတည်မပြုသည့် အချက်အလက်နှင့် အကြောင်းပြချက်များအတွက် ရေးသားဖော်ပြချက်တစ်ခုကို ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများတွင် ပူးတွဲထားရှိရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိထံ တင်ပြရမည့် စာရွက်စာတမ်းမိတ္တူတွင်လည်း ပူးတွဲထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၆၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၆၆ ပါသတ်မှတ်ချက်များကို လိုက်နာဆောင် ရွက်ရန် ပျက်ကွက်လျှင် အဆိုပါကုမ္ပဏီနှင့် ပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ကုမ္ပဏီတွင် ပါဝင်သူများက ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာများ၏ မိတ္တူများကို ရယူပိုင်ခွင့်ရှိခြင်း**

၂၆၈။ ဤဥပဒေတွင်ပါရှိသော အခြားပြဋ္ဌာန်းချက်များမှတစ်ပါး ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီက ပြုစုရ သည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏ မိတ္တူများကို ရယူခွင့်ရှိသည်။

**မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးခြင်း**

**မှတ်ပုံတင်အရာရှိက သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်း ဖော်ပြချက်များကို တောင်းခံခြင်း**

၂၆၉။ (က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၎င်းထံသို့ ကုမ္ပဏီတစ်ခုက တင်ပြရန် လိုအပ်သည့်စာရွက်စာတမ်း များကို စိစစ်ပြီးနောက် အဆိုပါ စာရွက်စာတမ်းများတွင် သက် ဆိုင်သည့်ကိစ္စရပ်များအတွက် အချက်အလက်များ ပြည့်စုံမှုရှိစေ ရန် အလို့ငှာ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်း ဖော်ပြချက်များ လိုအပ်နေသည်ဟု ထင်မြင်ယူဆပါက မှတ်ပုံတင် အရာရှိသည် စာဖြင့်ရေးသားထားသော အကြောင်းကြားစာ တစ်ရပ်ကို ထုတ်ပြန်၍ ထိုအကြောင်းကြားစာတွင် သတ်မှတ်ပေး ထားသည့် အချိန်ကာလအတွင်း ဖော်ပြပါ သတင်းအချက် အလက် သို့မဟုတ် ရှင်းလင်းဖော်ပြချက်ကို ကုမ္ပဏီက စာဖြင့် ရေးသား၍ တင်ပြစေရန် တောင်းဆိုနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်လည်ပတ်

**တာချီလိတ် ဇန်နဝါရီ ၅**
နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်၊ ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ တာချီလိတ်နယ်စပ် ဝင်-ထွက်ပေါက်မှ တစ်ဆင့် နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၅၉ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၇၅ ဦး၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၇၇ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာ စေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရုပ်တော်မူ၊ သစ်တစ်ပင်တောင်**(အောက်ပုံ)**၊ ကမ္ဘာအေးစေတီစသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေ အတွက်မှာ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ နေ့ချင်းပြန် ခရီးသည်စုစုပေါင်းမှာ ၇၃၀၇၅၆ ဦးဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည်စုစုပေါင်း ၁၁၉၀၁ ဦးနှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၅၇၁၄ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**





# ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ရန်ပုံငွေအဖွဲ့သို့ ငွေလှူဒါန်း

**ချမ်းအေးသာစံ ဇန်နဝါရီ ၅**
ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ရန်ပုံငွေအဖွဲ့သို့ အလှူငွေပေးအပ်ပွဲကိုဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း ရန်မျိုးလုံရပ်ကွက်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)ရတနာပုံ ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက ဆေးရုံကြီး၏ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြသည်။ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာမင်းသူက ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုနှင့် ပတ်သက်၍လည်းကောင်း၊ ဆီးနှင့် ကျောက်ကပ်ဆေးကုဌာန ပါမောက္ခဌာနမှူး ဒေါက်တာထားကြည်ဆွေက ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ရန်ပုံငွေအဖွဲ့ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မေတ္တာသင်္ဂဟအဖွဲ့ကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီခန့်စည်သူက အလှူငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မေတ္တာသင်္ဂဟအဖွဲ့မှ ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူနှင့်အဖွဲ့က အလှူငွေကျပ်သိန်း ၈၀ ပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။ ဆက်လက်၍ အလှူရှင်များက ကျောက်ကပ်အစားထိုးကုသမှုအတွက် အလှူငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

မြန်မာနိုင်ငံတွင်အသက်၂၀ မှ လူကြီးပိုင်းအထိ ကျောက်ကပ်ပျက်စီးမှုများတိုးပွားလာရာ ကျောက်ကပ်အစားထိုးကုသခြင်း၊ ကျောက်ကပ်တုဖြင့် သွေးသန့်စင်ခြင်းများဖြင့် ကုသရာ ငွေကြေးကုန်ကျမှုများပြားလာသဖြင့် ကုသမှုအပိုင်းတွင် အထောက်အကူပြုနိုင်ရန်နှင့် ကျောက်ကပ်အစားထိုးကုသမှုအတွက် မန္တလေးမြို့တွင်ပင် ဆေးစစ်မှုများဆောင်ရွက်နိုင်ရန် လူကြီးကျောက်ကပ်အစားထိုးကုသမှု ရန်ပုံငွေအဖွဲ့ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ရေချိုငါးမွေးမြူရေး ကျင့်စဉ်နှင့်အညီ ထုတ်လုပ်ရန် သင်တန်းဖွင့်လှစ်

**စစ်ကိုင်း ဇန်နဝါရီ ၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်) စစ်ကိုင်းမြို့တွင် ကောင်းမွန်သော ရေချိုငါးမွေးမြူရေးကျင့်စဉ်နှင့်အညီ ထုတ်လုပ်ရန် (GAqP) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးဌေးဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး Myanmar Trade development Program မှ Senior SPS Expert ဆရာဦးတင့်ဝေက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပို့ချပေးမည့် ပညာရပ်များအဖြစ် ကောင်းမွန်သော ရေနေသတ္တဝါ မွေးမြူရေးကျင့်စဉ် အထွေထွေ၊ အစားအသောက်ဘေးဥပဒ် ကင်းစင်ရေး ဆောင်ရွက်ချက်များ၊ လိုက်နာဆောင်ရွက်ရမည့် ဥပဒေနှင့် စည်းကမ်းများ၊ ပတ်ဝန်းကျင်တည်နေရာ တည်ဆောက်ခြင်းနှင့် အထွေထွေလုပ်ငန်းစဉ်များ၊ ငါးမွေးမြူရေး အစာစီမံခန့်ခွဲမှု၊ ဓာတုဆေးဝါးနှင့် စီမံခန့်ခွဲမှု၊ ရောဂါအန္တရာယ်စီမံခန့်ခွဲမှု၊ ဖမ်းဆီးပြီးနောက် စီမံခန့်ခွဲမှုစသည်တို့ဖြစ်ပြီး မုံရွာ၊ စစ်ကိုင်းတက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများ စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလကို သုံးရက်ပို့ချပေးသွားမည်ဖြစ်ကာ ငါးမွေးမြူရေးလုပ်ငန်းများသို့ ကွင်းဆင်းကြည့်ရှုလေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင် (စစ်ကိုင်းခရိုင် ပြန်/ဆက်)**

# တစ်ကွင်းတစ်ဆက်တည်း စံပြဇုန်များဖြင့် စိုက်ပျိုးနိုင်ရေး တောင်သူများနှင့် ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**
ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း SIR စိုက်စနစ် တစ်ကွင်းတစ်ဆက်တည်းစံပြဇုန်နှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းစနစ် တစ်ကွင်းတစ်ဆက်တည်းစံပြဇုန်များဖြင့် စိုက်ပျိုးနိုင်ရေးရည်ရွယ်၍ အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ စာကြည့်တိုက်၌ကျင်းပရာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဦးကြိုင်က စိုက်ပျိုးရေးဦးစီးဌာနဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

"SIR စိုက်စနစ် တစ်ကွင်းတစ်ဆက်တည်း စံပြဇုန်နှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းစနစ် တစ်ကွင်း တစ်ဆက်တည်းစံပြဇုန်များဖြင့် စိုက်ပျိုးခြင်းအားဖြင့် တောင်သူများကြုံတွေ့နေရသည့် လုပ်သားရှားပါးလာမှု အခက်အခဲများကို ဖြေလျှော့ပေးနိုင်မှာဖြစ်သလို ဧကထွက်နှုန်းတွေလည်း တိုးပွားလာမှာဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်အောင်က ပြောသည်။

ယခင်က SIR စိုက်စနစ်နှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းစနစ်များကို နေပြည်တော်အတွင်းရှိ မြို့နယ်အသီးသီး၌ ဆောင်ရွက်ရာတွင် ဇုန်အလိုက်စနစ်တကျရှိမနေဘဲ ယခုအခါနွေစပါးရာသီတွင် တစ်ကွင်းတစ်ဆက်တည်း စံပြဇုန်များဖြင့် စိုက်ပျိုးနိုင်ရေးအလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစိုက်ပျိုးစက်များအားအသုံးပြု၍ ငှားရမ်းခ တစ်ဧကလျှင် ကျပ် ၂၅၀၀၀ နှုန်းဖြင့် စိုက်ပျိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဦးကျော်အောင်၏ ပြောကြားချက်များအရ သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **သန့်မောင်**

# ချင်းတွင်းမြစ် ရေထိန်းတာပေါင် အဆင့်မြှင့်တင်မှုလုပ်ငန်းပြီးစီး၍ မြစ်ရေကြီးမြင့်မှုမှကာကွယ်နိုင်ပြီ



**မုံရွာ ဇန်နဝါရီ ၅**
မုံရွာမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ ချင်းတွင်းမြစ်ရေဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် မြစ်ရေတား တာပေါင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မုံရွာမြို့နယ်အတွင်းရှိ ပေတိုင်အမှတ် - ၇၇၄၅ မှ ၁၃၅၀၀ အတွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်အတွင်း မြစ်ရေတား တာပေါင်ကို ၁၉၆၄ ခုနှစ်မှ စတင်တည်ဆောက် အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အသုံးပြုသည့်နှစ်ကြာမြင့်လာခြင်း၊ မြစ်အတွင်း သဲနုန်းပို့ချမှုများလာခြင်းကြောင့် မြစ်ကြမ်းပြင် မြင့်တက်မှုများဖြစ်ပေါ်ကာ ၂၀၁၅ ခုနှစ်တွင် နှစ် ၅၀ အတွင်း အမြင့်ဆုံးရေအမှတ်အဖြစ် မုံရွာမြို့တွင် ၁၁၄၃ စင်တီမီတာအထိ မြင့်တက်ခဲ့သဖြင့် မြို့အတွင်းသို့ ရေဝင်ရောက်ခဲ့သဖြင့် ၎င်းရေအမှတ်အထက် ၃ ပေအမြင့်ရှိ တာပေါင်များကို မြေသားတာပေါင်၊ ကျောက်ရိုးစီတာပေါင်များ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအဆင့်မြှင့်တင်ဆောက်လုပ်သည့် ကျောက်ရိုးစီတာပေါင် လုပ်ဆောင်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၂၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ မြစ်ရေတား တာပေါင်တည်ဆောက်နိုင်ခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများနှင့် စိုက်ပျိုးခင်းများ မြစ်ရေ ဝင်ရောက်မှုမှ တားဆီးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ရေကြီးနစ်မြုပ်ဒေသအတွက် သောက်သုံးရေကန်ကြီး ဆောင်ရွက်ပေးနေမှု မကြာမီပြီးစီးတော့မည်



ဒဂုံမြို့မရဲစခန်းမှူး ဒုရဲမှူးဇော်နီချစ်သည် ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်ခင်သွယ်သွယ်ထွဋ်အပါအဝင် ရပ်ကွက်နေပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**ကျုံပျော် ဇန်နဝါရီ ၅**

မိုးတွင်းကာလတွင် နှစ်စဉ်လိုလို ရေကြီးနစ်မြုပ်မှု သဘာဝဘေးဒဏ်ကိုခံစားရသည့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ထိန်တပင်ကျေးရွာတွင် ရေကြီးမှုဖြစ်ပွားနေစဉ် ကျေးရွာပြည်သူများအသုံးပြုရန်အတွက် သန့်ရှင်းသော သောက်သုံးရေကန်ကြီး တူးဖော်နေမှုမှာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကန်ကြီးကို ရွာဦးဘုန်းတော်ကြီးကျောင်းနံဘေးရှိ အမြင့်ဆုံးမြေနေရာတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ် ၈၅ သိန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး အတွင်းအကျယ် ၁၀၀ စတုရန်းပေ၊ အနက် ၁၇ ပေ၊ အပြင်အကျယ် ၁၅၀ စတုရန်းပေရေကန်ကြီး ဖြစ်ကြောင်း၊ ရေကန်ပေါင်များပေါ်တွင် ရေစုပ်ယူရန် ရေတိုင်ကင် လေးလုံးနှင့် ရေလမ်းကင်းလွတ် ကွန်ကရစ်တံတားကိုပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးရွာမှာ အိမ်ခြေစုစုပေါင်း ၂၁၇ အိမ် ရှိပါတယ်၊ မိုးတွင်းရေကြီးလာပြီဆိုရင် တစ်ရွာလုံးလိုလို ရေမြုပ်ပါတယ်၊ အိမ်အပေါ်ထပ်တွေ၊ ရွာဦးဘုန်းကြီးကျောင်းက ရေဘေးကယ်ဆယ်ရေးစခန်းတွေမှာနေကြရပါတယ်၊ ရွာက ရေတိုင်ကင်တွေ အားလုံးမြုပ်ကုန်လို့ ရေအခက်အခဲအမြဲဖြစ်ပါတယ်၊ အလှူရှင်တွေက စက်လှေနဲ့ လာလှူတဲ့ ရေသန့်တွေကိုပဲ သောက်သုံးရေအဖြစ် ဆောင်ရွက်ရပါတယ်၊ အခုလို ရေကန်ကြီးရှိလာပြီဆိုရင်တော့ မိုးတွင်းရေကြီးရင် တစ်ရွာလုံးအတွက် သောက်သုံးရေ ပူစရာမလိုတော့လို့ ဝမ်းသာကြရတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

အဆိုပါ ရေကန်ကြီးကို မြို့နယ်နှင့် ကျေးရွာမှ တာဝန်ရှိသူများ ပူးပေါင်းကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း၊ မိုးရာသီတွင် ကန်အတွင်းသို့ အပြင်မှရေဆိုးများ မဝင်အောင် ရေကန်ပေါင်ကိုမြှင့်၍ တည်ဆောက်ထားကြောင်း၊ နွေရာသီတွင်လည်း ရွာ၏မီးဘေးကာကွယ်ရေးအတွက်ပါ အသုံးဝင်လာမည့် ရေကန်ကြီးဖြစ်ကြောင်း သိရသည်။ **နေဝင်းမြင့်(မြန်/ဆက်)**

# မအူပင်မြို့နယ် ဒေသခံများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး အသိပညာပေးပြီး ကွင်းဆင်းကုသပေး

**မအူပင် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၏ National Oral Health Education Project အရ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စုရှိ အော့ချတ်(ဒ်) ကုမ္ပဏီတွင် ဇန်နဝါရီ ၃ ရက်က ဒေသခံရွာသူရွာသားများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ ကွင်းဆင်းကုသပေးခြင်းများ ပြုလုပ်သည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဥက္ကဋ္ဌ ဒေါက်တာသိန်းကြူက"ကျေးရွာထဲမှာရှိတဲ့ ဒေသခံတွေကို ပညာပေးရင်းနဲ့ သွားနဲ့ခံတွင်းရောဂါတွေကို စစ်ဆေးပေးမယ်၊ တွေ့ရှိရတဲ့ ရောဂါတွေကိုကုသပေးမယ်၊ အရေးပေါ် လိုအပ်တဲ့ ခွဲစိတ်ကုသမှုတွေပေးသွားမယ်၊ ကျေးလက်ဒေသဆိုတဲ့အခါကျတော့ ကွမ်းစားတာတို့ ဆေးငုံတာတို့ ဒီအလေ့အကျင့်တွေပေါ့၊ ခံတွင်းမှာလည်း အနာလေးတွေ ရှိတတ်တယ်၊ အဲ့လိုရောဂါတွေ ဆက်မဖြစ်အောင် သူတို့ရဲ့ အလေ့အကျင့်လေးတွေ ပြုပြင်ပြောင်းလဲပေးမယ်၊ ထဲထဲဝင်ဝင် ပညာပေးချင်တဲ့သဘောပါ" ဟုပြောသည်။

ကွင်းဆင်းကုသမှုအစီအစဉ်တွင် သွားနှင့်ခံတွင်းဆိုင်ရာကျွမ်းကျင်ဆရာဝန်များက အသိပညာပေးဟောပြောခြင်း၊ သွားကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခံတွင်းသန့်ရှင်းစေရန် ကျောက်ခြစ်ပေးခြင်း၊ သွားအပေါက်ဖာခြင်း၊ သွားနုတ်ခြင်းတို့ကို ခေတ်မီစက်ကိရိယာများဖြင့် ဆောင်ရွက်ပေးရာ သွားကျန်းမာရေးအတွက် လာရောက်ကုသမှုခံယူသူ ဒေသခံ ၁၀၀ ကျော်နီးပါးရှိကြောင်းသိရသည်။

အော့ချတ်(ဒ်)ကုမ္ပဏီမှ ဒေါက်တာမြင့်စိန်က"ကျွန်တော်က သွားဆရာဝန်တစ်ယောက်ဆိုတော့ ဒီဒေသက လူတွေကို သွားကျန်းမာရေးအတွက် ဆောင်ရွက်ပေးချင်တဲ့အတွက် အခုလို စီစဉ်ဆောင်ရွက်ဖြစ်တာပါ၊ ဆရာဝန် ၂၀ ကျော်နဲ့ မြို့ပေါ်က ဆေးခန်းတွေမှာ ကုသတဲ့အတိုင်း လိုအပ်တဲ့ ခွဲစိတ်ကုသမှုကအစ သန့်သန့်ရှင်းရှင်းနဲ့ လူနာတွေကို ကုသပေးမှာဖြစ်ပါတယ်၊ ဒီကျန်းမာရေး ပညာပေးအစီအစဉ်ကနေ သွားတိုက်တဲ့အခါ စနစ်တကျလုပ်တဲ့အကျင့်လေးရသွားရင် အနည်းဆုံးတော့ အစာစားပြီးတိုင်း ပလုတ်ကျင်းရတယ်၊ သွားကိုဘယ်လိုဂရုစိုက်ရမယ်ဆိုတာ သိသွားရင်ကို ကျေနပ်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံရှိ ကလေးငယ်များတွင် သွားပိုးစားရောဂါကို တွေ့ရတတ်ပြီး လူကြီးများနှင့် လူလတ်ပိုင်းများတွင် သွားဖုံးရောင်၊သွားရေစီးကမ်းပြိုရောဂါများအပြင် အရက်၊ ကွမ်း၊ ဆေးလိပ်သောက်ရာမှ ခံတွင်းကင်ဆာရောဂါများအဖြစ်များ လာသည့်အတွက် ပြည်သူလူထု၏ သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ ၂၀၁၈ ခုနှစ်မှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းမှ သိရသည်။ **သီသီမင်း**



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီးများ(စက်ချုပ်)သင်တန်းဖွင့်

**တနင်္သာရီ ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက တကူကျေးရွာအုပ်စု တကူသံတိုက်ကျေးရွာ မြပန်းသခင် မင်္ဂလာခန်းမ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီးများ အခြေခံ (စက်ချုပ်) သင်တန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။



တနင်္သာရီမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက အဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးနိုင်က မိသားစုဘဝ ဝင်ငွေ တိုးပွားရေးအတွက် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်နေမှု အကြောင်းအရာများနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တကူကျေးရွာအုပ်စု ရပ်မိရပ်ဖ (အငြိမ်းစားဆရာကြီး)ဦးစန်းအောင်က ယခုကဲ့သို့ ကျေးရွာသို့ မိသားစု ဝင်ငွေ တိုးပွားရေး အထောက်အကူပြုစေရန် အကုန်အကျခံ၍ လာရောက်သင်ကြားပေးသည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

၎င်းသင်တန်းသို့ တကူကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာခွဲများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက်မှ မတ် ၅ ရက်အထိ သင်တန်းကာလ နှစ်လဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**

# မူးခင်းပညာပေးပြခန်းယာဉ်ဖြင့် မူးခင်းအသိပညာပေး

**ကျောက်တန်း ဇန်နဝါရီ ၅**

မူးခင်းပညာပေး ပြခန်းယာဉ်ဖြင့် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက ကျောက်တန်းမြို့သို့ ရောက်ရှိလာရာ မြို့သစ် ရပ်ကွက် အ-ထ-က(၁) ကျောင်းရှေ့တွင် ရပ်တန့်၍ သန်လျင် မြို့မစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်မောင်မောင်သန်း ဦးစီး၍ တပ်ဖွဲ့ဝင်အင်အား ၁၅ဦးတို့က မူးခင်းဆိုင်ရာ အသိပညာများဟောပြောကာ သိလိုသည်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖြစေ**



# ဒိုက်ဦးမြို့နယ် ဆင့်ကူး-ကုက္ကိုင်း အရှည်ကိုးမိုင်ရှိ ကျေးရွာချင်းဆက် မြေသားကားလမ်းဖွင့်

**ဒိုက်ဦး ဇန်နဝါရီ ၅**

ဒိုက်ဦးမြို့နယ် ဆင့်ကူး-ကုက္ကိုင်း အရှည်ကိုးမိုင်ရှိ ကျေးရွာချင်းဆက်မြေသားကားလမ်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အဆိုပါ မြေသားကားလမ်းမကြီးသည်အရှည် ၉ မိုင်၊ အကျယ် ၂၄ ပေ၊ အမြင့် ၅ ပေရှိပြီး ဆင့်ကူး-မြောက်ချေကုန်း-ကန်ကလေး-ကုက္ကိုင်းကျေးရွာများသို့ဆက်သွယ်သွားလာနိုင်သောကျေးရွာချင်းဆက်မြေသားကား လမ်းမကြီးဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်းပေါင်း ၁၁၄၀ ကျော် အကုန်ကျခံဆောင်ရွက်ခြင်းဖြစ်သည့်အပြင် ကွန်ကရစ်လမ်းအဖြစ်လည်းအဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# (၄၆) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

ဒေါက်တာနီသက်ဦး
(ဆေးသုတေသနဦးစီးဌာန)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပင်မမဏ္ဍိုင်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ကျန်းမာရေးသတင်းအချက်အလက်များ ဖြန့်ဝေခြင်းလုပ်ငန်းစဉ်အဖြစ် ကျန်းမာရေးသုတေသနလုပ်ငန်းများ၏ တွေ့ရှိချက်ရလဒ်များကို သုတေသနစာတမ်း၊ ပိုစတာများဖြင့် တင်ပြသည့် (၄၆) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဇန်နဝါရီ ၈ရက် (တနင်္လာနေ့) မှ ၁၂ရက် (သောကြာနေ့)အထိ ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပါသည်။

**ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရန်ရည်ရွယ်**

ညီလာခံကို ကျန်းမာရေးဆိုင်ရာသုတေသနပညာရပ်များ အဆင့်မြင့်မားတိုးတက်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်နှင့် ကျန်းမာရေးနှင့် နှီးနွှယ်ဆောင်ရွက်သော သုတေသီ ပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများလက်ဝယ်သို့ သုတေသနရလဒ်များ ရောက်ရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါသည်။ ညီလာခံကြီး၏ မြစ်ဖျားခံရာ သမိုင်းကြောင်းကို ပြန်လည်လေ့လာပါက သုတေသီများက သုတေသနတွေ့ရှိချက်များအား စာတမ်းအဖြစ် တင်သွင်းဖတ်ကြားခြင်းကို ၁၉၆၅ ခုနှစ်မှ စတင်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှစ၍ သုတေသနပိုစတာပြပွဲကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်မှစ၍ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium) များ ကျင်းပခြင်းကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများနှင့် ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုများ ချီးမြှင့်ခြင်းကိုလည်းကောင်း စီစဉ်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါသည်။

ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီခုနစ်ခုဖြစ်သော စာတမ်းကြီးကြပ်ရေး၊ အကောင်းဆုံးစာတမ်းဆုရွေးချယ်ရေး၊ ကြိုဆိုနေရာချထားရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ပြန်ကြားရေး၊ ဧည့်ခံကျွေးမွေးရေး၊ အထောက်အကူပြုစသည်တို့ဖြင့် ဖွဲ့စည်းထားရှိလျက် လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ထားရှိကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ကြရပါသည်။

**သုတေသနစာတမ်းများစုစည်း**

ညီလာခံတွင် သုတေသနစာတမ်းများကို အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသန (Social Science Health Systems Research) နှင့် ပိုစတာအဖြစ်ဖြင့် သတ်မှတ်ဖော်ပြလျက် စာတမ်းအကျဉ်းကို (၃၁-၁၀-၂၀၁၇) ရက် နောက်ဆုံးထား၍လည်းကောင်း၊ စာတမ်းအပြည့်အစုံကို (၃၀-၁၁-၂၀၁၇) ရက် နောက်ဆုံးထား၍လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နှီးနွှယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များထံမှ ကျန်းမာရေး သုတေသနစာတမ်းများကို စုစည်းခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ပေးပို့လာသည့်စာတမ်းများကို စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက စိစစ်ပြီးနောက် အခြေခံသုတေသနစာတမ်း ၄၅ စောင်၊ အသုံးချသုတေသနစာတမ်း ၃၈ စောင်၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသနစာတမ်း ၂၇ စောင်၊ ပိုစတာစာတမ်း အစောင် ၈၀ တို့အား ညီလာခံသို့ တင်သွင်း၊ ဖတ်ကြား၊ ပြသရန်လက်ခံထားရှိကြောင်း သိရသည်။ ယခုနှစ်တွင် ညီလာခံသို့ ပိုစတာအဖြစ်တင်သွင်းမည့် စာတမ်းအရေအတွက်မှာ ယခင်နှစ်များနှင့်မတူ များပြားလွန်းသဖြင့် နေရာအခက်အခဲကြောင့် ညီလာခံကျင်းပမည့် ရက်များအတွင်းနှစ်ပိုင်းခွဲ၍ ပြသရန်စီစဉ်ထားရှိကြောင်း သိရပါသည်။

တင်သွင်းမည့်စာတမ်းများတွင် ငှက်ဖျား၊ ကင်ဆာ၊ တီဘီ၊ အသည်းရောင်အသားဝါ၊ သွေးလွန်တုပ်ကွေး၊ ကလေးကျန်းမာရေး၊ သားဖွားနှင့်မီးယပ်၊ အာဟာရ၊ မျိုးဆက်ပွားကျန်းမာရေး၊ မြွေကိုက်သုတေသန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဆိုင်ရာသုတေသန၊ ဇီဝကမ္မဆိုင်ရာသုတေသန၊ ကျန်းမာရေးစနစ်ဆိုင်ရာသုတေသန၊ ပတ်ဝန်းကျင် ကျန်းမာရေး၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ ပြည်သူ့ကျန်းမာရေး၊ တိုင်းရင်းဆေး၊ သွားကျန်းမာရေးတို့နှင့် ပတ်သက်သည့် သုတေသနများ ပါဝင်ကြောင်း သိရပါသည်။

**သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်**

ယနေ့ကမ္ဘာကြီးတွင် ကင်ဆာရောဂါဖြစ်ပွားနှုန်း၏ ထက်ဝက်ခန့်သည် အာရှနိုင်ငံများမှဖြစ်ပြီး ၂၀၀၈ခုနှစ်တွင် ကင်ဆာရောဂါခံစားနေရသူပေါင်း ၆ ဒသမ ၁ သန်းရှိရာမှ ကင်ဆာရောဂါများ၏ ၃၀ ရာခိုင်နှုန်းသည် ကြိုတင်ကာကွယ်၍ရသော ရောဂါများဖြစ်ကြသဖြင့် စောစီးစွာ ကုသမှုခံယူလျှင် ပျောက်ကင်းနိုင်ပါသည်။ လူနာအများစုမှာ ရောဂါအဆင့်မြင့်ချိန်မှသာ ရောဂါကို သတိထားမိလေ့ရှိကြသဖြင့် နှစ်စဉ်ဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိသည့် ကင်ဆာရောဂါကို မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း၊ ရောဂါဖြစ်လာပါက စောစီးစွာသိရှိနိုင်ရန်အတွက် ခေတ်မီ စမ်းသပ်စစ်ဆေးမှုများကို ကျယ်ပြန့်စွာအသုံးပြု၍ ရောဂါရှာဖွေခြင်း၊ အရည်အသွေးမီ ကုထုံးများဖြင့် ထိရောက်စွာ ကုသပေးခြင်းတို့သည် ရောဂါကုသမှုအတွက် နိုင်ငံတော်မှဘဏ္ဍာငွေများစွာ ကျခံသုံးစွဲကုသနေရခြင်းကို သက်သာလျှော့ချစေနိုင်မည့်အပြင် ကင်ဆာရောဂါရှင်များအနေနှင့်လည်း ရောဂါနုစဉ်မှာပင် ပျောက်ကင်းအောင် ထိရောက်စွာ ကုသနိုင်ကာ သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်မည်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ယခု (၄၆) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ကင်ဆာရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ရန်၊ ဖြစ်ပွားမှုကို ဆောလျင်စွာ သိရှိရန်၊ ထိရောက်စွာကုသရန်နှင့် ကင်ဆာရောဂါဖြင့်လည်းဆက်လက်ရှင်သန်ရန် "To Prevent, Detect, Treat & Live with Cancer" ဟူသော CongressTheme ဖြင့်ကျင်းပရန် စီစဉ်ထားရှိပါသည်။

**ပညာရှင်များ နှီးနှောဖလှယ်**

ညီလာခံကျင်းပမည့်ရက်များအတွင်း ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ၁၂ ခုနှင့် ဟောပြောပွဲ လေးခုတို့ကို မြန်မာနိုင်ငံနှင့်အမေရိကန်၊ အင်္ဂလန်၊ အိုင်ယာလန်၊ သြစတြေးလျ၊ ဆွစ်ဇာလန်၊ ဂျပန်၊ ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ပညာရှင်များက တင်သွင်း၊ ဖတ်ကြား၊ ပြသဆွေးနွေး၊ နှီးနှောဖလှယ်ကြမည်ဟုသိရပါသည်။ ပြည်တွင်း၊ ပြည်ပ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများကလည်း ခေတ်မီဆေးနှင့်ဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများ ပြခန်းများဖြင့် စုံလင်စွာ ခင်းကျင်းပြသကြမည်ဖြစ်ပါသည်။

ညီလာခံတွင် တင်သွင်းလာသည့် စာတမ်းများမှ အကောင်းဆုံး လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းတစ်စောင်၊ အကောင်းဆုံး အခြေခံသုတေသန (Basic Research) စာတမ်းတစ်စောင်၊ အကောင်းဆုံးလူမှုရေးနှင့် ကျန်းမာရေးသုတေသန (Social Science Health Systems Research) စာတမ်းတစ်စောင်နှင့် ပိုစတာများမှ အကောင်းဆုံးပိုစတာတစ်စောင် စုစုပေါင်း လေးစောင်ကိုလည်းကောင်း၊ လူငယ် သုတေသီဆု သုံးခုအတွက် လက်တွေ့အသုံးချသုတေသနစာတမ်းတစ်စောင်၊ အခြေခံသုတေသနစာတမ်းတစ်စောင်၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသနစာတမ်းတစ်စောင် စုစုပေါင်း သုံးစောင်ကိုလည်းကောင်း အကောင်းဆုံးစာတမ်းဆု ရွေးချယ်ရေးဆပ်ကော်မတီက အသီးသီးရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ညီလာခံသို့ တက်ရောက်လာကြသူများအား ယခင်နှစ်များနည်းတူ Certificate of Attendance နှင့် စာတမ်းတင်သွင်းသူပညာရှင်များအား Certificate of Paper presentation၊ Certificate of Poster presentation များ ပေးအပ်မည်ဖြစ်ကြောင်း သိရပါသည်။

> "စာတမ်းတင်သွင်းမည့် သုတေသီပညာရှင်များသည် မိမိတို့၏သုတေသနတွေ့ရှိချက်များကို ဆုရရှိရေးအတွက် အဓိကမဟုတ်ဘဲ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် အကောင်းဆုံး တင်သွင်းဖတ်ကြားပြသနိုင်ရေး . . ."

**ကမ္ဘာ့အဆင့် တက်လှမ်းနိုင်ရေး**

သုတေသန စာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေး သိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ပြင်ဆင်ကာ၊ ဂျာနယ်၏ website (www. myanmarhsrj.com) သို့ Online submission ဖြင့် ပေးပို့နိုင်ကြောင်း သိရပါသည်။ ၎င်းသုတေသနဂျာနယ်ကို ထိုင်းနိုင်ငံအခြေစိုက် အာဆီယံနိုင်ငံများ၏ အဆင့်မြင့် ဂျာနယ်များကို စုစည်းထားရှိရာ Asean Citation Index (ACI) တွင်ဖော်ပြရန် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက မလေးရှားနိုင်ငံတွင် ကျင်းပသည့် 5th ACI Steering Committee Meeting တွင် အသိအမှတ်ပြု လက်ခံခဲ့ပါသည်။ ယင်းသည် ဝန်ကြီးဌာန ကိုယ်စားပြု ဆေးသုတေသနဦးစီးဌာန၏ အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် အထောက်အကူတစ်ရပ်လည်း ဖြစ်စေပါသည်။

ယခုအခါတွင် အမျိုးသားကျန်းမာရေးသုတေသနမူဝါဒ (National Health Research Policy) ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုခဲ့ပြီးဖြစ်သဖြင့် နိုင်ငံတွင်းရှိ ကျန်းမာရေးဝန်ဆောင်မှု၊ သင်ကြားရေးနှင့် သုတေသနအဖွဲ့အစည်းများက သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှရရှိသည့် သုတေသနရလဒ်များကို အသုံးပြုသော အမျိုးသားကျန်းမာရေးသုတေသနစနစ်တစ်ရပ် နိုင်ငံတော်အတွက်ပေါ်ထွန်းလာမည်ဖြစ်သည်။

ညီလာခံဖွင့်ပွဲအခမ်းအနား အစီအစဉ်များတွင် ငှက်ဖျားရောဂါ သုတေသနလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် တွဲဖက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသော ဆေးသုတေသန ဦးစီးဌာနကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ "WHO Collaborating Centre for Research & Training on Malaria" အဖြစ် အသိအမှတ်ပြုခြင်းအတွက် ကမ္ပည်းမော်ကွန်းတင် ကြေးပြားအား ဖွင့်လှစ်ခြင်းအားလည်း ဂုဏ်ယူစွာဖြင့် ထည့်သွင်းစီစဉ်ထားကြောင်း သိရပါသည်။

**တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်**

ညီလာခံကျင်းပစဉ်အတွင်း တစ်နေ့တာ တင်သွင်းဖတ်ကြားခဲ့သည့် သုတေသနစာတမ်းများနှင့် ပတ်သက်၍ ပြန်ကြားရေးဆပ်ကော်မတီမှ သတင်းမီဒီယာများကို ညနေပိုင်းတွင် လက်ခံတွေ့ဆုံ၍ သိလိုသည်များကို ဖြေကြား ပေးမည်ဖြစ်ပါသည်။ ပိုမိုအသေးစိတ်သိရှိလိုပါက သုတေသနစာတမ်းတင်သွင်းသူ အဓိကသုတေသီပညာရှင်နှင့် သတင်းမီဒီယာတို့ တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

စာတမ်းတင်သွင်းမည့် သုတေသီပညာရှင်များသည် မိမိတို့၏သုတေသနတွေ့ရှိချက်များကို ဆုရရှိရေးအတွက် အဓိကမဟုတ်ဘဲ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် အကောင်းဆုံးတင်သွင်းဖတ်ကြားပြသနိုင်ရေးကိုသာ ပဓာနထားကာ ကြိုးစားဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံသို့ စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များသာမက ဆရာဝန်များ၊ ဘွဲ့လွန်သင်တန်းသားများ၊ ကျန်းမာရေးဝန်ထမ်းများ အပါအဝင် သုတေသနစိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း ဖိတ်ကြား အသိပေးအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဆေးသုတေသနဦးစီးဌာနက နှစ်စဉ် စနစ်တကျ တာဝန်ယူ ကျင်းပသည့် သုတေသနညီလာခံကျင်းပသည့်ရက်များအတွင်း ပညာရှင်များ၏ တင်ပြဆွေးနွေးတိုင်ပင်အဖြေရှာဖော်ထုတ်ချက်ရလဒ်များသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးကဏ္ဍအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# "Mile 22"ရုပ်ရှင်နဲ့ သရုပ်ဆောင်အဖြစ် စတင်မယ့် CL

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Mile 22"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ CL ဟာ တေးဂီတနဲ့ပတ်သက်ပြီး ဟောလိဝုဒ်အထိ ခြေဆန့်ကာ ဟောလိဝုဒ်အနုပညာရှင်တွေနဲ့ ပူးပေါင်းဖန်တီးခဲ့ပြီးနောက် လတ်တလောမှာတော့ အနုပညာနယ်ပယ်သစ်ကို ချဲ့ထွင်ကာ သရုပ်ဆောင်တစ်ဦးအဖြစ် ဟောလိဝုဒ်ရုပ်ရှင်သစ်မှာ ပါဝင်ရင်း စာမျက်နှာသစ်ဖွင့်လှစ်တော့မှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၅ ရက်မှာတော့ CL က သူ့ရဲ့ လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရုပ်ရှင်ရိုက်ကွင်းပေါ်က ဓာတ်ပုံတွေကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ CL က စုစုပေါင်း ဓာတ်ပုံလေးပုံထုတ်ဖော်ပြသခဲ့ပြီး ပထမဆုံးဓာတ်ပုံမှာတော့ သူတစ်ဦးတည်းရိုက်ကူးထားကာ ပရိသတ်တွေကို ဘာလည်းဆိုတာခန့်မှန်းစေခဲ့ပါတယ်။ ဒုတိယဓာတ်ပုံမှာတော့ သူနဲ့ ဒါရိုက်တာ ပီတာဘရက်တို့ အတူရိုက်ကူးထားပြီး တတိယဓာတ်ပုံမှာတော့ ဟောလိဝုဒ်သရုပ်ဆောင် ဂျွန်မားလ်ကိုးဘစ်ရှ်ပါဝင်ကာ သုံးဦးအတူရိုက်ကူးထားပါတယ်။ စတုတ္ထဓာတ်ပုံကတော့ အဖွဲ့လိုက်ဓာတ်ပုံဖြစ်ပါတယ်။

"Mile 22"ဟာ စုံထောက်ရုပ်ရှင်အမျိုးအစားဖြစ်ပြီး လာဘ်စားမှုတွေကို ပူးပေါင်းတိုက်ဖျက်ကြပုံကို ပုံဖော်သွားမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာ သူပါဝင်သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်နဲ့ပတ်သက်ပြီး CL က တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့တာကိုတော့ မတွေ့ရပေမယ့် CL ကို ဟောလိဝုဒ်သရုပ်ဆောင်တစ်ဦးအဖြစ် တွေ့မြင်ရတော့မယ့်အပေါ် ပရိသတ်တွေကတော့ အထူးစိတ်ဝင်စားနေကြတာလည်း ဖြစ်ပါတယ်။





# "Game of Thrones"ရာသီသစ်ကို ၂၀၁၉ ခုနှစ်အတွင်း ထုတ်လွှင့်သွားမည်

HBO ရုပ်သံလိုင်းက ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Game of Thrones"ရဲ့ ရာသီသစ်အတွက် ဇာတ်လမ်းတွဲတွေကို လာမယ့် ၂၀၁၉ ခုနှစ်အတွင်း စတင်ထုတ်လွှင့်သွားဖို့ စီစဉ်ထားကြောင်း ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာ အဆိုပါရုပ်သံလိုင်းက ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ ကော့စမိုပိုလီတန်ဒေ့ါကွန်းမှာ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

လာမယ့်ရာသီဟာ ဇာတ်လမ်းတွေရဲ့ အဋ္ဌမမြောက်ရာသီဖြစ်ပြီး နောက်ဆုံးအဆုံးသတ်သွားမယ့် ရာသီလည်းဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ထုတ်လွှင့်သွားမယ့်ရာသီမှာတော့ အပိုင်းခြောက်ပိုင်းသာ ပါဝင်မှာဖြစ်ပြီး ဒါရိုက်တာသစ်တွေက တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Game of Thrones"ရာသီသစ်အတွက် ထုတ်လုပ်မှုလုပ်ငန်းတွေကို ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက စတင်ခဲ့တာဖြစ်ပြီး လာမယ့် ဩဂုတ်လအတွင်း အဆုံးသတ်သွားဖို့ရာ မျှော်လင့်ရပါတယ်။ ရုပ်သံကနေ ထုတ်လွှင့်ပြသမှုတွေကိုတော့ ၂၀၁၉ ခုနှစ်အတွင်းမှ စတင်သွားဖို့ရာ စီစဉ်ထားတာလည်း ဖြစ်ပါတယ်။

**အေးပြည့် ရေးသားသည်**

# အဖွဲ့လိုက် အေဂျင်စီနဲ့ လမ်းခွဲလိုက်တဲ့ T-ara

တောင်ကိုရီးယားရဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara"ရဲ့ အဖွဲ့ဝင်တွေကတော့ အေဂျင်စီနဲ့ စာချုပ်သက်တမ်းပြည့်ခဲ့ချိန်မှာ အဖွဲ့ဝင်အားလုံးဟာ အဆိုပါအေဂျင်စီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိကြပါဘူး။ ဒီလိုအချိန်မှာ အဖွဲ့ကိုဖျက်သိမ်းလိုက်ခြင်းမျိုးမရှိဘဲ အဖွဲ့ဝင်အားလုံးဟာ "T-ara"ကို ဆက်လက်ရှင်သန်စေခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို ဆယ်နှစ်ကျော်ကြာ လက်တွဲခဲ့တဲ့ အမ်ဘီကေအန်တာတိန်းမန့်နဲ့ လမ်းခွဲခဲ့ပေမယ့် "T-ara"ကို ကေပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့အဖြစ် ဆက်လက်ရပ်တည်သွားစေမယ့်အကြောင်းကို အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟိုမင်က ပြီးခဲ့တဲ့ ဇန်နဝါရီ ၃ ရက်မှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့ရာမှာတော့ ဟိုမင်က တစ်ချိန်မှာ "T-ara"အနေနဲ့ ပရိသတ်တွေအရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

အဖွဲ့ဝင်လေးဦးနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ "T-ara"ဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နှစ်ကုန်မှာ အမ်ဘီကေအန်တာတိန်းမန့်နဲ့ လမ်းခွဲခဲ့တာဖြစ်ပြီး ဒီလိုစာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိတော့ကြောင်းနဲ့ စာချုပ်သက်တမ်းဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာ ကုန်ဆုံးခဲ့ပြီးဖြစ်ကြောင်းကိုလည်း အဆိုပါအေဂျင်စီက အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အေဂျင်စီက "T-ara"အနေနဲ့ အဖွဲ့ဖျက်သိမ်းသွားမှာမဟုတ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။





# နှစ်သစ်ကူးမှာ သူငယ်ချင်းတွေနဲ့အတူ တွေ့လိုက်ရတယ်လို့ သတင်းတွေထွက်လာတဲ့ T. O. P

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ T. O. P ဟာ စစ်မှုထမ်းကာလအတွင်း မူးယစ်ဆေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပြီးနောက် စစ်မှုထမ်းရက်တွေကို အစကနေပြန်လည်ထမ်းဆောင်သွားဖို့ရာ ပြစ်ဒဏ်ချမှတ်ခံထားရတာဖြစ်ပါတယ်။ ဒါပေမယ့် အချို့သောမီဒီယာတွေက သူ့ကို နှစ်သစ်ကူးရက်တွေအတွင်း သူငယ်ချင်းတွေနဲ့အတူ စားသောက်ဆိုင်တစ်ဆိုင်မှာ တွေ့မြင်ခဲ့ရကြောင်း လတ်တလောမှာတော့ သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

"BIGBANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T. O. P ရဲ့ နှစ်သစ်ကူးအကြိုညမှာ ရိုက်ကူးထားတဲ့ဓာတ်ပုံကို သူ့ရဲ့သူငယ်ချင်းတစ်ဦးက လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း တရုတ်မီဒီယာတစ်ခုက စတင်ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ရာမှာ ယင်းဓာတ်ပုံကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၃၁ ရက်မှာ ရိုက်ကူးထားတာဖြစ်ကြောင်းနဲ့ အဆိုပါနေ့မှာ "BIGBANG"ရဲ့ အခြားသောအဖွဲ့ဝင်လေးဦးဟာ နှစ်သစ်အကြိုဖျော်ဖြေပွဲကို ပြုလုပ်ခဲ့တာလည်းဖြစ်ပြီး အဆိုပါဖျော်ဖြေပွဲမှာတော့ T. O. P ပါဝင်ခဲ့ခြင်းမရှိပါဘူး။

စားသောက်ဆိုင်မှာ ရိုက်ကူးထားတဲ့ T.O.P ရဲ့ ဓာတ်ပုံဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရပြီးနောက်မှာတော့ သူငယ်ချင်းဖြစ်သူဟာ အဆိုပါဓာတ်ပုံကို ပြန်လည်ဖျက်သိမ်းခဲ့ပြီး တစ်နေရာတည်းမှာပဲ T.O.P မပါဘဲ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေကို အစားထိုးဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

# ဘုတလင်မြို့နယ်တွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီး

**ဘုတလင် ဇန်နဝါရီ ၅**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများဗို့အားအပြည့် အဝ အသုံးပြုနိုင်ရန်အတွက် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ကြောင်ပန်းဓာတ်အားခွဲရုံဝင်းအတွင်း ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာလပထမပတ် မှစတင်တည်ဆောက်လျက်ရှိရာ ယခုအခါ တည် ဆောက်ရေးလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ် အင်ဂျင်နီယာရုံးမှ သိရသည်။

၆၆/၃၃ ကေဗွီ ၁၀အမ်ဗွီအေ ကြောင်ပန်း ဓာတ်အားခွဲရုံမှ ယခုလက်ရှိတွင် ဘုတလင်မြို့နယ် သခွတ္တနယ် ဓာတ်အားခွဲရုံမှတစ်ဆင့် ဘုတလင် အနောက်ဘက်ခြမ်းကျေးရွာများနှင့် ဒီပဲယင်းမြို့နယ် အတွင်းသို့ ဓာတ်အားပေးပို့ဖြန့်ဖြူးပေးလျက်ရှိပြီး ဘုတလင်မြို့ပေါ်ရပ်ကွက်နှင့် အနီးဝန်းကျင်ကျေးရွာ များသို့ မုံရွာမြို့ အလုံဓာတ်အားခွဲရုံမှတစ်ဆင့် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးလျက်ရှိရာ ဘုတလင်မြို့နယ်တစ်ခုလုံး လျှပ်စစ်ဗို့အား အပြည့် အဝ အသုံးပြုနိုင်ရန်အတွက် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေထရန်စဖော်မာ တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

"ကြောင်ပန်းဓာတ်အားခွဲရုံက ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာမှတစ်ဆင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာရှိတဲ့ သခွတ္တ နယ် ဓာတ်အားခွဲရုံနဲ့ ဒီပဲယင်းမြို့နယ် ဓာတ်အားခွဲရုံ တွေက အသုံးပြုနိုင်ပေမယ့် ဘုတလင်မြို့ပေါ်ရပ်ကွက် တွေနဲ့ အနီးဝန်းကျင်ကျေးရွာတွေကို လျှပ်စစ်ဓာတ် အား ဖြန့်ဖို့အတွက် ၃၃/၁၁ ကေဗွီ ထရန်စဖော်မာ မရှိတဲ့အတွက် မုံရွာမြို့နယ် အလုံဓာတ်အားခွဲရုံ ကနေ ရယူသုံးစွဲနေရတယ်၊ အခုတစ်မြို့နယ်လုံးကို တစ်နေရာတည်းကနေ လျှပ်စစ်ဓာတ်အားဖြန့်ဝေ နိုင်ဖို့အတွက် ထရန်စဖော်မာ အသစ်တစ်လုံးတပ် ဆင်တာပါ။ ထရန်စဖော်မာကတော့ ဌာနကတပ်ဆင် ပေးတာပါ၊ ဆက်စပ်ပစ္စည်းတွေအတွက် ကုန်ကျ စရိတ်ကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံ ငွေနဲ့ ဒီဇင်ဘာလ ပထမပတ်ထဲမှာ တည်ဆောက် ရေးလုပ်ငန်းစတင်တာ အခု ၅၀ ရာခိုင်နှုန်းပြီးစီးပါ ပြီ"ဟု တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဘုတလင်မြို့ ကြောင်ပန်းဓာတ်အားခွဲရုံတွင် တည်ဆောက်လျက်ရှိသော ၃၃/၁၁ ကေဗွီ ၅အမ်ဗွီ အေ ထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်းသည် ဖေဖော်ဝါရီလကုန်တွင် ပြီးစီးတော့မည်ဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ဘုတလင် မြို့နယ်တစ်ခုလုံးရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများနေပြည်သူများ လျှပ်စစ်ဗို့အား ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**





## လေးကျွန်းမာရ်အောင်ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်မည်

**မင်္ဂလာတောင်ညွန့် ဇန်နဝါရီ ၅**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ကမ်းနားလမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော လေးကျွန်းမာရ်အောင် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးကို ဒုတိယအကြိမ် ဌာပနာထည့်သွင်းမည့် စေတီငယ်များ၊ ဆင်းတုတော်ငယ်များ၊ ဓာတ်တော်များ၊ သက်န်းဒွိစုံများနှင့် လက်ဝတ်ရတနာများကို ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီမှစ၍ ရပ်ကွက်အတွင်း သို့ ခုနစ်ရက်သားသမီးများ ကြည်ညိုသဒ္ဓါပွားဖူးမြော်နိုင်ရန် လှည့်လည် အပူဇော်ခံခဲ့ကြောင်း သိရသည်။ **၁၁၈**

## အမျိုးဖော် အိုးပေါ်စေတီတော်မြတ်ကြီးအား ရွှေထီးတော်ကြီး တင်လှူပူဇော်

**ရန်ကုန် ဇန်နဝါရီ ၅**
ပဲခူးမြို့ ဒေးစွန်ပါ ဆံတော်ရှင် တောင်တော်မြတ်ပရိဝုဏ် မင်္ဂလာမဏ္ဍပ်၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက အမျိုးဖော်အိုးပေါ်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်ခြင်းနှင့် အရံစေတီများ ထီးတော်တင်လှူခြင်းတို့ကို ကျင်းပ သည်။

အမျိုးဖော် အိုးပေါ်စေတီတော်မြတ်ကြီးအား သတ်မှတ်အစီအစဉ်အတိုင်း ပန်းရထား၊ အပ်ချည်ကြိုးတို့ဖြင့် ရွှေထီးတော်ကြီးတင်လှူခြင်းနှင့် အရံစေတီ တော်များ တင်လှူခြင်းတို့ကို ပြုလုပ်ကြ၍ ဆရာတော်၊ သံဃာတော်များက အနေကဇာတင်ပေးတော်မူခဲ့ကြသည်။

အဆိုပါ အမျိုးဖော် အိုးပေါ်စေတော်မြတ်ကြီး အုတ်မြစ်စီ၊ ဌာပနာသွင်းခြင်း နှင့် ရွှေထီးတော်ကြီး လှူဒါန်းခြင်းတို့ကို မိခင်ကြီး ဒေါ်ဝင်းကြည်အား ရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ ချောင်းဝကြီးကျေးရွာမှ အလှူရှင် မိသားစုတို့က စုပေါင်း၍ လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။ **ညဏ်ဟိန်း**

## မိသားစုအားကစားပြိုင်ပွဲ စစ်တွေအကျဉ်းထောင်၌ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၅**
ရခိုင်ပြည်နယ် စစ်တွေအကျဉ်းထောင်ရှိ အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များ၏ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က စစ်တွေအကျဉ်းထောင်ရှေ့၌ ကျင်းပသည်။

ဖူဆယ်ဂိုးကျဉ်းဘောလုံးပြိုင်ပွဲ၊ ထောင်သုံးပတ်အပြေးပြိုင်ပွဲ၊ မိသားစုဝင်များအတွက် အာလူးကောက်၊ ဘောလုံးဖောက်၊ မီတာ (၅၀)ပြေးပွဲ၊ မုန့်စားပြိုင်ပွဲ၊ ဆန်ကောရွက်၊ အပ်နဖားထိုးသည့် အားကစားနည်းများ ထည့်သွင်း ကျင်းပပေးခဲ့သည်။

ထို့နောက် ပြိုင်ပွဲအလိုက်ဆုရရှိကြသူ ဝန်ထမ်းနှင့်မိသားစုဝင်များအား အကျဉ်းဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းနိုင်လင်း၊ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဦးစီးအရာရှိ ဦးနန်းအောင်ကျော် တို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြတ်သူရိန်**



## ငွေစပါးစိုက်ဧက ပိုမိုစိုက်ပျိုးနိုင်ရေး ဆည်ရေသောက်စနစ်များ အဆင့်မြှင့်

**နတ်တလင်း ဇန်နဝါရီ ၅**
ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရှိ တောင်ညိုဆည်မှ နွေစပါးစိုက်ဧက ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေသောက်စနစ်များ အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(JICA) ၏ တရားဝင်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၁၅- ၂၀၁၆ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်တွင် လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းပြီးစီးရန် စက်အင်အား၊ လူအင်အားတို့ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါတောင်ညိုဆည်ရေသောက်စနစ်များ ပြုပြင်ပြီးစီးပါက နွေစပါးစိုက်ဧက ၅၀၀၀၀ ကျော်ထိ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုပြိုင်ပွဲ ကျင်းပ

**နတ်တလင်း ဇန်နဝါရီ ၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးတွင် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ကလေးပြိုင်ပွဲနှင့်သားကောင်းမိခင်ဆုပြိုင်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာအေမီထွန်းက ကလေးများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုကျန်းမာမှုစစ်ဆေးခြင်းနှင့် သားကောင်းမိခင်ဆုတွင် စစ်ဆေးမည့်ကျန်းမာရေးစောင့်ရှောက်မှုများအကြောင်းကိုပြောကြားသည်။

ဆက်လက်၍ သားကောင်းမိခင်ဆုရရှိသူများနှင့် ကလေးပြိုင်ပွဲတွင်လသားအလိုက်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်းသိရသည်။ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါဝင်းသူနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေမီထွန်း၊ မြို့နယ်သူနာပြုဆရာမကြီးဒေါ်ကျင်စန်းနှင့် မြို့နယ်အတွင်းရှိ မိခင်နှင့် ကလေးများတက်ရောက်ကြသည်။ **(ဝ၇၁)**



## စေတနာသွေးသန့် သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်း

**မြစ်ကြီးနား ဇန်နဝါရီ ၅**
ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ကကြီးမှူး၍ ဗန်းမော်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် မြစ်ကြီးနားမြို့နယ် ကြက်ခြေနီအသင်းခွဲ တို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ စုပေါင်း၍ စေတနာသွေးသန့် သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် စေတနာသွေးသန့်သွေးလှူရှင် ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၄ ဦးက သွေးအမျိုးစားစုံ ၂၄ ပုလင်းအား စုပေါင်းလှူဒါန်းခဲ့ပြီး စေတနာရှင် ပြည်သူများက အင်အားပြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လှူဒါန်းကာ မြစ်ကြီးနား အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများက အင်အားပြည့် ဆေးဝါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

## အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၅**
မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်အုပ်စုရှိ ဇေယျာနယ်မြေတွင် ဖွင့်လှစ်ထားသော နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အမှတ် (၂)နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်းဝင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အားကစားပြိုင်ပွဲများ နှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့သည်။

ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးအောင်ကျော်ထူးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်း အမှတ်(၁)(အမျိုးသမီး)ကျောင်းနှင့် အမှတ်(၂)(အမျိုးသား) ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ခေါင်းအုံးရိုက်၊ သံပုံးရိုက်၊ ချောတိုင်တက်စသည့်အားကစားနည်း မျိုးစုံ ၂၀ ကျော်ကို ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဖွံ့ဖြိုးရေး ကြီးကြပ်ရေးမှူး ဦးအောင်ကျော်ထူးနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **ဦးလေးကြီး**

## "ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်နေ ဦးညွန့်စိန်(ဒု-တိုင်းဉပဒေအရာရှိ-ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ၊ အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိကောင်စီဝင်-ဒေါ်မြင့်မြင့်သန်း(အလပြ-ငြိမ်း)တို့၏သား

### ဒေါက်တာသော်ဇင်ညွန့်

**M.B.,B.S(Ygn),3rd Year (M.Med.Sc) (Medical Oncology)**
**M.R.C.P(Part I) (UK)**

**လက်ထောက်ဆရာဝန်(ကင်ဆာရောဂါဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**

**နှင့်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ သီရိပျံချီ ဦးစဝ်အောင်မြတ်(ရှမ်းပြည်နယ်ဝန်ကြီးချုပ်-ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်လွှတ်တော်-ဒေါ်ဖြူဖြူညွန့်တို့၏ သမီး

### ဒေါက်တာစုမြတ်ဖြူ

**M.B.,B.S(Ygn),M.R.C.P (Part II) (UK)**

**ဦးစီးအရာရှိ(အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)**

တို့၏ ၁-၁-၂၀၁၈ရက်တွင် SEDONA HOTEL Grand Ballroom၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော သရေစည်သူဒေါက်တာစိုင်းမောက်ခမ်း (နိုင်ငံတော်ဒုတိယသမ္မတ-ငြိမ်း)နှင့်ဇနီး ဒေါ်နန်းရွှေမှုံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာအောင်စပယ်ပန်းကုံး ဆင်မြန်းပေးပါသော သီရိပျံချီ ဦးဝဏ္ဏမောင်လွင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာသန်းထွဋ်(ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)နှင့်ဇနီး ဒေါက်တာဆွေဆွေအောင်၊ ဦးသိန်းဇော်(ဗဟိုအတိုင်ပင်ခံ)နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အကြီးအကဲများ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးမှ အငြိမ်းစားအကြီးအကဲများ၊ စစ်တက္ကသိုလ် အပတ်စဉ်(၂၆)မှ ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အရာရှိအကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ညှော်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးခိုင်မြသာ၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော ဒေါ်နှင်းရည်သန့်၊ မင်္ဂလာပန်းကြဲပေးပါသော မပြည့်ပြည့်ကျော်ဇော၊ မင်္ဂလာအောင်စပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာစုမြတ်သန္တာ၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးပါသော ဒေါက်တာခိုင်ခိုင်မင်း၊ မင်္ဂလာသတို့သားအရံ မောင်ရဲလင်းအောင်နှင့် ဒေါက်တာထွန်းနိုင်အောင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာဆောင်းဟေမာန်ဖူးနှင့် ဒေါက်တာမေမြတ်နိုးခိုင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် ဓာတ်ပုံနှင့် ဗီဒီယို wedding palace အဖွဲ့အားလည်းကောင်း၊ မင်္ဂလာတေးဂီတ စောင်း ဒေါ်နှင်းရည်သန့်နှင့်အဖွဲ့၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော စကြာရွှေရည်စိန်ရွှေရတနာဆိုင်အားလည်းကောင်း၊ မိတ်ကပ်မေဦးနှင့် မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ ၃၀-၁၂-၂၀၁၇ရက်တွင် မင်းဓမ္မကွန်ဒို၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးအောင်နိုင်(ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး)နှင့် ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးဉပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာသော်ဇင်ညွန့်-ဒေါက်တာစုမြတ်ဖြူ**

## မင်္ဂလာနှစ်ပတ်လည်ဆုမွန်ကောင်းတောင်းလွှာ

ပါပါ **ဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)** နှင့် မေမေ **ဒေါက်တာညိုသန်းမူ**တို့၏ ၆-၁-၂၀၁၈ရက်တွင် ကျရောက်သော (၄၄)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပြီးပြည့်စုံသောဘဝခရီးလမ်းကို ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ အတူလျှောက်လှမ်းနိုင်ပါစေ။

**ချစ်သား** - **ဗိုလ်မှူးတေဇာကျော်ညွန့်-ဒေါ်စန္ဒာအောင်**
**ချစ်သမီး** - **ဒေါက်တာထွန်းလင်းမောင်-ဒေါ်စုလေးညို**
**ချစ်မြေး** - **ယွန်းတေဇာထက်(ခ)တုတု**


## (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကြော်ငြာ

၁။ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်မှ ၁၉ရက်အထိ (၁၀)ရက်တိုင်တိုင် လွိုင်ကော်မြို့၊ ကန္တရဝတီပွဲတော်ကွင်းတွင် အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ကယားပြည်နယ်နေ့ပွဲတော်အခမ်းအနားတွင် ဗဟိုပြခန်း၊ ဌာနဆိုင်ရာနှင့် အရပ်ဘက်ပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ ထိုင်းကုန်စည်ပြပွဲများ၊ အရောင်းပြခန်းများနှင့် ဈေးဆိုင်ခန်းများ၊ ကန္တရဝတီအလှမယ်ပြိုင်ပွဲ၊ ဇာတ်သဘင်ပွဲနှင့် အငြိမ့်ပွဲများ၊ စက်ဘီးစီးပြိုင်ပွဲ၊ မိနီမာရသွန်ပြိုင်ပွဲနှင့် အခြားရိုးရာအားကစားနည်းမျိုးစုံပြိုင်ပွဲများ၊ Iron Cross တေးဂီတအဖွဲ့၏ Free Show ဖျော်ဖြေမှုနှင့် နိုင်ငံကျော်အနုပညာရှင်များစွာပါဝင်သည့် စတိတ်ရှိုးပွဲများ၊ အခြားပျော်ပွဲရွှင်ပွဲများ ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါကြောင်းနှင့် ရပ်နီးရပ်ဝေး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ပါကြောင်း အသိပေးအပ်ပါသည်။


**ကယားပြည်နယ်နေ့ကျင်းပရေးဦးစီးကော်မတီ**














Promotion
(Feb-10) (Mar-3) (Apr-11)
(Jan-21) (Feb-18) (Apr-1)
(Jan-24)(Feb-10,25)(Mar-10,18)(Apr-8)
India GSM Simcard
Internet Wifi Free Servcie
Ph : 09 49338595, 09 788304828, 09 263125261, 09 420134528
Ph : 09 797512889


CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803


09-32152526
09-421024222
09-31483218
09-49344288


STANDARD
your affordable quality
SG
Eco laminate floor
New Designs
12 mm-
134,000 Ks
Showroom :
B1-012
Hotline: 09 4555 444 30, 09 4555 444 03


GNC
Mega Teen
TNC
GNC BRANDED
TNC Showroom
Junction City
Citymart


PUN HLAING SILOAM HOSPITALS
Only JCIA Hospital in Myanmar
ဦးနှောက် နှင့် အာရုံကြောဆိုင်ရာ ရောဂါများအား ကုသခြင်း
နိုင်ငံခြားသို့ သွားရောက် ကုသရန် မလိုတော့ပါ
24 HOURS
Pentero 900
EMERGENCY
01 368 44 11
Pun Hlaing Siloam Hospital (Yangon)
Pun Hlaing Estate Avenue, Hlaing Tharyar Township, Yangon, Myanmar
Tel: +95 1 368 4323, 368 4325, 368 4336, 368 3015, 368 3060 +95 9 421 042 679
www.punhlaingsiloamhospitals.com

bella
BE A STAR

# ရေစိုခံကူရှင်ပုတ်ရင်း ကားစီးမယ်

## သိန်း ၃၀၀၀ ကျော်

ဆုမဲပေါင်း တစ်သိန်းခွဲကျော်

## SUPER STAR LUCKY DRAW ကံထူးသူများ စာရင်း

| အမျိုးအစား | အမည် | မှတ်ပုံတင်အမှတ် | ကံစမ်းမဲ ကတ်နံပါတ် |
|---|---|---|---|
| Nissan ကား 2017 | နီနီအောင် | ၁၂/လသန(နိုင်)၀၀၂၀၆၆ | 00632383 |
| စိန်လက်စွပ် | ကေသီဝိုင် | ၉/တတဥ(နိုင်)၁၀၇၉၁၄ | 00075511 |
| စိန်လက်စွပ် | ဖိုးပုံ့ပုံ့ခက် | ၁၂/ဗဟန(နိုင်)၁၀၆၂၇၈ | 00200314 |
| စိန်လက်စွပ် | လင်းသော်တာဝင်း | ၁၀/မလမ(နိုင်)၂၃၃၃၃၄ | 00128756 |
| စိန်လက်စွပ် | မအေးအေးမာ | ၁၂/ဒဂတ(နိုင်)၀၄၀၆၀၀ | 00330021 |
| စိန်လက်စွပ် | မစံပယ်ကြူကြူဝေ | ၁၃/တကန(နိုင်)၂၈၉၁၄၃ | 00315699 |
| မော်တော်ဆိုင်ကယ် | မသွယ်သွယ်ဦး | ၁၂/သလန(နိုင်)၁၃၁၀၄၈ | 00115337 |
| မော်တော်ဆိုင်ကယ် | မလှသိန်း | ၁၃/ နမတ (နိုင်) ၀၃၆၁၈၆ | 00107307 |
| မော်တော်ဆိုင်ကယ် | မဆုရတီစိုး | ၉/အမရ(နိုင်) ၀၂၈၀၁၉ | 00639605 |
| မော်တော်ဆိုင်ကယ် | ခင်ဝင်းသန်း | ၁၀/မလမ(နိုင်) ၁၃၈၂၁၈ | 00631676 |
| မော်တော်ဆိုင်ကယ် | မဆုရတီစိုး | ၉/အမရ(နိုင်) ၀၂၈၀၁၉ | 00786215 |
| Air con | မစုမွန်စိုး | ၅/မရန(နိုင်)၂၁၈၄၆၅ | 00277732 |
| Lap top | ဝင်းသက်သက်ထွန်း | ၁၂/ကတတ(နိုင်)၀၂၂၂၃၅ | 00127615 |
| ရွှေရင်ထိုး | မဆုရတီစိုး | ၉/အမရ(နိုင်) ၀၂၈၀၁၉ | 00563486 |
| ရွှေရင်ထိုး | ဒေါ်ချောက်လှန့် | ၁/ဗမန (နိုင်) ၀၁၄၁၄၉ | 00190043 |
| ရွှေရင်ထိုး | မျိုးမင်းသိန်း | ၉/ပဘန(နိုင်) ၀၅၂၄၃၁ | 00560328 |
| ရွှေရင်ထိုး | ကိုသိန်းထွေး | ၉/မနမ(နိုင်)၁၀၂၁၇၅ | 00560717 |
| ရွှေရင်ထိုး | မစိန်စိန်သု | ၅/ဆလန(နိုင်)၀၂၅၃၃၇ | 00102374 |
| I Phone Red | နီနီအောင် | ၁၂/လသန(နိုင်)၀၀၂၀၆၆ | 00634032 |
| I Phone Red | သင်းမြတ်မြတ်မြင့် | ၇/ကပတ(နိုင်) ၀၆၂၈၃၇ | 00019215 |
| I Phone Red | ဦးကျော်ညွန့် | ၁၂/တမန(နိုင်)၀၇၃၃၂၀ | 00319017 |
| I Phone Red | မနီနီအေး | ၄/မတန(နိုင်)၁၉၄၅၂၄ | 00216474 |
| I Phone Red | မသန်းသန်းဆင့် | ၁၀/သထန(နိုင်)၁၀၅၃၇၉ | 00106012 |
| I Phone Red | ကိုသိန်းထွေး | ၉/မနမ(နိုင်)၁၀၂၁၇၅ | 00091159 |
| I Phone Red | ကိုသိန်းထွေး | ၉/မနမ(နိုင်)၁၀၂၁၇၅ | 00603342 |
| ရွှေဟန်းချိန်း | ဦးကျော်ညွန့် | ၁၂/တမန(နိုင်)၀၇၃၃၂၀ | 00240751 |
| ရွှေဟန်းချိန်း | မဆုရတီစိုး | ၉/အမရ(နိုင်)၀၂၈၀၁၉ | 00602635 |
| ရွှေဟန်းချိန်း | ဦးကျော်ညွန့် | ၁၂/တမန(နိုင်)၀၇၃၃၂၀ | 00349831 |
| ရွှေဟန်းချိန်း | ကိုသိန်းထွေး | ၉/မနမ(နိုင်)၁၀၂၁၇၅ | 00236397 |
| ရွှေဟန်းချိန်း | မခင်မျိုးထွေး | ၉/တကန(နိုင်) ၁၈၅၇၄၁ | 00117769 |




၁.ကံစမ်းမဲ လက်မှတ်မြတ်ပိုင်းအား ယူလာရန်။
၂.မှတ်ပုံတင် မူရင်း ယူလာရန်။
၃.ကံစမ်းမဲပေါက်သူကိုယ်တိုင် လာထုတ်ပေးပါရန်။
၄.ကံစမ်းမဲပေါက်ပြီး တစ်လအတွင်း ထုတ်ပေးပါရန်။
၅.ဆက်သွယ်ရန် PH NO-09 455444444
လိပ်စာ-အဆောင် ( E )၊ ၅လွှာ၊ အခန်း ( NO.503 )၊ ပုလဲကွန်ဒို၊ ရန်ကုန်မြို့။
၆.နယ်မှ ကံစမ်းမဲ ပေါက်သူများ နီးစပ်ရာ BELLA ရုံးများတွင်လည်းထုတ်ပေးပါမည်။
-မန္တလေး၊ ပေါ်လမြိုင်၊ တောင်ကြီး

မှတ်ချက်။ ။ရုံးဖွင့်ရက်များတွင်သာ လာရောက်ထုတ်ယူနိုင်ပါသည်။

ဦးအောင်အောင်
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
LCCI
Approved Centre
Level - I + II, III
Sunday Only Class
ဇန်နဝါရီတန်းခွဲသစ်များ
Level - I+II
095103002, 0978 5103002

ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
Happy New Year Promotion အထူးအစီအစဉ် (1.1.2018 မှ 31.3.2018)
အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို ဘေးထိုးရွှေကလပ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၄၆၀၀၀၊ ၅၃၉၃၅၀၂ ၅၂၃၀၀၀
PH: ၀၉-၇၇၇၃၀၀၂၆၉၇၊ ၀၉- ၂၅၇၂၀၀၀၀၂










FAME
Nature-Q10®
Coenzyme Q10 ... 30 mg
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
နှလုံးဆေး
09-965559860

FAME
Appletec®
Quercetin 100 mg
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
ပန်းသီးဆေး
09-73142216

SKL Travel
ဟိုချီမင်း - ဒါလတ် - ညချမ်း ခရီးစဉ်
၁၁ - ၁၅ (ဖေဖော်ဝါရီ) USD 349 မှ စ၍





SEM Trust & Rely
HITACHI Inspire the Next
Hitachi Soe Electric & Machinery Co., Ltd.

Dear Valued Customers,
We appreciate and thank you very much for purchasing our Electrical Power & Distribution Transformers, Panels and Related Accessories. May you have a year that is filled with joy, happiness, hope and prosperity.
Wishing You All A Happy New Year 2018.

Board of Directors & All Staffs
Hitachi Soe Electric & Machinery Co., Ltd

MEMA KERI
Sales & Marketing : +95-1-8603502, 556754, 556576
Yangon Factory : +95-1-591101, 2348213, 2348126 , +95-9-5128541 | Mandalay : +95-2-4070627,+95-9-2005024
Naypyitaw : +95-67-27002-5 | Website : www.hitachi-soeelectric.com



CROWN EDUCATION
SOLBRIDGE INTERNATIONAL SCHOOL OF BUSINESS
Jan 7
10 AM - 1 PM
CROWN Education & Royal Academic Institute

"ပညာသင်ဆုနဲ့ ကိုရီးယားမှာ ပညာသင်ဖို့ အခွင့်အရေးများအကြောင်း ဆွေးနွေးပွဲ"

- SolBridge International School of Business ... Scholarship ... CROWN Education & ROYAL ACADEMIC INSTITUTE ...
- SolBridge International School of Business ... AACSB, ... EQAS ... BBA နှင့် MBA ... merit-based scholarship ...
- Bachelor of Business Administration ... 30% မှ 100% အထိ scholarships ...

Tel : 01 527 838, 09 44 55 66 701, 09 44 55 66 702

၂၀၁၇ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် များတွင် မိုးလုံးပြည့် အောင်ပွဲခံသွားသော

၂၀၁၈ တိုင်းကျော်သစ္စာ
ဇော်ဂျီဘွဲ
မေးခွန်း ၅ ခု နှင့် စံပြအဖြေများ
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ အထွေထွေသိပ္ပံ
ဘာသာစုံတစ်အုပ် (၁၅၀၀)ကျပ်

၂၀၁၈ တိုင်းကျော်သစ္စာ
အဌမတန်း
မေးခွန်း ၅ ခု နှင့် စံပြအဖြေများ
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ အထွေထွေသိပ္ပံ
ဘာသာစုံတစ်အုပ် (၁၀၀၀)ကျပ်

၂၀၁၈ တိုင်းကျော်သစ္စာ
မေးခွန်း ၇ ခု နှင့် စံပြအဖြေများ
သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ၊ ဝိဇ္ဇာတွဲ
တစ်ဘာသာတစ်အုပ် (၁၀၀၀)ကျပ်

ဖြန့်ချိရေး

တိုက်ခန်းရောင်းရန်
စမ်းချောင်း(၁၂½ပေ×ပေ၅၀)
၂၈၄သိန်း၊ ပွဲစားမလိုပါ။
ပြင်ဆင်ပြီး
ဖုန်း-၀၉-၄၀၃၇၉၀၇၃၈

"ရွှေရည်"
09-73122029,09-795669534

ရောင်းမည်
Commercial
(96' × 73')
(77'×47')
(100KVA)
09-5131294,09-2000866

အကြောပြေ မျက်စိကြည်ဆေး

မျက်စိအမြင်အာရုံနည်းခြင်း ခေါင်းကိုက်ခြင်း ...
မြန်မာ့ဆေးရုံကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်း ရန်ကုန်မြို့ ဖုန်း - ၀၁-၃၇၆၈၀၈ ...

ဗိတိုရိယ Victoria Hospital
HVC
ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်
Bulgaria နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်
(အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ အတွင်း) ပြင်ပလူနာများကို ကြည့်ရှုပေးမည်အပြင်
24/7
+ နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)
+ နှလုံးသွေးကြောချဲ့ ကုသခြင်း(Angioplasty)
+ နှလုံးထောက်တိုင် (Stent) ထည့်သွင်းကုသခြင်း
+ နှလုံးနှိုးစက် (Pacemaker) တပ်ဆင်ခြင်း
အစရှိသည့် နှလုံးနှင့် ပတ်သက်သောကုသနည်းအမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လူနာစာရင်းပေးသွင်းလိုပါက
Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2

SKL Travel
Singapore
စင်ကာပူ ၉ - ၁၂ (ဖေဖော်ဝါရီ) ၁ရက်စဉ် usd 399 မှစ၍
4 STAR HOTEL ... SKL ...

MT&K Tourism Company Limited
ဗီယက်နမ်မြောက်ပိုင်း (ဟနွိုင်း-ဟလောင်အော-နှင့်ဘင်း)
၃ ညအိပ် ၄ ရက် ခရီးစဉ် (ဇန်နဝါရီ ၂၅ မှ ဇန်နဝါရီ ၂၈ ထိ)
တစ်ဦးလျှင် 390 US$ (လေယာဉ်လက်မှတ် အပါအဝင် ခရီးတစ်ခြမ်း)
ဆက်သွယ်ရန် - 01-656573, 09-798280959, 09-5040314

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း
(၂၀)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားအစည်းအဝေး (Annual General Meeting) ခေါ်ယူခြင်း

၁။ [illegible] (Annual General Meeting) [illegible]
(က) ကျင်းပမည့်နေ့ရက် - ၃၁ - ၁ - ၂၀၁၈ (ဗုဒ္ဓဟူးနေ့)
(ခ) ကျင်းပမည့်အချိန် - မွန်းလွဲ ( ၀၂ း ၀၀ ) နာရီမှ ညနေ ( ၀၄ း ၀၀ )
(ဂ) ကျင်းပမည့်နေရာ - [illegible]

၂။ [illegible]

၃။ [illegible] mfpmf.5june2015@gmail.com [illegible]

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

CALTEX Lubricants
Havoline PROTECT WHAT MATTERS
Delo Premium Heavy Duty Diesel Engine Oil
Aung Thein Than Co., Ltd.

စိန်ငါးလုံး ဆံပင်ပေါက်ဆေး
[illegible]

မိုးရှာမောင်
[illegible]
09 5024774
09 73179228
09 49155515
09 49225338

လွင်မြင့်အောင်
[illegible]
ISO 9001:2008 [illegible] City Mart [illegible]

အောင်ထူးဆန်းဗေဒင်ဟောစဉ်ဌာန
AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
[illegible] (Occult Treatment) [illegible]
(To make reservation well in advance)
GOOD INTENTION WILL BRING YOUR GOOD LUCK

ADVANCED ENVIRONMENTAL ENGINEERING COURSE

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Environmental Engineering Committee မှ ကြီးမှူး၍ Advanced Environmental Engineering Course [illegible]

[illegible] Tel - 01-519673- 76 [illegible] (218) [illegible]

မြင့်မိုရ် CAR RENTAL
ALPHARD, HIACE
09-5191361, 09-765191361

ရွှေဒင်္ဂါး 52000Ks

B.Ed
PPTT
PGDMA
[illegible]

ထိပ်တန်း
အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း
Manual/Auto

T.V (ရန်ကုန်)
ကားမောင်း-စက်ပြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 01-8011402, 01-8011403
09-440051113, 01-2332340

Success ကိုယ်ပိုင်အထက်တန်းကျောင်း (တောင်ဥက္ကလာ)
The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း (မြောက်ဒဂုံ)
15th Jan, 2018
နေ့တက်(နှင့်)အဆင့်မြင့်ဘော်ဒါ
March
[illegible]

သွေးချို+ဆီးချို အတွက် အကောင်းဆုံးဆေး
ဟံသာအား
အုံညြလောက် အောင်ကောင်းသည်။
PH - 09 7320 7711

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး စင်ကာပူနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Ms. Vanessa Chan Yuen Ying အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေနယ်ပယ်နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ သံအမတ်ကြီးနှင့်အတူ Deputy Chief of Mission & Counsellor Mr. KOH Chee Chian တက်ရောက်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေး၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊ ဦးမျိုးတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**



သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# ဂန္ဓမာအသင်းကို သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၅**

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၂) နောက်ဆုံးနေ့အဖြစ် သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ သစ္စာအားမာန်အသင်းက ငါးဂိုးပြတ် အနိုင်ရခဲ့သည်။

**စာမျက်နှာ ၇ ကော်လံ ၄ သို့** ✻

# စစ်တွေမြို့၌ စံပြစိုက်ခင်းငယ်များ လက်တွေ့စိုက်ပျိုးပြသထားရှိ



**စစ်တွေ ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့နယ်များတွင် ဟင်းသီးဟင်းရွက်များကို စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် တိုးချဲ့စိုက်ပျိုးရန်၊ ဒေသခံ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအား ခေတ်မီစိုက်ပျိုးရေးစနစ်ကို ပြောင်းလဲလက်ခံ စိုက်ပျိုးနိုင်စွမ်းရှိရန်အတွက် နည်းပညာများ ပို့ချပေးခြင်း၊ စီမံကိန်းကျေးရွာများတွင် တောင်သူနှင့် ပူးပေါင်း၍ စံပြစိုက်ခင်းငယ်များ လက်တွေ့စိုက်ပျိုးပြသခြင်းလည်းရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား မျက်မြင်ပြသနိုင်ရန်အတွက် နည်းပြစိုက်ခင်းတစ်ခုကို စစ်တွေမြို့ စိုက်ပျိုးရေးဦးစီးဌာန မျိုးသန့်ခြံဝင်းအတွင်း စိုက်ပျိုးထားရှိကြောင်း၊ ထိုစိုက်ခင်းသို့ စစ်တွေမြို့၊ ပုဏ္ဏားကျွန်း၊ ပေါက်တောမြို့နယ်များမှ စီမံကိန်းတောင်သူများအား ဖိတ်ခေါ်၍ ရှင်းလင်းပြောကြားကာ စိုက်ကွင်းတွင် လက်တွေ့မျက်မြင်ပြသခြင်း၊ နည်းပညာပေးသင်တန်းပို့ချခြင်း၊ မြို့နယ်အလိုက် စီမံကိန်းကျေးရွာများတွင်လည်း တောင်သူနှင့် ပူးပေါင်း၍ ဟင်းသီးဟင်းရွက် စံပြစိုက်ကွက်များကို **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ❖






# မီးပင်လယ်ကျော်ဖြတ်၍ ဓားတောင်တက်သည့် လီဆူတိုင်းရင်းသားတို့၏ ရိုးရာဓားတက်ပွဲ

■ ဦးလေးကြီး

ကချင်ပြည်နယ်အတွင်းတွင် ကချင်တိုင်းရင်းသားမျိုးနွယ်စု ၆ မျိုး၊ ရှမ်းမျိုးနွယ်စု ၅ မျိုး နေထိုင်သည့်အပြင် ဗမာ၊ ရခိုင်၊ ကရင်၊ မွန် စသည့် တိုင်းရင်းသားမျိုးနွယ်စုများလည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်လျက်ရှိပြီး တိုင်းရင်းသားမျိုးနွယ်စု အသီးသီး၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကိုလည်း လေးစားလိုက်နာကြကာ ပျော်ရွှင်စွာဖြင့် အတူယှဉ်တွဲနေထိုင်လာခဲ့သည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ ကချင်ပြည်နယ်အတွင်း ထူးခြားသည့်ဂုဏ်ဒြပ်တစ်ခုမှာ ကချင်တိုင်းရင်းသားတို့၏ မနော(မနောင်)ပွဲ၊ ထောင်ကာအကပွဲနှင့် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စားကောက်ဦးဆွမ်းကပ်ပွဲတော်တို့နှင့်အတူ ထင်ရှားသည့်ပွဲတော်တစ်ခုမှာ လီဆူတိုင်းရင်းသားတို့၏ ရိုးရာဓားတက်ပွဲဖြစ်ပြီး စိတ်ဝင်စားဖွယ်ရာဖြစ်သည့် ပွဲတော်တစ်ခုဖြစ်သည်။

လီဆူတိုင်းရင်းသားတို့၏ ရိုးရာဓားတက်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ထိန်ချုံးမြို့ရှိ လီဆူတိုင်းရင်းသားမျိုးနွယ်စုများက ၁၉၁၀ ပြည့်နှစ်မှစတင်ကာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်အတွင်း ဆဒုံးမြို့ မားကကျေးရွာ၌ ၁၉၂၀ ပြည့်နှစ်မှ စတင်ကာ ကျင်းပခဲ့သည်။

"လီဆူတိုင်းရင်းသားတွေ ရိုးရာဓားတက်ပွဲကို မကျင်းပခင် ဓားတက်ပွဲမှာ ပါဝင်မယ့် အနည်းဆုံးလူ ငါးဦး၊ အများဆုံး ၁၀ ဦးအထိ လူပုဂ္ဂိုလ်တွေကို ရိုးရာနတ်အဖြစ် (ဘုရားဖူး/ဘုရားမကို) တောထဲမှာ တစ်လကြာ ပူဇော်ကန်တော့ပွဲ ကျင်းပရပါတယ်၊ အဲဒီလို တောထဲမှာ တစ်လကြာ ပူဇော်တဲ့အချိန် အမျိုးသမီးတွေနဲ့ တွေ့ဆုံခြင်းမပြုရတဲ့အပြင် နေထိုင်စားသောက်ရေးအတွက် လုပ်ငန်းဆောင်တာတွေကို လုပ်ဆောင်ပေးရာမှာလည်း အမျိုးသားနတ်ဆရာတွေကိုသာ လုပ်ကိုင်စေခဲ့ပါတယ်၊ နတ်ပူဇော်ရာမှာတော့ ရိုးရာချက်အရက်၊ ကြက်တစ်ကောင်ကို ကင်ပြီး ကြက်ဥ ၃၊ ၅ လုံးကို ပြုတ်ကာ ပူဇော်ပသရပါတယ်၊ ချက်အရက်နဲ့ ပူဇော်ပသရတာကတော့ ရိုးရာနတ်နှစ်ပါးက ကြည်ကြည်ရွှင်ရွှင်နဲ့ ကြွရောက်နိုင်ရန်ဖြစ်ပြီး ဓားတက်ပွဲမှာ ပါဝင်မယ့်သူများက နတ်နှစ်ပါးကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဓားတက်ပွဲမှာ အဆင်ပြေပြေနဲ့ ပွဲတော်အောင်မြင်စွာကျင်းပနိုင်အောင် ဆုတောင်းတဲ့အမှုကို ပြုရပါတယ်၊ အဲဒီလို ဆုတောင်းရာမှာ လီဆူတိုင်းရင်းသားတို့ရဲ့ ယုံကြည်ရာ ကိုးကွယ်ရာဖြစ်တဲ့ သံနတ်နဲ့ မီးနတ်ကိုလည်း ပူဇော်မှုကို ပြုဆောင်ကြပါတယ်၊ ပူဇော်ဆုတောင်းပွဲ တစ်လပြည့်ခါနီးမှာ ဝက်ခပ်သင့်သင့်တစ်ကောင်နဲ့ ကြက်တစ်ကောင်ကို နတ်ဆရာတွေက ဘုရားဖူး/ဘုရားမထံမှာ ခုနစ်နှစ်သက်တမ်းရှိ ဝက်နဲ့ ကြက်ကို ဆက်ကပ်ပူဇော်တဲ့အကြောင်း ရိုးရာနတ်ပူဇော်တဲ့ အပဟောအပြောတွေနဲ့ ပူဇော်ဆက်ကပ်ရပါတယ်"ဟု ကချင်ပြည်နယ် လီဆူခရစ်ယာန်အသင်းတော် (အထက်မြန်မာပြည်) ဥက္ကဋ္ဌ အသက် (၇၁)နှစ်ရှိ ဆရာ ဦးဒေးဗစ်ဖစ်ရှ်က ပြောကြားသည်။

အဆိုပါ ဓားတက်ပွဲကျင်းပရန် နတ်ပူဇော်ပသသည့် ပုဂ္ဂိုလ်များသည် နတ်ပူဇော်ပွဲကျင်းပစဉ် တစ်လကြာကာလအတွင်း အသားနှင့် ငါးစားသုံးခြင်းမပြုရဘဲ အသီးအရွက်များကိုသာ စားသုံး၍ နတ်ပူဇော်ရာမှ ပြန်စွန့်သည့် ကြက်ဥ၊ ကြက်သားများကို နတ်ပူဇော်ပသရာတွင် ကူညီလုပ်ကိုင်သည့် အမျိုးသားများသာ ချက်ပြုတ်စားသောက်ကြပြီး နတ်ပူဇော်ပွဲစည်းကမ်းမှာလည်း အလွန်ကြီးမားကြောင်းနှင့် နတ်ပူဇော်ရာ၌ အလွဲအမှားများရှိခဲ့ပါက ဓားတက်ပွဲတွင် ပါဝင်မည့်သူများ၌ လက်နှင့် ခြေထောက်တို့တွင် ဓားများပြတ်ရနိုင်ကြောင်း သိရသည်။

"နတ်ပူဇော်တဲ့အခါမှာ မှားလို့မရဘူး၊ အမှားအယွင်းရှိလာရင် သံနတ်နဲ့ မီးနတ်က ပြစ်ဒဏ်ပေးတဲ့အနေနဲ့ ဓားကိုကိုင်တဲ့လက်မှာ ဓားရှစေတယ်၊ အဲဒီလိုပဲ ဓားသွားပေါ်နင်းတဲ့ ခြေထောက်မှာလည်း ပြတ်ရှစေတယ်၊ တောထဲမှာ နတ်ပူဇော်ပွဲ ကျင်းပစဉ် ဓားတက်ပွဲမှာ အသုံးပြုမယ့် အရှည် သုံးပေရှိပြီး ဓားမင်း(အရိုးတပ်သည့်နေရာ)မပါတဲ့ လှေကားလုပ်မယ့် ဓား ၄၂ ဆင့်နဲ့ ၇၂ ဆင့် တပ်ဆင်မယ့် ဓားအချောင်းရေ ၁၀၀ ကျော်ကို ထက်မြက်နေအောင် သွေးရပါတယ်၊ ဓားတက်ပွဲကျင်းပမယ့်နေရာမှာလည်း မြေနေရာသန့်ရှင်းအောင် နတ်ဆရာတွေက ဦးဆောင်ပြီး အရင်သွားရောက်ကာ ဆောင်ရွက်ရပါတယ်၊ နောက်တစ်ခုက ဓားတက်ပွဲမှာ ကြွရောက်လာမယ့် နတ်တွေကိုလည်း ဖိတ်ခေါ်တဲ့ ရိုးရာအရ ကွင်းပတ်လည်ကို ချက်အရက် လောင်းရပါသေးတယ်၊ ဓားလှေကားကို မထောင်ခင် မြေပြင်မှာပဲ အောက်ခံခုံခုပြီးတော့ ဓားအသွားကို အပေါ်ဘက်ကထားပြီး ဗွီပုံသဏ္ဍာန်တစ်ဆင့်၊ အတန်းလိုက်တစ်ဆင့် တပ်ဆင်တယ်၊ ပြီးတော့ မီးနတ်၊ သံနတ်တို့ဆီမှာ အဓိဋ္ဌာန်ပြုဆုတောင်းပြီး ဓားလှေကားတိုင်ကို ထောင်ရပါတယ်၊ အဲဒီလို ဓားလှေကားတိုင် ထောင်ရာမှာလည်း နတ်ဆရာက ဓားတက်ပွဲကျင်းပမယ့် နေ့ရက်များတွင် အချိန်ပိုင်းအလိုက် သုံးဦးမှ ငါးဦး စသည်ဖြင့် တက်မယ့်အကြောင်းကို အဓိဋ္ဌာန်ပြုရာမှာ ထည့်သွင်းပြောကြားရပါတယ်၊ ဓားလှေကား တိုင်ထူအပြီး အထူးကဏ္ဍ [ ခ ] သို့ »»


မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် လီဆူရိုးရာကွင်း၌ ဓားတက်ပွဲ ကျင်းပနေစဉ်။


မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် လီဆူရိုးရာကွင်း၌ လီဆူတိုင်းရင်းသားများ ရိုးရာဒူးလေးကွင်းအတွင်း ရိုးရာအကများဖြင့် ကပြဖျော်ဖြေစဉ်။

# ရှမ်းနီရိုးရာ ကောက်ဦးဆွမ်းကပ်ပွဲနှင့် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော် စည်ကားစွာ ကျင်းပ



**ဗန်းမောက် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရှမ်းနီသက္ကရာဇ် ၂၁၁၂ ခုနှစ် ပြာသိုလပြည့်နေ့တွင် ကျရောက်သည့် ရှမ်းနီရိုးရာ ကောက်ဦးဆွမ်းကပ်လှူပွဲနှင့် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်ကို ရှမ်းနီလူမျိုးတို့၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာစကား စသည်တို့ကို မေ့ပျောက်သွားခြင်းမရှိစေရန် ရည်ရွယ်၍ ဗန်းမောက်မြို့ မီတာ ၄၀၀ အားကစားကွင်း၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ရှမ်းနီရိုးရာ ကောက်ဦးဆွမ်းကပ်လှူပွဲနှင့် နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နန်းမွေ့မွေ့ခင်၊ တိုင်းရင်းသားလူမျိုးများရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်ဌေးလွင်၊ ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဒုတိယပိုင်း အခမ်းအနားကို မြန်မာနိုင်ငံတော်အလံနှင့် ရှမ်းနီအလံတော်ကို တက်ရောက်လာကြသူများက အလေးပြုကြပြီး မိုးညှင်းမြို့နယ် မော်ပင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဦးဉာဏိန္ဒက နှစ်သစ်ကူးအတွက် ဆုတောင်းမေတ္တာများ ပို့သခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လွှတ်တော်ဥက္ကဋ္ဌ ဦးသန့်ထံမှ ပေးပို့သော နှစ်သစ်ကူးသဝဏ်လွှာကို အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်က ဖတ်ကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နန်းမွေ့မွေ့ခင်၊ တိုင်းရင်းသားလူမျိုးများရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်ဌေးလွင်တို့က မိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းလိုင်၊ တိုင်းလိုင် (ရှမ်းနီ)စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့ S.E.A မြန်မာပြည်မြောက်ပိုင်း ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေးတာဝန်ခံ ဦးစိုင်းကျော်ဝင်း၊ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းတို့က ရှမ်းနီရိုးရာ ကောက်ဦးဆွမ်းကပ်လှူပွဲနှင့် နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော် ဖြစ်ပေါ်လာပုံများ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဗန်းမောက်မြို့နယ် ရှမ်းနီ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် ရှမ်းနီ ရိုးရာ ကောက်ဦးဆွမ်းကပ်လှူပွဲနှင့် နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော် ဖြစ်မြောက်ရေး ကော်မတီ ဦးဆောင်နာယကဆရာတော် ဦးဓမ္မာလောကလင်္ကာရက ကျေးဇူးတင်စကား မိန့်ကြားခဲ့သည်။

ရှမ်းနီရိုးရာ ကောက်ဦးဆွမ်းကပ်လှူပွဲနှင့် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်တွင် ယဉ်ကျေးမှု၊ ရိုးရာတေးဂီတပဒေသာဖျော်ဖြေရေး၊ ရှမ်းနီကိုယ်လုံးပညာရပ်များ၊ ရှမ်းနီတေးသီချင်းများ အပြင် ကဒူးရိုးရာယဉ်ကျေးမှု အကများနှင့် ကနန်းရိုးရာ အကအလှများကိုလည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်နေ့အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော် စည်ကား



**တာချီလိတ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းစံပြကျေးရွာ၌ အကြိမ် (၂၀) မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂ ရက် နံနက်က ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနဲ့အညီ စည်ကားသိုက်မြိုက် ပျော်ရွှင်စွာကျင်းပကြောင်း သိရသည်။

ပွဲတော်သို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာများ၊ လားဟူတိုင်းရင်းသားများ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ရေပူစမ်းကျေးရွာနာယက ဦးယေရှုက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာသည့် ဘိုးဘွားမိဘ၊ ဆရာသမားများနှင့် အကြီးအကဲများအား ရိုသေလေးစားဂါရဝပြုခြင်းနှင့် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်တွင် စင်ကြယ်စေရန် ရိုးရာဓလေ့ဖြစ်သည့် လက်ဆေးခြင်းမင်္ဂလာပြုလုပ်ပေးပြီး လားဟူတိုင်းရင်းသားရိုးရာ မြေဝိုင်းအကနှင့် အိုးစည်ဗုံမောင်း အကများဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်ကို လားဟူတိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုး၍ ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ ရပ်ဝေးရပ်နီးမှ လားဟူတိုင်းရင်းသားများ တွေ့ဆုံချစ်ကြည်ရင်းနှီးမှုရှိစေရန်၊ အခြားတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ရင်းနှီးမှုရရှိစေရန် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ထင်းရှူးပင်များ အဖူးအညွှန့်ဝေဆာထွက်သည့်အချိန်၊ မက်မန်းနှင့် ချယ်ရီပန်းများဖူးပွင့်သည့် အခါသမယ၌ ကျင်းပလေ့ရှိရာ ယင်းနှစ်သစ်ကူးပွဲတော်မှာ လားဟူတိုင်းရင်းသားများ ကျင်းပသည့်ပွဲသဘင်များအနက် အကြီးကျယ်ဆုံး ပွဲတော်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

အထူးကဏ္ဍ [ က ] မှ »»

နတ်ဆရာတစ်ဦးက အရင်ဆုံးပြေးတက်ကာ ဓားလှေကားတိုင်မှာ တပ်ဆင်ထားတဲ့ အလံလေးချောင်းကို အရပ်လေးမျက်နှာသို့ နိုင်ငံသူ နိုင်ငံသားများ ပစ္စည်းဥစ္စာပေါကြွယ်ဝရေး၊ ကျန်းမာရေးကောင်းမွန်စေရေးနှင့် ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးဖြစ်စေရေး ဆုတောင်းပြီး မြေပြင်ကို ပစ်စိုက်ပါတယ်၊ အဲဒီလို ပစ်စိုက်ရာတွင် မြေပြင်ကိုမစိုက်ဘဲ လဲကျခဲ့သည် ရှိသော် အဲဒီအရပ်ဒေသမှာ လိုရာဆုမပြည့်ဝတတ် ဖြစ်တတ်ပါတယ်”ဟု ဆက်လက်ရှင်းလင်းပြောကြားသည်။

လီဆူတိုင်းရင်းသားတို့၏ ရိုးရာဓားတက်ပွဲကျင်းပရာတွင် ဓားတက်ပွဲ မကျင်းပမီ မီးပုံအတွင်း ဖြတ်သန်းနင်းခြေပြီး မီးလောင်ဖုမရှိသူကိုသာ နတ်ဆရာက တက်ခိုင်းပါတယ်၊ မီးလောင်ဖုရှိပြီဆိုရင်တော့ အဲဒီလူဟာ အခိဋ္ဌာန်မအောင်လို့ပါပဲ၊ ရိုးရာဓားတက်ပွဲအစဉ်အလာမှာ လွန်ခဲ့သည့် နှစ် ၁၀၀ ကျော်မှစတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းတွင် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိခဲ့သည်မှာလည်း နှစ် ၁၀၀ ခန့်အထိ ချင်းနင်းဝင်ရောက်လာကာ ယနေ့အထိတိုင် ယုံကြည်မှုအပြည်ဖြင့် ကျင်းပလျက်ရှိပြီး မကြာမီကာလတွင် ပူတာအိုဒေသ၌ ကျင်းပမည့် လီဆူတိုင်းရင်းသားရိုးရာ နှစ် (၆၀)ပြည့် အခမ်းအနားတွင်လည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

ရိုးရာဓားတက်ပွဲ ကျင်းပပြီးစီးသည့်အခါတွင်လည်း ဓားတက်ပွဲကာလအတွင်း ပူဇော်ထားသည့် သံနတ်နှင့် မီးနတ်များကို ဆက်လက်စောင့်ရှောက်ပေးရန် ပူဇော်၍ ဓားစင်ကို ဖြုတ်သိမ်းပြီးမှ မင်္ဂလာယူပွဲအခမ်းအနား ကျင်းပလေ့ရှိသည်။ ဓားတက်ပွဲကို နှစ်စဉ်ကျင်းပခြင်းမပြုလုပ်ရဘဲ သုံးနှစ်လျှင် တစ်ကြိမ်သာပြုလုပ်ရသည့် ရိုးရာပွဲတစ်ခုဖြစ်သည်။ အဆိုပါ ရိုးရာဓားတက်ပွဲကျင်းပခြင်းအားဖြင့် လီဆူတိုင်းရင်းသားအများစုက ဒေသတွင်းနေပြည်သူများ တည်ငြိမ်အေးချမ်းခြင်း၊ ဆန်ရေစပါးပေါများခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း၊ စီးပွားရေးလာဘ်လာဘများ တိုးတက်မြင့်မားခြင်း စသည့် ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ရရှိခံစားစေနိုင်ကြောင်းနှင့် ရိုးရာဓားတက်ပွဲသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအနက် လီဆူတိုင်းရင်းသားလူမျိုးများသာ ကျင်းပခြင်းဖြစ်၍ မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်ပနိုင်ငံသား များကလည်း စိတ်ဝင်စားမှုရှိကာ မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် လီဆူရိုးရာ နှစ်သစ်ကူးပွဲတော်တွင် ထည့်သွင်းကျင်းပသည့် ဓားတက်ပွဲ၌ နိုင်ငံခြားသား ခရီးသွားများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ယခုအခါ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အတွင်း ပူတာအိုမြို့တွင် ကျင်းပမည့် လီဆူရိုးရာ(ခေါ့ရှိ)နှစ်သစ်ကူးပွဲတော်နှင့် ပူတာအိုလီဆူ စာပေနှင့် ယဉ်ကျေးမှု နှစ် (၆၀) ပြည့်ပွဲတော်တွင်လည်း လီဆူတိုင်းရင်းသားရိုးရာ မီးပင်လယ်ကျော်ဖြတ်၍ ဓားတောင်တက်ပွဲအား ထည့်သွင်းကျင်းပသွားမည်ဖြစ်ကာ နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူများအား ဖိတ်ကြားထားပြီး ပြည်ပနိုင်ငံများမှ စိတ်ပါဝင်စားသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များပါ လာရောက်ကြည့်ရှုအားပေးနိုင်ရန် စီစဉ်ထားရှိပြီး နိုင်ငံအတွင်း နေထိုင်သည့် တိုင်းရင်းသားပြည်သူများအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ ဃ ] မှ »»

ဒေသန္တရဗဟုသုတများလည်း ပေးစွမ်းနိုင်သည့် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံဖြစ်သည်။

ကျိုင်းတောင်းရေတံခွန်ဖြစ်ပေါ်လာစေရန် လက်ရှိရေတံခွန်၏အထက်တွင် နမ့်တိန်းချောင်းရှိပြီး နမ့်တိန်းချောင်းမှ စီးဆင်းရာ တောင်ကျရေများဖြင့် ကျိုင်းတောင်းရေတံခွန်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နမ့်တိန်းချောင်းမှ ရေများကို ခေတ်မီနည်းပညာများဖြင့် ရေစစ်ကန်၊ ရေသွယ်မြောင်း၊ ရေလွှဲဆည်၊ သဲနုန်းထုတ်ကန်၊ ရေထိန်းတံခါး၊ ရေပိုက်လိုင်းများဖြင့် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိစေပြီး ၁၈ မဂ္ဂါဝပ် တာဘိုင်စက်သုံးလုံးဖြင့် (၅၄ မဂ္ဂါဝပ်)ကို နှစ်စဉ် ပျမ်းမျှ ၃၇၇ ဒသမ ၆ ကီလိုဝပ်နာရီသန်းပေါင်းအား ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထုတ်လုပ်ပေးလျက်ရှိသည်။

ကျွန်တော်သည် ကျိုင်းတောင်းရေတံခွန်သို့ မကြာခဏရောက်ရှိပါသည်။ သို့သော်လည်း ရေတံခွန်ဖြစ်တည်ရာ အထက်နမ့်တိန်းချောင်းသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိခြင်းမရှိဘဲ ဒီဇင်ဘာ ၃၁ ရက်က လမ်းဦးစီးဌာန၏တာဝန်ဖြင့် မိုင်းပန်-ကျိုင်းတောင်းလမ်းပိုင်းအား မှတ်တမ်းဓာတ်ပုံဗီဒီယိုရိုက်ကူးရန်သွားရောက်စဉ် လမ်းလုပ်ငန်းနှင့် မသက်ဆိုင်သော်လည်း မိုင်းပန်-ကျိုင်းတောင်းလမ်းဖောက်လုပ်နေသည့် SAE တစ်ဦး၏ကျေးဇူးဖြင့် ရေတံခွန်ဖြစ်တည်ရာ အင်မတန်မှသာယာလှပသည့် နမ့်တိန်းချောင်း၏ ရှုခင်းများနှင့် နမ့်တိန်းချောင်းပေါ်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်းများကို ကိုယ်တိုင်မြင်တွေ့ လေ့လာခဲ့ရသည်။ ထိုမှတစ်ဆင့် ဓာတ်အားပေးစက်ရုံအတွင်းသို့လည်းကောင်း၊ ကျိုင်းတောင်းရေတံခွန်ကိုလည်းကောင်း လေ့လာမှတ်သားခဲ့ရသည်။



ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၂၀၀၉ ခုနှစ် မတ် ၂၁ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံဆိုင်ရာ အချက်အလက်များကို တင်ပြရသော် ရေအားအမြင့်သည် ၄၂၇ ပေရှိကြောင်း၊ ရေလွှဲဆည်သည် ကျောက်စီကွန်ကရစ် ရေလွှဲဆည်ဖြစ်ပြီး အလျား ၃၂၈ ပေ၊ ရေယူအဆောက်အအုံသည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အလျား ၁၀၈ ပေ၊ အကျယ်ပေ ၉၀၊ အမြင့် ၂၂ ပေ၊ ရေယူတူးမြောင်းသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၅၈ ပေ၊ အကျယ် ၂၃ ပေ၊ အမြင့် ၁၃ ပေ၊ သဲနုန်းထုတ်ကန်သည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အလျား ၄၂၆ ပေ၊ အကျယ် ၁၁၈ ပေ၊ အမြင့် ၁၆ ပေ၊ ရေသွယ်မြောင်းသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၆၀၆၁ ပေ၊ အကျယ် ၂၃ ပေ၊ အမြင့် ၁၃ ပေ၊ ရေထိန်းကန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၃၇၉ ပေ၊ အကျယ် ၄၆ ပေ၊ အမြင့် ပေ ၂၀ ဖြစ်ပြီး ဖိအားမြင့် သံမဏိပိုက်လိုင်းသည် အချင်း ၁၅ × ၅ ပေ ၊ အလျား ပေ ၂၆၀၀ ရှိကြောင်း သိရသည်။ တာဘိုင်အမျိုးအစားမှာ ဒေါင်လိုက်ဖရန်စစ်တာဘိုင် အမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ၅၄ မဂ္ဂါဝပ် (၃ × ၁၈ မဂ္ဂါဝပ်)တပ်ဆင်ထားပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားမှာ ၃၇၇ ဒသမ ၆ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ကျိုင်းတောင်းရေတံခွန်သို့ အားလပ်ရက်များတွင် လာရောက်လေ့လာ အပန်းဖြေနိုင်ကြပြီး ရေတံခွန်နှင့် အနီးပတ်ဝန်းကျင်ရှိ နှစ်လိုဖွယ်ကောင်းသည့် ရှုခင်းအလှအပများကို ကြည့်ရှုလေ့လာခံစားနိုင်ကြပါကြောင်း ရေးသားလိုက်ရပါသည်။

■■■

အထူးကဏ္ဍ [ ဃ ] မှ »»

အသားငါး အစားနည်း၏။ ဆီလည်း အစားနည်း၏။

ယောက်ျား၊ မိန်းမ၊ ကလေးလူငယ်မရွေး နေရာတိုင်းမှာ ဆေးလိပ်သောက်နေကြသော ယင်းနက်၊ ယင်းကျားတို့အား မြင်ရပေမည်။ လက်ဖက်ရည်ကြမ်းလည်း အလွန်ကြိုက်ကြသည်။ ယင်းနက်နှင့် ယင်းကျားတို့ကား နက်နေသည့် သွားများကိုသာ နှစ်သက်ကြသောကြောင့် ငါးနှစ်သားအရွယ်လောက်ကတည်းက စပြီး ဆက်တိုက် ကွမ်းစားလေ့ရှိသည်။ တောင်ရိုး အမျိုးသားတို့သည်လည်း အသားငါးစားသူနည်းခြင်း၊ အသီးအရွက်၊ ပဲပုပ်၊ ပဲစိမ်းအသုံးများခြင်း၊ ဆေးလိပ်သောက်၊ ကွမ်းစားခြင်းတို့မှာ အခြားညီအစ်ကိုများနှင့် မထူးလှပေ။

အသားထက် ဟင်းသီးဟင်းရွက် ပိုစားလေ့ရှိသော ဓနုတို့သည် ဟင်းခါးဟင်း ကြိုက်ကြသည်။ လဲလွှမ်းဟင်းခါးကား ဓနုတို့၏ နာမည်ကြီး ဟင်းလျာတည်း။ ခေါ်ပုတ်နှင့် ပဲပုပ်တို့ကလည်း သူတို့၏လက်စွဲ ဖြစ်သည်။

ပအိုဝ်းတို့သည် ထမင်းချက်ရာဝယ် ရှမ်းဆန်ကိုသာ သုံးလေ့ရှိ၏။ ရာသီအလိုက်ပေါ်သော သီးနှံများဖြစ်သော မုန်ညင်း၊ ဖရုံစသည့် ဟင်းသီးဟင်းရွက်များကို စားလေ့ရှိသည်။ အာလူးနှင့် ပဲပြုတ်ကြော်တို့ကမူ မပါမဖြစ် အမြဲပါရသည်။ ဆေးလိပ်သောက်သည်။ လက်ဖက်ရည်ကြမ်းခါးခါး တစ်ခွက်ပြီး တစ်ခွက် အဆက်မပြတ်သောက်ကြသော ပအိုဝ်းတို့သည် ကွမ်းကိုစားလည်းစား၊ ငုံလည်း ငုံကြသည်။

စိုက်ပျိုးရေးသာမက မွေးမြူရေးကိုပါ အသက်မွေးဝမ်းကျောင်းအဖြစ် ထားသော ပလောင်တို့ကား တစ်နေ့လျှင် ထမင်း သုံးနပ်၊ လေးနပ်စားလေ့ရှိကြသည်။ အာလူး၊ ပိန်းဥ၊ မျောက်ဥ၊ ပြောင်း၊ ဟင်းသီးဟင်းရွက်တို့ကို ကိုယ်တိုင်စိုက်ကြသည်။ ယင်းနက်၊ ယင်းကျားတို့ကဲ့သို့ပင် ဆီအစားနည်းကြ၏ ပလောင်တို့သည် မွေးမြူရေးကိုပါ လုပ်ကြသောကြောင့် သူတို့ထဲမှာ အချို့ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်မဟုတ်ကြသူများသည် အသားစားလေ့ရှိကြသည်။

ကျွဲ၊ နွား၊ ကြက်စသော စားကောင်များကို ပလောင်တို့ စားကြ၏။ တိယန်တို့၏ အစာကိုကြည့်ပါလျှင် လူမျိုးတစ်မျိုး၏ အလုပ်အကိုင်နှင့် အစားအသောက် ဆက်နွှယ်နေပုံကို တွေ့မြင်ရပေမည်။ တစ်နေ့ ထမင်းသုံးကြိမ်စားခြင်း၊ အဆာခံနိုင်ရန် ကောက်ညှင်းစားခြင်း၊ ဟင်းသီးဟင်းရွက်၊ ပဲပုပ်၊ ဆား၊ ငရုတ်သီးခြောက်၊ ပဲအမျိုးမျိုးတို့ စားခြင်းတို့မှာမူ မထူးခြားလှပါ။ တိယန်တို့သည် စုပေါင်းတောလိုက်ကြ၊ ဝေငှစားကြခြင်းများလည်း ပြုလုပ်တတ်ကြသည်။

ရှမ်းပြည်နယ်တွင် တိယန်တို့သည် အသားအစားဆုံးလူမျိုးဖြစ်သည်။

ရှမ်းပြည်နယ်မှ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် လုပ်ကိုင်နေထိုင်ကြရာမှာလည်းကောင်း၊ စားသောက်ကြရာမှာလည်းကောင်း ဆင်တူကြ၏။ ကိုးကန့်တို့ကား စိုက်ပျိုးကြ၊ မွေးမြူကြ၊ တောလိုက်ကြသည့်အပြင် ရောင်းဝယ်ဖောက်ကားခြင်းလည်း လုပ်ကြသည်။ ယခင်က ဆန်ကိုပင် နေ့တိုင်း မစားနိုင်ကြ၍ ပိန်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ကျွေးဥ စသည်တို့ကို တွဲစားခဲ့ကြရသည်။



**ခေါ်ပုတ်** ဓာတ်ပုံ-အင်တာနက်

ရှမ်းပြည်နယ်တွင် ငါးဖမ်းလုပ်ငန်း အကြီးအကျယ်ဆုံးပြုလုပ်သော အင်းသားတို့ ငါးအမည် မည်မျှစားကြရသနည်း။

ကိုးကန့်တို့က အသားပိုပြီးစုံအောင် စားကြသည်။ အမဲခြောက်၊ ဝက်ပေါင်ခြောက်၊ ကြက်ခြောက်တို့လုပ်ကာ သိုလှောင်ထားပြီး အချိန်မရွေးစားသုံးနိုင်ရန် စီစဉ်ထားကြသည်။

ကိုးကန့်တို့၏ ကော်စီးခေါ် မီးအိုးဟင်းကား အလွန်ကောင်းသော ဟင်းမျိုးတည်း။

ထမင်းစားပွဲမှာတင်ပြီး စားရသည်။ ပူပူနွေးနွေး အရသာရှိရှိဟင်းလျာကို အိုးထဲမှ တိုက်ရိုက်ယူစားကြရသည်။ ကိုးကန့်တို့သည် လက်ဖက်ရည်ကြမ်း သောက်ကြသော်လည်း ကွမ်းမစားကြပေ။

ကော်အမျိုးသားတို့သည်လည်း တစ်နေ့ ထမင်းသုံးကြိမ်စားကြ၏။ မုန့်ပဲသရေစာ စားလေ့မရှိ။ အသားရော၊ ဟင်းသီးဟင်းရွက်ပါ စားကြသည်။ ထမင်းပေါင်း၊ ဟင်းပေါင်း အလွန်ကြိုက်ကြသည်။ ကော်တို့၏ ဟင်းကား ငရုတ်စပ်စပ်၊ ဆားငန်ငန်၊ ကွမ်း၊ ဆေး၊ လက်ဖက် ကြိုက်ကြသည်။ ငှက်ဖျား၊ ဝမ်းနာ၊ မျက်စိနာရောဂါများကုရန် ဘိန်းကို ဆေးဝါးအဖြစ် သုံးတတ်၏။

လားဟူတို့၏ ထမင်းဟင်းကား ရှမ်းတို့နှင့် မကွာလှ။ လားဟူလူကြီးပိုင်းက ဆေးတံရှည်သောက်ကြပြီး လူငယ်တို့ကမူ ဆေးတံတိုလေး တဖွာဖွာ လုပ်နေတတ်သည်ကို တွေ့မြင်ရပေမည်။ လားဟူတို့သည် ပင်ကိုအားဖြင့် ကွမ်းစားလေ့မရှိ။ ကွမ်းစားသော လားဟူကို တွေ့ရပါလျှင် ရှမ်းတို့နှင့်နီးစပ်သော အဆက်အဆံများသောသူဖြစ်ကြောင်းကို အလွယ်တကူ သိနိုင်ပါ၏။

မြောင်ဇီးတို့သည်လည်း အသားငါး၊ ဟင်းရွက် စသည်တို့ကို ကျပန်းစားသောက်ကြသည်။ မြောင်ဇီးအမျိုးသားတို့သည် အရွယ်ရောက်လာပါက ဆေးပေ့ါလိပ် စသောက်ကြသည်။ နောက် အသက်အတန်ငယ်ရလာသောအခါ ဆေးတံပြောင်းသောက်ကြသည်။

ရှမ်းပြည်နယ်ကား လက်ဖက်အကောင်းစား ထွက်ရာအရပ်တည်း။

ထို့ကြောင့်လည်း မှီတင်းနေထိုင်ကြသူတိုင်းလိုလို လက်ဖက်အစိုကို မစားကြသည့်တိုင် လက်ဖက်ရည်ကြမ်းကိုတော့ အထူးနှစ်ခြိုက်စွာ သုံးဆောင်ကြ၏။ ထမင်းစားတိုင်း မပါမဖြစ်သဖြင့် လက်ဖက်ရည်ကြမ်းကို ကမ္ဘောဇဟင်းချိုဟု တင်စားကြသည်။

သွေးချင်းသားချင်းတို့၏အစာကို ရန်ကုန်တက္ကသိုလ်တိုင်းရင်းသားတို့ ဟောပြောကြ၊ သရုပ်ပြကြသည့်အပြင် ချက်ပြုတ်တင်ဆက်ကြသောကြောင့် အများပြည်သူတို့ ကြားဖူးကြပြီ။ စားဖူးကြပြီ။ စိတ်ဝင်စားစရာ၊ ခံတွင်းတွေ့စရာ ကောင်းလှပါဘိ။ သူတို့၏ ကျေးဇူးကား ကြီးမားလှလေစွ။

■■■

# ရှမ်းပြည်နယ်၏ သာယာလှပ ကျိုင်းတောင်းရေတံခွန်


ဓာတ်ပုံ - မိုးလွင်ဦး

■ မိုးလွင်ဦး(လွိုင်လင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့နှင့် ၁၈ မိုင်ခန့်အကွာတွင် ကျိုင်းတောင်းရေတံခွန်တည်ရှိသည်။ ကျိုင်းတောင်းရေတံခွန်သည် နမ့်တိန်းချောင်းမှ စီးဆင်းပြီး တောင်ကျရေတံခွန်တစ်ခုဖြစ်ကာ သာယာလှပလျက်ရှိနေပါသည်။

အဆိုပါ ကျိုင်းတောင်းရေတံခွန်သို့ အနီးအနားရှိ မြို့နယ်များမှ လာရောက်လည်ပတ်သူများဖြင့် စည်ကား၍နေပါသည်။ ကျိုင်းတောင်းရေတံခွန်၏ အလှအပများသည် ခရီးသွားပြည်သူများ၊ လာရောက်လည်ပတ်သူများကို ကျေနပ်လောက်သည့် အလှတရားများဖြင့် ဆွဲဆောင်ထားသည်။ ရေတံခွန်မှ ရေကျသံသည် တက်ကြွရွှင်လန်းစွာ တီးခတ်သည့် ဂီတသံအလား တဝေါဝေါနှင့် အရှိန်ဖြင့် ခုန်ဆင်းလာသည့် အဖြူရောင်ရေလိုင်းများ၊ ချောင်းအတွင်း စီးဆင်းသည့်ရေများနှင့် အရောင်စုံ၊ အလှသွေးစုံသည့် ရောင်စုံလိပ်ပြာလေးများ မြူးထူးစွာ ဟိုမှသည်သို့ လူးလွန့်ပျံသန်းနေကြလေသည်။ ထို့အတူ ရေတံခွန်၏ ရေစီးကြသည့်အရှိန်ကြောင့် နေပူသည့်နေ့များတွင် ရေမှုန်ရေမွှားလေးများကြား ရေတံခွန်အောက်ခြေ၌ ရောင်စုံသက်တံလေးများ ဖြစ်ထွန်းလျက်ရှိနေပေသည်။ ရေတံခွန်အနီး၌ ရှမ်းပြည်နယ်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနေသည့် ရေအားလျှပ်စစ်စက်ရုံတစ်ခုသည်လည်း ထီးထီးမားမားတည်ဆောက်ထားပြီး ရှမ်းပြည်နယ် တစ်ခွင် အမှောင်ခွင်း အလင်းဆောင်ပေးနေပေသည်။ ဓာတ်အားပေးစက်ရုံအတွင်းသို့လည်း မည်သူမဆို ဝင်ရောက်လေ့လာနိုင်ကာ အထူးကဏ္ဍ [ ၈ ] သို့ »»

# ရှမ်းအဖုံဖုံ အစာ အစုံစုံ

■ မောင်အောင်မွန်

ရှမ်းပြည်နယ်ကား ကျယ်ဝန်းလှလေစွ။ နေထိုင်ကြသော တိုင်းရင်းသားများကလည်း စုံလင်လှပါဘိ။ တစ်နေရာနှင့်တစ်နေရာ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုတို့ချင်း မတူကြသဖြင့် သူတို့ နေ့စဉ်စားသောက်ကြသည့် အစာချင်းလည်း မတူကြပေ။

သူတို့၏အစာများကို လေ့လာကြည့်ပါက တိုင်းရင်းသားတို့၏ ပတ်ဝန်းကျင်၊ သူတို့၏ အသက်မွေးဝမ်းကျောင်းပုံ စသည်တို့ကိုပါ တွေ့မြင်ရပေမည်။ သူတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကိုလည်း ထိတွေ့ရပေမည်။

ရှမ်းပြည်နယ်တွင် ရှမ်းများသာမက ဂုံ၊ ယွန်း၊ အင်းသား၊ ယင်းနက်၊ ယင်းကျား၊ တောင်ရိုး၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ တိယန်၊ ကိုးကန့်၊ ကော်၊ လားဟူ၊ မြောင်ဇီး၊ လွယ်လ၊ 'ဝ' စသဖြင့် လူဦးရေ ၅၈ သိန်းကျော် နေထိုင်ကြသည်။

သူတို့၏ နေ့စဉ်အစာများကို လေ့လာကြည့်ပါစို့။

ကျေးရွာများတွင် နေထိုင်ကြသော ရှမ်းတို့သည် တစ်နေ့လျှင် ထမင်းသုံးနပ်စားလေ့ရှိကြသည်။ လယ်တော၊ တောင်ယာ ဆင်းတဲ့အခါ အဆာခံနိုင်ရန် စားသည့်အစာကား ကောက်ညှင်းတည်း။ အောက်ပြည်အောက်ရွာမှ လူအများတို့သည် ငါးပိမပါလျှင်မပြီး မပြည့်စုံသကဲ့သို့ပင် ရှမ်းအမျိုးသားတို့၏ နေ့စဉ်ဟင်းလျာတွင် ပဲပုပ်မပါလျှင် စားမဖြစ်ကြ။ ထို့ကြောင့်လည်း ရှမ်းတို့၏ မည်သည့် အိမ်ကိုကြည့်ကြည့် ပဲပုပ်မပြတ်ရှိသည်ကို မြင်တွေ့ရပေမည်။

မြောက်ပိုင်းတွင် နေထိုင်ကြသော ရှမ်းအမျိုးသားတို့ကမူ မုန့်ညင်းချဉ်ကို အလွန်ကြိုက်ကြသည်။ မုန်ညင်းချဉ်ဆိုသော်လည်း မုန်ညင်းတစ်မည်တည်းမဟုတ်။ မုန်လာ၊ အခြားဟင်းသီးဟင်းရွက်များ၊ ငရုတ်တို့ကို အချဉ်အငန်အစပ်ထည့်ပြီး စိမ်ထားခြင်းဖြစ်သည်။

ရှမ်းတို့၏ သရေစာထဲတွင် ထင်လည်းထင်ရှား၊ လူကြိုက်ရော လူသုံးပါ များလှသည့် အစားအစာတချို့ကား ကောက်ညှင်းငချိပ်ဖြင့် ပြုလုပ်ထားသော ခေါပုပ်ပင်ဖြစ်သည်။

ရှမ်းပြည်နယ်တွင် တိုင်းရင်းသားတိုင်း လက်ဖက်ရည်ကြမ်း သောက်ကြသည်။ ရှမ်းတို့သည် လက်ဖက်ရည်ကြမ်းကို ဆားခတ်ပြီးမှ သောက်လေ့ရှိကြ၏။

ယခုအခါ ရှမ်းတို့၏ ပဲပုပ်၊ ခေါပုပ်၊ မုန်ညင်းချဉ် စသည်တို့ကို ပြည်ထောင်စုတစ်ဝန်းလုံး မစားဖူးသူသာ ရှိချင်ရှိမည်။ မကြားဖူးသူရယ်ဟု မရှိနိုင်။

ရှမ်းတို့၊ မြန်မာတို့နှင့် အစားအစာချင်းတူသော ဂုံအမျိုးသားတို့တွင် မုန့်ပဲသရေစာရယ်ဟု မရှိ။ ဂုံအမျိုးသားတို့၏ ဟင်းလျာအနက် ကျော်ကြားလှသည့် ဟင်းရွက်ဟင်းနှစ်မျိုးရှိ၏။ ကျမ်းလမ်းဟုခေါ်သော ဟင်းရွက်စုံဟင်းကား အသားပြုတ်ရည်နှင့် ပြောင်း စသည့် ဟင်းသီးဟင်းရွက်စုံ၊ မှို၊ ပဲတောင့်၊ ခရမ်းသီး၊ ကင်းပုံရွက်၊ ဘူးသီး၊ ဖရုံသီး၊ ဂေါ်ရခါးရွက်၊ ပင်စိမ်းရွက်တို့ကို ထည့်ရသည်။ ဆီမထည့်ရချေ။ ကျမ်းချေးခေါ် ဟင်းကား ကောက်ညှင်းကို လှော်ထောင်းထည့်၍ ဟင်းရွက်ပြုတ်ရည်နှင့် သောက်ရသည်။

ကွမ်း၊ ဆေး၊ လက်ဖက်ကြိုက်ကြသူများဖြစ်သဖြင့် ဂုံအမျိုးသားများကိုကြည့်ပါက ဆေးတံသောက်နေကြသည်ကို မြင်ရမည်။ လက်ဖက်အစိုစားနေသည်ကို တွေ့ရမည်။

ဆန်ကိုသာမက ကောက်ညှင်းကိုပါ ထမင်းချက်စားလေ့ရှိကြသော ယွန်းအမျိုးသားများသည် ဟင်းသီးဟင်းရွက်ကို အသားနှင့်တွဲကာ ဟင်းလျာပြုလုပ်ချက်ပြုတ်တတ်သည်။ ဆေး၊ လက်ဖက်ကြိုက်ခြင်းကား အတူတူပင်။ သို့သော် ယွန်းတို့သည် ငှက်ပျောဖက်နှင့် ဆေးလိပ်သောက်၏။ လက်ဖက်အချဉ်ကို ပါးစပ်ထဲ ငုံကြသည်။

ယွန်းအမျိုးသားတို့ အလွန်ခံတွင်းတွေ့သော ဟင်းလျာတို့ကား ပဲပုပ်၊ ငရုတ်သီးထောင်းနှင့် ကြိမ်ဖူးဟင်းချိုတို့တည်း။

အင်းသားတို့ကား အင်းလေးကန်ကြီးတစ်ခုလုံးရှိနေသဖြင့် အခြားသော ညီနောင်တိုင်းရင်းသားများထက် ငါးပိုစားကြရသည်။ ငါးများကလည်း အစုံစုံ၊ ချက်ပြုတ်နည်းများကလည်း အဖုံဖုံ၊ ကွမ်းစား၊ ဆေးလိပ်သောက်ကြသည့် နေရာတွင်မူ အတူတူ။ ဆားခတ်သည့် အင်းသားတို့၏ လက်ဖက်ရည်က ပိုပြင်း ပိုခါး၏။

ယင်းနက်နှင့် ယင်းကျားတို့သည်လည်း ထမင်းသုံးနပ်စီ စားကြ၏။ ဟင်းသီးဟင်းရွက်အစားများကြ၏။ မုန်ညင်း၊ မုန်လာ၊ ဂေါ်ဖီပွင့်၊ ဘူး၊ ဖရုံ၊ သခွား၊ ရုံးပတီ၊ ခရမ်းသီး၊ ငရုတ်နှင့် ပဲအမျိုးမျိုးကို အလွန်ကြိုက်ကြသည်။ ထိုအသီးအရွက်များနှင့် ပဲပြုတ် ရောချက်လေ့ရှိသည်။ အထူးကဏ္ဍ [ ၈ ] သို့ »»


ဓာတ်ပုံ - အင်တာနက်

## THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRICITY AND ENERGY
## ELECTRIC POWER GENERATION ENTERPRISE

Date: 6th January,2018

**Invitation to Bid for Rental Power Generation Plant in Myingyan Region (EPGE G-01/2017-2018)**

1. Electric Power Generation Enterprise (EPGE) seeks to invite tender for the purchasing of electricity on Rental basis in Myingyan Region.
2. The concession period for the power plant shall be 5 (five) years from commercial operation date (COD).
3. The Tender Form fees is Myanmar Kyats 300,000(Myanmar Kyats three hundred thousand only) and can be purchased at Procurement Department,Electric Power Generation Enterprise,Building 27,Nay Pyi Taw,the Republic of the Union of Myanmar.
4. The bidders shall send the technical and commercial proposal addressed to
   Tender Evaluation Committee
   Electric Power Generation Enterprise,
   Ministry of Electricity and Energy
   Building 27,Nay Pyi Taw
   The Republic of the Union of Myanmar.
5. The bid submission date is 20th February,2018 at 14:00hr. Myanmar Standard Time.
6. Bidding Proposal must be submitted at the address on time.Any late proposal shall be rejected.
7. The bidders shall make the proposals in accordance with the **Invitation for Bid and Supplemental Request for Proposal (SRFP)**
8. The necessary information of this project tender can be inquired within office hour. Attention to
   Tender Evaluation Committee
   Electric Power Generation Enterprise
   ph-+9598601033, +95678104281, +95968104282
   Fax-95 678104280
   thermalepge@gmail.com

## THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRICITY AND ENERGY
## ELECTRIC POWER GENERATION ENTERPRISE

Date: 6th January,2018

**Invitation to Bid for Rental Power Generation Plant in Kyaukse Region (EPGE G-02/2017-2018)**

1. Electric Power Generation Enterprise (EPGE) seeks to invite tender for the purchasing of electricity on Rental basis in Kyaukse Region.
2. The concession period for the power plant shall be 5 (five) years from commercial operation date (COD).
3. The Tender Form fees is Myanmar Kyats 400,000(Myanmar Kyats four hundred thousand only) and can be purchased at Procurement Department,Electric Power Generation Enterprise,Building 27,Nay Pyi Taw, The Republic of the Union of Myanmar.
4. The bidders shall send the technical and commercial proposal addressed to
   Tender Evaluation Committee
   Electric Power Generation Enterprise,
   Ministry of Electricity and Energy
   Building 27,Nay Pyi Taw
   The Republic of the Union of Myanmar.
5. The bid submission date is 20th February,2018 at 14:00hr.Myanmar Standard Time.
6. Bidding Proposal must be submitted at the address on time.Any late proposal shall be rejected.
7. The bidders shall make the proposals in accordance with the Invitation for Bid and Supplemental Request for Proposal (SRFP)
8. The necessary information of this project tender can be inquired within office hour. Attention to
   Tender Evaluation Committee
   Electric Power Generation Enterprise
   ph-+9598601033+95678104281 +95968104282
   Fax-+95678104280
   thermalepge@gmail.com


ဆောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
09428773300
09428773355

တက်နေဝန်း
09-442076599
09-400448695
09-33100721

နန်းထိုက်အောင်
09 3128 2593
09 3128 2594
09 3128 2595

ရောင်းမည်

"အရှင်ခေမိန္ဒ" ၏
အမျိုးသားရေးတာဝန်
(တတိယအကြိမ်)

ဝန်ထမ်းအမြန် အလိုရှိသည်
ဆက်သွယ်ရန် Ph : 09 777701666, 09 777333359


### မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) အသင်းအဖွဲ့ပိုင် အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စပ်လျဉ်း၍ သတိပေးကြေညာချက်



ဦးအုန်းမောင်(ရန်ကင်း)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၈၁၈)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### "အများသိစေရန်ကြေညာခြင်း"

### ကန်ထရိုက်တာ ဦးဟိန်းကိုသက် (၁၂/ဟပန (နိုင်) ဝ၀၆၇၉၈)နှင့် အများသိစေရန်ကြေညာခြင်း

### ဒေါ်ကြည်ကြည်နွယ် [၆/လလန(နိုင်)၀၀၁၉၄၆]နှင့် အများသိစေရန်

လွှဲအပ်ညွှန်ကြားသူ
ဦးဖေလွင်
[၆/လလန(နိုင်)၀၀၁၉၄၂]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြင့်မြင့်ကြည်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၁၈/၉၄)

